
ဝိုးမိုး စာပေ
ရုံးချုပ်မဟာသမိ
သင်မြတ်နိုး
ပန်းနုရောင် ပါးပြင်လေး
L လင်း

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်စီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွံ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွံ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သင်မြတ်နိုး

ပန်းနရောင်ပါးပြင်လေး

စာမူဆွဲပြုချက်အမှတ်	-	၅၀၁၂၀၁၀၀၉
မျက်နှာဖုံးဆွဲပြုချက်အမှတ်	-	၅၀၁၃၃၉၁၁၀၀၉
အဖုံးဒီဇိုင်း	-	L လင်း
ထုတ်ဝေသူ	-	ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြို့-၀၃၀၅၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	-	ဦးမြင့်သန်း (မြို့-၀၄၉၀၂) စံပယ်အောဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင်	-	ဦးထွန်းဆိုင်
စာအုပ်ချုပ်	-	ကိုသန်းဌေး
ပုံနှိပ်ခြင်း	-	၂၀၀၉ ခုနှစ်၊ နိဝင်ဘာလ။
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၁၅၀ ကျပ်

၈၉၅ . စ၃

သင်မြတ်နိုး

ပန်းနုရောင်ပါးပြင်လေး / သင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၇၆ - စာ ၊ ၁၂ × ၀၈ စင်တီ။

(၁) ပန်းနုရောင်ပါးပြင်လေး

အခန်း (၁)

သူမသည် အေးစက်မာကျောနေသော မျက်ဝန်းတွေနှင့် ခပ်စိမ်းစိမ်းကြည့်နေသည့် မောင့်မျက်စန်းတွေကို အံ့သြတုန်လှုပ်စွာ ငေးမောကြည့်မိနေသည်။ ချစ်သူသက်တမ်း သုံးနှစ်အတွင်း မောင့်ရဲ့ စိမ်းကားအေးစက်တဲ့ မျက်ဝန်းတွေနှင့် ပထမဆုံးအကြိမ် ရင်ဆိုင်နေရခြင်းပင် ဖြစ်၏။ သူမသည်လည်း မောင် ထားရာနေ စေရာသွားခဲ့သော မောင့်ကိုချစ်လွန်းသော မိန်းမတစ်ယောက်သာ ဖြစ်နေခဲ့လေသည်။ မောင့်ရဲ့ စိတ်ဆန္ဒတွေနှင့် ဘယ်တော့မှ မဆန့်ကျင်တတ်ခဲ့။ မောင်သည် သူမ၏အချစ်ဦး၊ သူမအားကိုးရာ၊ သူမ သံယောဇဉ်တွယ်ရာပဲ ဖြစ်ခဲ့၏။

"မြတ်နိုးရာ"

ဘာအပြစ်တွေများ ရှိနေလို့လဲ။ မောင့်ကိုကိုက မြတ်နိုးရာကို သဘောမတူတာတော့ အမှန်ပင်။ ငွေကြေးချမ်းသာပြီး ညီအစ်ကို နှစ်ယောက်ထဲရှိနေသော မောင့်ကိုကိုက မောင့်ကို လူပျိုကြီးပဲ ဖြစ်စေချင်ခဲ့တာပါ။

"ကိုယ့်ဘက်က ဘယ်လိုမှ လွန်ဆန်လို့မရဘူး မြတ်နိုးရာ၊ ကိုကို စိတ်ဆင်းရဲသောကရောက်ရမှာကို ကိုယ် မလုပ်ချင်တော့ဘူး။ ဒါကြောင့် ကိုယ်တို့ လမ်းခွဲကြမှဖြစ်တော့မယ် မြတ်နိုးရာ"

ဟင့်အင်း...မဖြစ်နိုင်ပါဘူး။ မောင့်ကိုကိုက ဘယ်တုန်းကမှ သဘောမတူဘဲ ဆန့်ကျင်နေသည့်ကြားမှ မြတ်နိုးရာကို မောင် ချစ်သူအဖြစ် တွဲကြတာပဲ။ ဒီအကြောင်းပြချက်က မခိုင်လုံပါဘူး မောင်ရယ်။ မြတ်နိုးရာ နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ် တုန်ရီနေလေသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်း လာရော။ အဲဒီလိုမလုပ်ပါနဲ့မောင်၊ မြတ်နိုးရာကို မထားခဲ့ပါနဲ့။ မြတ်နိုးရာရဲ့ဘဝမှာ မောင့်ကိုပဲ အားကိုးမှီတွယ်ရပါနော်။ မြတ်နိုးရာ မျက်ရည်ခံထိုးပေမယ့်လည်း မောင့်မျက်ဝန်းတွေကတော့ အေးစက် စိမ်းကားနေဆဲပင်။ ဆုံးဖြတ်ချက် ခိုင်မာနေပုံရနေသည်။

"ရော့ပါ မြတ်နိုးရာ၊ မင်းအတွက် နှစ်နာကြေးအဖြစ်"

"မောင်"

"ကိုယ် မင်းကို ပြောစရာရှိနေတယ်"

"မောင်"

မောင့်ရဲ့အသုံးအနှုန်းတွေ ပြောင်းလဲသွားတာကို မြတ်နိုးရ သတိထားမိရလေသည်။ မောင်ဘာတွေ ဖြစ်သွားရတာလဲဟင် မောင်ဆိုတဲ့ အသုံးအနှုန်းကနေ ဘာဖြစ်လို့များ ကိုယ်လို့ ပြောင်းလ သွားရတာလဲ။ မြတ်နိုးရာ စိတ်ပူလိုက်တာက မောင့်မျက်ဝန်းတွေ စိမ်းနေဆဲပင်။ မြတ်နိုးရာတို့ ချစ်သူဖြစ်ကနေ ပြတ်စဲလမ်းခွဲကြဖို့ လွဲပြီး တခြားစကားတွေ မဖြစ်နိုင်တော့ပေ။ မြတ်နိုးရာ ရင်ထ တဒိန်းဒိန်း လှုပ်ခတ်တုန်ရီနေခဲ့ရသည်။

"ကိုယ်တို့ လမ်းခွဲကြရအောင် မြတ်နိုးရာ"

"ဟင်"

"ကိုယ့်ကိုကိုက မင်းနဲ့သဘောမတူဘူးဆိုတာ အစောကြ ထဲက မြတ်နိုးရာကို ပြောထားပြီးသားပဲလေ"

မောင့်မျက်နှာပြင်ကို အံ့သြတုန်လှုပ်စွာ ကြည့်မိနေသည် မောင့်မျက်ဝန်းတွေက စိမ်းနေ၏။ အေးစက်နေသည်။ မော ဘာဖြစ်လို့များ ပြောင်းလဲသွားရတာလဲဟင်။ မြတ်နိုးရာ

"မောင်"

"ယူပါ၊ ကိုယ်နဲ့ချစ်သူသက်တမ်းမှာလည်း ကိုယ်က မင်းကို လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့တာပဲ၊ မင်းကို တိုက်ခန်း ဝယ်ပေးခဲ့တယ်၊ မင်းညီမကိုလည်း ကိုယ့်အထောက်အပံ့နဲ့ မင်း ပညာဆင်နိုင်ခဲ့တာပဲ"

မောင်က မြတ်နိုးရာအပေါ် ကောင်းခဲ့တာတွေ ပြောပြနေသည်။ မောင်ပြောပြတာတွေကလည်း အမှန်တွေပင် ဖြစ်နေခဲ့သည်။ မောင်နဲ့ ချစ်သူသက်တမ်းတစ်လျှောက်လုံး မြတ်နိုးရာတို့ မိသားစုအပေါ် မောင်ကောင်းခဲ့တာပဲ။

"ကိုယ်တောင်းပန်ပါတယ် မြတ်နိုးရာ၊ ဒီငွေကို မင်း လက်ခံလိုက်ပါ၊ မင်းအတွက် အရင်းအနှီးရတာပေါ့၊ ကိုယ် စိတ်မကောင်းပါဘူး မြတ်နိုးရာ၊ မင်းကို တကယ်ပဲချစ်ခဲ့တာပါ၊ အခု ကိုယ်တို့ ရေစက်ကုန်သွားပြီပဲလို့ မှတ်ထားလိုက်ပါတော့"

မြတ်နိုးရာ ယဲ့ယဲ့ကလေးသာ ရှိနေတော့သော ခန္ဓာကိုယ်လေးကို အနိုင်နိုင် ထိန်းမတ်ကာ မောင့်ကို လက်ခံသဘောတူကြောင်း ခေါင်းညိတ်၍ ပြလိုက်မိသည်။ မောင့်ဆန္ဒတွေအတိုင်းပဲ ဖြစ်ပါစေတော့လေ။ မောင်ပေးသော ငွေတွေကိုတော့ မောင့်ထံ

ပြန်၍ပေးအပ်လိုက်လေသည်။

"ငွေကတော့ မြတ်နိုးရာအတွက် မလိုအပ်ပါဘူးမောင်ရယ်၊ ငွေတွေတော့ ပြန်ယူပါနော်၊ မြတ်နိုးရာတို့မိသားစု ဒီလောက်အထိ အခက်အခဲ မရှိနိုင်တော့ပါဘူးလေ"

"မြတ်နိုးရာ"

"မောင့်အထောက်အပံ့တွေ မြတ်နိုးရာတို့ မိသားစု အများကြီး ရယူခဲ့ပါပြီလေ၊ မြတ်နိုးရာ ကျေနပ်ပါတယ်မောင်၊ အရာအားလုံး မောင့်ဆန္ဒတွေအတိုင်းပဲ လုပ်ဆောင်ပါ၊ မြတ်နိုးရာ ကျေနပ်ပါတယ်လေ"

အရာအားလုံး မောင့်ဆန္ဒတွေအတိုင်းပဲ ဖြစ်ခဲ့တာပဲမဟုတ်လား။ မြတ်နိုးရာက မောင်ထားရာနေ စေရာသွားခဲ့တာပဲလေ။ မောင်မျော်မယ်၊ မောင်ကျေနပ်မယ်ဆိုရင် မြတ်နိုးရာလည်း ပျော်ရွှင်ကျေနပ်နေမှာပဲ မောင်။ မြတ်နိုးရာကို မောင်က ထောက်ပံ့ငွေ အတင်းအကြပ်ပေးပေမယ့် မြတ်နိုးရာကလည်း လက်မခံဘဲ ပြန်ပေးခဲ့တော့သည်။ နောက်ဆုံးတော့ မောင်က နှုတ်ဆက်ပြီး ထွက်ခွာသွားတော့၏။ ရက်စက်စိမ်းကားစွာဖြင့် မြတ်နိုးရာကိုထားခဲ့သော မောင်သည် ကိုကိုကြောင့်တော့ မဖြစ်နိုင်ဘူးဟု ထင်မှတ်မိ

မောင့်အပေါ် နင်ဘယ်တော့ အမြင်မကြည်လင်ဘူး၊ မမအပေါ်ဆော့ မောင် လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့တာပါပဲဟယ်''

''အဲဒါဆိုရင်လည်း မမ ဘာဖြစ်လို့ ငိုနေရတာလဲ၊ ဘာဖြစ်လို့ ခံစားနေရတာလဲ၊ ရာဖြစ်စေချင်တာက မမကို လက်ထပ်ယူဖို့ပဲ၊ ရာတို့အတွက် အထောက်အပံ့က အရေးမကြီးပါဘူးလေ''

နှစ်သက်ရာက ဆယ်တန်းအောင်သည်နှင့် ဘဲယ်သူ့ အထောက်အပံ့မှ လက်မခံတော့ဘဲ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ပြီး သူမကျောင်းစရိတ်ကို ရှာခဲ့၏။ မေမေ ဆုံးသွားပြီးထဲက နှစ်သက်ရာ ဘဝကို ထူထောင်နိုင်ဖို့ ရိုးသားစွာ ကြိုးစားတည်ဆောက်ခဲ့လေသည်။

မမကို ရာ တစ်ခုခုဖြစ်သွားမှာ အရမ်းပဲ စိုးရိမ်ခဲ့မိ၏။ မမကိုလည်း ရာ အလုံးစုံ အားကိုးမနေချင်ပါဘူး။

''မမကို ဘယ်သူက တခမ်းတနား လက်ထပ်မှာလဲလို့၊ ဟို ကိုသင့်မြတ်သူအစ်ကိုက အရမ်းမာနကြီးတာတဲ့၊ ညီကိုလည်း အရမ်းချစ်တာတဲ့''

''မောင်က အဲဒီလိုမိန်းမကို ကျောရအောင် ကြံတတ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူး ရာ၊ မမနို သိပါတယ်၊ မောင့်ကို

နေလေသည်။ အဖြစ်နိုင်ဆုံးက မြတ်နိုးရာထက် သာလွန်သော မိန်းကလေးတစ်ယောက်နှင့် မောင် တွေ့ဆုံနေခဲ့တာလည်း ဖြစ်နိုင်နေ၏။ မောင် ပျောက်ကွယ်သွားတော့မှ မြတ်နိုးရာကိုယ်လေး ကြမ်းပြင်ပေါ် ခွေယိုင်ကျသွားပြီး ကြေကွဲစွာဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေမိလေသည်။ ရာ့အသံကြောင့် နိုနိုအတွေးတွေ လွင့်မျောက်သွားရသည်။

''မမ''

''ဟင်...နှစ်သက်ရာ''

''မမကို ရာ ပြောသားပဲလေ၊ ကိုသင့်မြတ်သူက အပျော်ကြံနေတာပါလို့''

''ရာ''

''မမ''

''နင်ပညာသင်နိုင်တာ၊ တို့မိသားစု အိမ်နဲ့ တိုက်ခန်းနဲ့ နေနိုင်ခဲ့တာ မောင့်အထောက်အပံ့တွေကြောင့်ပဲလေ''

''မမ ဘယ်အခြေအနေ ရောက်သွားရပြီလဲ၊ ရာတို့က ရော''

''နင်ကျေးဇူးမကန်းပါနဲ့ ရာရယ်၊ နင့်ကြောင့် ခက်တယ်

ညီမလေးကို မြတ်နိုးရာ အထိတ်တလန့်နဲ့ အော်ဟစ်ပစ်လိုက်လေသည်။ နှစ်သက်ရာက မာနကြီးသူ၊ ငွေကြေးမပြည့်စုံပေမယ့် ဘယ်သူ့ကိုမှ အောက်ကျမခံချင်ပေ။ အခုနောက်ပိုင်း နိုနို အကူအညီအထောင်အပုံတွေပင် မယူတော့။ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ပြီး စရိတ်ရာကာ ကျောင်းတက်လေသည်။ နိုနိုကလည်း မောင့်ဆီက ငွေကြေးတွေ တစ်ပြားတစ်ချပ် တောင်းယူခြင်း မရှိခဲ့ပေမယ့် မောင်က အဲဒီလိုပဲ အဆင့်အတန်းရှိတဲ့ မိန်းကလေးဖြစ်အောင် နိုနိုကို ထောက်ပံ့ခဲ့၏။ တိုက်ခန်းဝယ်ပေးခဲ့သည်။ နိုနို ငြင်းဆန်၍မရခဲ့။ မောင် ဘာအခွင့်အရေးမှ မယူဘဲဘူးဆိုပြီး ဇွတ်အတင်းပေးခဲ့တာတွေပါပဲ။

"မောင့်ကိုကိုက နို့ကို အထင်သေးနေတယ်၊ ကိုကိုက ဝုဏ်ဒြပ်တွေကို မက်မောတယ်၊ ကြီးကျယ်ခမ်းနားစွာ နေထိုင်တတ်ပြီး ကိန်းခမ်းကြီးတယ်၊ ဒါကြောင့် နိုနိုက ကိုယ်ပိုင်တိုက်ခန်းနဲ့ နေနိုင်တာလေးလောက်တော့ ဖြစ်စေချင်တာပါ"

မောင်ဝယ်ပေးတာမသိ။ မြတ်နိုးရာတို့ မိသားစုက တိုက်ခန်းနဲ့နေနိုင်ပြီး မဆင်းရဲကြောင်း မောင်က ပြသခဲ့လေသည်။ အမေနဲ့ညီမလေး နှစ်သက်ရာတို့က လိုက်မနေခဲ့ကြ။ မြတ်နိုးရာ

ယုံတယ်၊ ရာ စဉ်းစားကြည့်စမ်း၊ သူနဲ့မမ ချစ်သူသက်တမ်းမှာ မောင် ဘာအခွင့်အရေးမှ မယူခဲ့ဘူး၊ မမဘဝကိုလည်း မဖျက်ဆီးခဲ့ဘူး"

"ဒါဆို ဘာဖြစ်လို့ မမကို လက်မထပ်နိုင်ဘူးလို့ ပြောခဲ့ရတာလဲ"

"မောင့်မှာ အခက်အခဲတစ်ခုခု ရှိလို့ပါ၊ မောင့်ကိုကို ကြောင့်ပဲ ဖြစ်မယ်ထင်ဟယ် ရာရယ်"

"သူညီကို ကြီးကျယ်ခမ်းနားပြီး ဝုဏ်ဒြပ်တွေနဲ့ ကြီးမြင့်ခန့်ညားနေတာပဲ မြင်ချင်တာတဲ့"

"ရာ"

"ရာသူငယ်ချင်း အစ်ကိုနဲ့ အဲဒီလူကြီးနဲ့က သူငယ်ချင်းတွေလေ၊ မမနိုကို အဆက်အသွယ်ဖြတ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေတာတဲ့"

"တော်တော့ ရာ"

"မမကို ဘာပြောလဲသိလား၊ ပတ်ဝန်းကျင်မှာ သူပြောနေတာက ပိုင်းလုံးမလေးတဲ့"

"ရာ"

အတင်းတောင်းတောင်းပန်ပန်ခေါ်မှ လိုက်နေကြသည်။ မောင်က မြတ်နိုးရအလေါ် ချစ်သူအဆင့်ထက်မပို့ခဲ့။ တန်ဖိုးထားသည်။ ကူညီထောက်ပံ့ခဲ့၏။ မောင့်ကိုကို မြတ်နိုးရာတို့ အမှန်တကယ် ချမ်းသာတာမဟုတ်ဘဲ မောင့်အထောက်အပံ့ကို ယူနေတာလို့ သိသွားပုံရလေသည်။ မောင်က ကိုကို သဘောမတူလို့ဆိုပြီး အဆက်ဖြတ်သွားခဲ့၏။ ပြီးတော့ မောင့်မျက်နှစ်စိမ်းစိမ်းတွေက တမင်ဖန်တီးယူပြီး မြတ်နိုးရာကို ရက်စက်စိမ်းကားသယောင် ပြနေတာဟု ထင်မိနေရသည်။ မြတ်နိုးရာကတော့ မောင့်ဘက်ကပဲ တွေးပေးနေမိ၏။ မောင်က အထင်ကြီးလေးစားစရာကောင်းပြီး ခန့်ညားတဲ့သူပါ။

"မမ"

"ဟင်"

"ဘာမှအားငယ်မနေပါနဲ့၊ မမကို ရာ ကျွေးမယ်၊ မပူနဲ့၊ ကိုသင့်မြတ်သူကိုလည်း မေ့ပစ်လိုက်တော့၊ ပြီးဆုံးသွားပြီပဲ၊ သူလည်း သူအစ်ကိုပေးစားတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ချင် လက်ထပ်ရမှာလေ"

နှစ်သက်ရာ ပြောပြီး ထွက်သွားလေသည်။ မြတ်နိုးရာလည်း မောင့်ဘဝ အေးချမ်းပြီး ပျော်ရွှင်သာယာစေဖို့ပဲ လိုလားပါ

ာယ်လေ။ မောင် အဆင်ပြေပါစေ။ မြတ်နိုးရာ ဘာမှမနှောင့်ယှက်ခဲ့ပဲ ဆုံးဖြတ်ထားမိလေသည်။

◆ ◆ ◆

အခန်း (၂)

"ညီ"

"ကိုကို"

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် မင်းခံစားနေတာလား၊ တကယ်တော့ ဒီကောင်မလေးက ရုပ်ကလေးဗန်းပြပြီး မင်းဆီက စည်းစိမ်ဥစ္စာတွေ ရယူနေတာပဲ"

"အဲဒီလိုမဟုတ်ပါဘူး ကိုကိုရာ၊ ညီက ပေးတာပါ၊ ကိုကိုအထင်ကြီးအောင် ဖန်တီးခဲ့တာ၊ မြတ်နိုးရာက ငြင်းတယ်၊ အခု ညီက အရင်းအနှီးငွေကြေးတွေ ပေးနေတာတောင် လက်မှမခံတာပဲ"

သင့်မြတ်သူကတော့ ချစ်သူမြတ်နိုးရာကို ချစ်ခင်နှစ်သက်

သူ လုံးဝမလုပ်လိုပေ။ မြတ်နိုးရာကို ပိုင်းလုံးမဟု စွပ်စွဲနေတော့သည်။ ကိုကိုက အစောကြီးကတည်းက သူ သဘောမတူနိုင်သော မိန်းကလေး၊ အဆင့်အတန်းတွေကို ပြောထားပြီးသားပါ။ မြတ်နိုးရာကို သူက ချစ်မိခဲ့သည်။ ကိုကို အထင်ကြီးအောင် သူက လုပ်ပေးခဲ့၏။ တိုက်ခန်းတွေ ဝယ်ပေးခဲ့သည်။ မြတ်နိုးရာ တောင်းဆိုတာ မဟုတ်ခဲ့။ ကိုကိုက ရှင်းပြတော့လည်း လက်မခံပေ။

"ညီကို ကြီးကျယ်ခမ်းနားပြီး ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံတဲ့ ဘဝတစ်ခုကိုပဲ ပိုင်ဆိုင်စေ မယ်၊ ကိုယ့်ဘဝကိုယ် နှိမ့်ချမပစ်ချင်စမ်းပါနဲ့ညီရာ၊ မင်းအတွက် ကိုကို မိန်းကလေးတစ်ယောက် ဆွေးငမ်းတယ်၊ ကိုကိုက ဘဲဥရဲ့အဖေဆိုလည်းဟုတ်တယ်၊ ငယ်စဉ်လေးထဲက ကိုကိုပဲ ထိန်းကျောင်းစောင့်နှောက်လာရတာကွ၊ ကိုကိုကတော့ ကိန်းခန်းကြီးတယ်"

သင့်မြတ်သူကတော့ ချစ်ရသော မြတ်နိုးရာကို သူဘက်ခွဲရက်စက်စိမ်းကားသယောင် ရက်စက်ပြခဲ့ရလေသည်။ ကိုကို့ကြောင့် လေလားစရာ ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ မဖြစ်စေလို၍ မြတ်နိုးရာ နောက်ကြည်းမုန်းတီးသွားစေရန် ပြုမူခဲ့သည်။ ချစ်သူကလည်း သူထားရာနေ စေရာသွားခဲ့သူပါ။ လုံးဝ ဖြူစင်သည်။

နေဆဲပင်။ တန်ဖိုးလည်း ထားမိသည်။ သူ့ဆီက ဘာတွေကြေးမုံမြူဆွယ်ဖြားယောင်း မယူခဲ့ပေ။ သူကပဲ ဇွတ်အတင်း ပေးခဲ့တာပါပဲ။ အခု ကိုကိုက သိသွားပြီး အတင်းအကြပ် အဆက်အသွယ် ဖြတ်ခိုင်းခဲ့၏။ ခြိမ်းခြောက် အကြပ်ကိုင်ခဲ့သည်။

"မင်း ဒီကောင်မလေးကို မဖြတ်ရင် ကိုကို့အပေါ်မဆိုနဲ့နော် သင့်မြတ်၊ ကိုကို ကားကို သစ်ပင်ကြီးကြီးနဲ့ ဝင်တောင့်ပစ်လိုက်မယ်၊ ကိုကို မလုပ်ဘူးမထင်ခဲ့နော်၊ အဆင့်မရှိတဲ့ ကောင်မလေးတစ်ယောက်နဲ့ မင်းဘဝကို နှိမ့်နိမ့်ကျကျ တည်ဆောက်မှာကို ကိုကို လုံးဝမလိုလားဘူး"

"မြတ်နိုးရာက ရိုးသားကြူးစင်ပါတယ်ကိုကို၊ ညီကသာကိုကို အထင်မသေးအောင် ပေးကမ်းထောက်ပံ့ပေးတာပါ"

"မင်း ဘာပဲပြောပြော လက်မခံဘူးညီ၊ မင်း ဒီကောင်မလေးကို ဖြတ်ရမယ်၊ သူ့ကိုပေးထားတဲ့ ပစ္စည်းတွေအပြင် မင်းအရင်းအနှီး ထပ်ပေးလိုက်၊ ဒါပဲ၊ မင်းဆက်ပြီး ပတ်သက်ဆက်ဆံနေမယ်ဆိုရင် နောက်ဆက်တွဲပြဿနာတွေက ကျော်မကောင်းကြားမကောင်းဖြစ်လာမှာနော်"

ကိုကို စိတ်မချမ်းမသာ ဖြစ်စေရမယ့် အလုပ်တွေကို

"ညီ"

"ကိုကို"

"ညီ နိုင်ငံခြားကိုသွားလည်၊ အဲဒီမှာ ကိုကို့မိတ်ဆွေတွေ ရှိတယ်၊ စင်ဒီဆိုတဲ့ ကောင်မလေးကို မြင်သွားရင် အရမ်းခိုက်သွားမှာကွ"

"တော်ပါဗြို့ ကိုကို၊ ညီ အေးအေးဆေးဆေးပဲ နေချင်လို့ပါဗျာ"

"ဘယ်လိုနည်းနဲ့မှ မင်း မြတ်နိုးရာနဲ့ မပတ်သက်ရဘူး မင်းပျော်သလိုနေ၊ မင်း ဒီလိုအဆင့်က မိန်းကလေးကိုများကွာ"

"တော်ပါတော့ ကိုကိုရာ"

ညီ ထွက်သွားလေသည်။ ချစ်မြတ်သူကတော့ ကိန်းခန့်ကြီး။ တော်ရုံမိန်းကလေးကို အထင်မကြီးပါဘူး။ ညီ့ချစ်သူ မြတ်နိုးရာကတော့ ချောမောလွန်းသော မိန်းကလေးတဲ့။ ဒါကြောင့် ညီ ပစ်ကျနေတာပဲဖြစ်သည်။ ကြည့်စမ်း တိုက်ခန်းတွေဘာတွေ ညီဝယ်ပေးတာတဲ့။ မိသားစုတစ်ခုလုံးကို ထောက်ပံ့ထားတာတဲ့။ သူ လက်မခံနိုင်ပါဘူး။ ညီနဲ့ တန်းတူတဲ့အဆင့် တူချင်တူ၊ မတူရင် ညီ့ထက်သာစေရမယ်။ ဆင်းဆင်းရဲရဲ ကောင်မလေးတစ်ယောက်

လက်မထပ်စေရဘူး။ သူ တားဆီးရမှာပဲ။

"ဒေါ်ညွှန့်"

"ရှင်"

"မြတ်နိုးရာနဲ့ ပတ်သက်တဲ့ သတင်းတွေ ထပ်ပြီး ခံစမ်းပေးပါ၊ ညီနဲ့ လုံးဝမပတ်သက်စေပါနဲ့၊ မတန်မရာ ညီ့ကိုမှ လာမှန်းနဲ့တယ်"

မြတ်နိုးရာက ဒေါ်ညွှန့်တို့ရပ်ကွက်ကတဲ့။ ဘယ်လောက် ခင်နာဖို့ကောင်းနေလဲ။ သူ စိတ်ကူးထဲပင်မထည့်နိုင်။ ညီ့လိုကောင်က မြတ်နိုးရာလို ကောင်မလေးမျိုးကိုမှ သွားချစ်ရလား။ ညီက အရမ်းကို ထောက်ပံ့ပေးကမ်းနေတာပဲ။

"ဒီအဆင့်မျိုးက ညီ့ကို ဘယ်အလွတ်ပေးတော့မလဲ၊ ကိုက်ခန်းနဲ့၊ ရွှေအပြည့် ငွေအပြည့်နဲ့၊ အခု ညီက ဖြတ်လိုက်ပြီလို့ ပြောပေမယ့် ကျူပ်မယုံဘူး၊ ဒီကောင် စွဲလမ်းနေသေးပုံပဲ"

"ဟုတ်ကဲ့ပါ ကိုကိုရယ်၊ ဒေါ်ညွှန့် စောင့်ကြည့်ထားပေးပါ့မယ်၊ ဒေါ်ညွှန့်လည်း သင်း ပိုင်းလုံးလုပ်တာ မခံနိုင်လို့ ကိုကို့ကို အသိပေးလိုက်တာပါ"

ညီနှင့် မြတ်နိုးရာအကြောင်း ဒေါ်ညွှန့်ပြောပြလို့ ချစ်မြတ်

အသိုင်းအဝိုင်းကြားထဲမှာ ဘယ်လောက်များ အရှက်ရမလဲ။ ချစ်မြတ်သူ လုံးဝလက်မခံနိုင်ဘူး။ သူက အစားအသောက်၊ အနေအထိုင်ကအစ အကောင်းဆုံးတွေ၊ အသန့်ရှင်းဆုံးတွေ၊ တန်ဖိုးကြီးမားတာတွေပဲ သုံးသည်။ အမြဲတမ်း ကိန်းခန်းကြွားကြီး နေထိုင်ခဲ့တဲ့ အသိုင်းအဝိုင်းထဲကို ဒလိုကောင်မလေးမျိုး အပို့မခံနိုင်ပေ။ ချစ်မြတ်သူ မျက်ခြေမပြတ် စောင့်ကြည့်နေရလေသည်။

သင့်မြတ်သူကတော့ ချစ်သူကို စွန့်လွှတ်လိုက်ရ၍ ရင်ထဲမှာ နာကျင်ကြေကွဲနေရသည်။ မြတ်နိုးရာကို ချက်ကြမ်းကနေပါ၏။ ဂိုကို မတရားတာပဲ။ ဂုဏ်ဒြပ်တွေကို မက်မောကွန်းတွဲကိုကို့ကို သူ စိတ်ပျက်မိနေလေသည်။

"မောင့်အထောက်အပံ့တွေကို မြတ်နိုးရာကို သေးစုအတွက် အများကြီး ရယူခဲ့ပြီးပြီပဲ၊ မြတ်နိုးရာ ကျေနပ်ပါတယ်မောင်၊ အရာအားလုံး မောင့်ဆန္ဒပေါ်အတိုင်းပဲ ဖြစ်ပါစေလေ"

မြတ်နိုးရာရဲ့ အေးချမ်းကြည်သာတဲ့ အဖြေလေးကို သူကြားယောင်လာမိလေသည်။ သင့်မြတ်သူနဲ့ နှလုံးသားချင်းတွဲအက်မတတ် နာကျင်ခံစားနေရမလေသည်။

"မြတ်နိုးရာ မောင် အရမ်းသတိရနေတယ်၊ တကယ်

သူသိလိုက်ရခြင်း ဖြစ်လေသည်။ ဒေါ်ညွှန့်က ညီနှင့်မြတ်နိုးရာကို တွဲပြီးတော့လိုက်ငဲ့ စုံစမ်းရင်း သိလိုက်တာပါ။ ချစ်မြတ်သူ လက်မခံနိုင်ပါဘူး။ သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ မျိုးဆက်သွေးက ဝုဏ်ဒြပ်တွေနဲ့ ကြည့်စုံကြီးကျယ် တင့်တယ်နေစေရမယ်။

"ကဲ့... ဒေါ်ညွှန့်အတွက် ငိုက်ဆံ၊ သတင်းတော့ ထပ်ပေးနိုင်ရင် ထပ်ပေးမယ်"

"ကျေးဇူးပါပဲတယ် ကိုကိုရယ်၊ ဒေါ်ညွှန့်က ကိုကိုရော ညီညီရော ပေးကျွေးထားတဲ့ ကျေးဇူးတွေကြောင့်ပါ၊ ဒေါ်ညွှန့်တောင် ဒီလိုမိန်းကလေးမျိုးနဲ့ ညီညီကို သဘောမတူနိုင်ပါဘူး"

"ကျွင် ဒေါ်ညွှန့်ကို ယုံတယ်၊ ကောင်မလေး ရှေ့ဆုံးလာရင် ကျွပ် တစ်ခွန်းနှုန်းနဲ့ တားဆီးဖယ်ရှားပစ်ရမှာပဲ"

ချစ်မြတ်သူ ဒေါသတွေ ပေါက်ကွဲချင်နေလေသည်။ မင်္ကန်မရာ လာမှန်းတဲ့ ကောင်မလေးကိုတော့ ကောင်းကောင်းပညာပေးရမယ်။ သူတို့ကြေ ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝကြသူတွေ။ စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်နေကြသည်။ ညီကိုယ်တိုင် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးပဲ။ လက်ထပ်မယ့်မိန်းမက သာမန်ရုပ်ကွက်ထဲက ကောင်မလေးတစ်ယောက်။

ချောမောလှပပြီး နူးညံ့တဲ့မိန်းမ၊ မောင်နဲ့ ပခုံးချင်းမယှဉ်မယ့်မိန်းမ ကိုပဲ လက်ထပ်ချင်တယ်။ အဲဒါ မြတ်နိုးရာပဲလေ။ သင့်မြတ်သူ စိတ်တွေကို ထိန်းချုပ်ထား၍ မရတော့။ သူ အရမ်းမူးနေပြီ။ ချစ်သူမြတ်နိုးရာကို တွေ့မြင်ချင်လာရလေသည်။ စိတ်တွေပေါက်ကွဲစွာ သူအပြင်ထွက်လာခဲ့မိ၏။ ချစ်သူအခန်းရှေ့ရောက်တော့ ချစ်သူ မြတ်နိုးရာက အံ့သြစွာ ကြည့်နေလေသည်။

"မြတ်နိုးရာ"

"ဟင်...မောင် ကျွန်မ တောင်းပန်ပါတယ်နော်၊ မောင်ပြန်ပါ၊ မောင့်အစ်ကို စိတ်သောက ရောက်ရမှာကို မောင်မလိုလားဘူး မဟုတ်လား၊ မြတ်နိုးရာ အားလုံးအဆင်ပြေပါတယ်"

မြတ်နိုးရာ တားဆီးတောင်းပန်နေသည့်ကြားမှ သူ နှာအောင်းပင် အခန်းထဲအထိ တိုးဝင်လာခဲ့၏။ ပြူးကျယ်ဝိုင်းစက်တဲ့ မျက်ဝန်းလေးတွေနှင့် သူ့ကိုကြည့်နေသည်။

"နိုး"

"မောင်"

"မောင်က လူစိမ်းကားကြီးလား၊ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့တာလား"

တော့ မောင့်ကို မုန်းသွားစေချင်လို့ မြတ်နိုးရာအပေါ် ရက်စက်ခဲ့မိတာပါ"

အပြစ်မဲ့နေသော ချစ်သူမြတ်နိုးရာကို သူ တမ်းတနေမိလေသည်။ မြတ်နိုးရာအပေါ် သူ စိမ်းစိမ်းကားကား ဆက်ဆံခဲ့ရတာ ဘယ်လောက်အထိ နာကျင်ကြေကွဲနေခဲ့ရလဲ။ မင်းဘက်က မောင့်ကို အပြဲတမ်း ခွင့်လွှတ်နေခဲ့တာပဲ။ မောင်ရက်စက်လည်း မြတ်နိုးရာက မောင့်ကို မုန်းတီးမှာမဟုတ်ပါဘူး။ သူ ကိုကိုကျေနပ်အောင် လုပ်ဆောင်ပေးလိုက်တာပါ။ မြတ်နိုးရာကို သူပေးထားတဲ့ ပစ္စည်းတွေ ကိုကို ရယူဖို့ ကြိုးစားမှာစိုး၍ မြတ်နိုးရာအား စိမ်းကား ရက်စက်သယောင် လုပ်ပြမိတာပါ။

"မောင်ချစ်တဲ့ မြတ်နိုးရာရယ်၊ မောင် အရမ်းခံစားနေရပြီကွာ၊ မင်းကိုတွေ့ချင်တယ်၊ မောင်ဘယ်လိုလုပ်ရမလဲ"

သူ အရက်တွေပဲ သောက်နေမိလေသည်။ နှိုင်းခြားလည်း မသွားချင်ဘူး။ မြတ်နိုးရာနဲ့ ဝေးကွာတဲ့နေရာကို မောင် ဘယ်လို လုပ်ပြီး သွားရမလဲ။ မင်းကလွဲပြီး ဘယ်မိန်းမကိုမှ မောင် လက်မထပ်ဘူး။ မင်းက အရမ်းပဲ နူးညံ့သိမ်မွေ့ပြီး ချစ်စရာကောင်းပါတယ်ကွာ။ မောင့်မှာ ငွေကြေးစည်းစိမ်ဥစ္စာတွေ ရှိနေပြီပဲ။ မင်းလို

ဒုတိယနိုး (၃)

မောင် အရမ်းမူးပြီး အိပ်ပျော်နေလေသည်။ မြတ်နိုးရာ ဘယ်လိုလုပ်ရမှန်းမသိတော့။ ညီမလေး နှစ်သက်ရာ ပြန်လာလျှင် မောင့်ကို အတင်းနှိုးပြီး အိမ်ပြန်ခိုင်းမှာသေချာ၏။ မောင်က အရမ်းပဲ မူးနေတော့ ကားမောင်းပြီး အိမ်မပြန်နေချင်ပေ။ ညီမလေး နှစ်သက်ရာလည်း ပြန်ရောက်လာတော့မည်ဖြစ်သည်။

"မောင်"

"မောင်"

လုံးဝမလှုပ်တော့။ လူမှန်းမသိအောင်ဘဲ သောက်လာရလားမောင်ရယ်။ မြတ်နိုးရာကို မောင် ချစ်နေတုန်းပဲမဟုတ်လား။ မြတ်နိုးရာ ရင်ကွဲသေပါတော့မယ်။ မောင့်အတွက် စိတ်ပူပြီး

"မောင် အရမ်းမူးနေပြီပဲ၊ မောင်ပဲ လမ်းခွဲဖို့ ပြောခဲ့ပြီး၊ ပြီပဲလေ"

မောင်ရောက်လာ၍ မြတ်နိုးရာ ပျော်ရွှင်ကြည်နူးမိသွား ပေမယ့် မောင် အရက်တွေ အများကြီးသောက်လာ၍ ပြဿနာတွေ ကြီးမားနေပြီဆိုတာ မြတ်နိုးရာ သိလိုက်သည်။ မောင့်ကို လက်ခံလို့မဖြစ်ပေ။ မောင်းထုတ်ဖို့ကလည်း မြတ်နိုးရာ မရက်စက်နိုင်။ မောင်က အသိမဲ့စွာ ဆက်တီပေါ် လဲကျသွားလေသည်။

◆ ◆ ◆

မြတ်နိုးရာ မောင့်ကို မနိုင့်တနိုင်တွဲမကာ သူမအိပ်ခန်းထဲ ထည့်ထားလိုက်လေသည်။

"အင်း"

"မောင် မောင်"

"မြတ်နိုးရာလား"

"ဟုတ်တယ်လေ၊ မောင် ထတော့လေ၊ အမူးပြေအောင် မြတ်နိုးရာ ပြုစုပေးမယ်နော်"

"ချစ်တယ်၊ မောင် မြတ်နိုးရာကိုချစ်တယ်၊ ကိုကို့ကြောင့်ပါ၊ မြတ်နိုးရာအပေါ် ကိုကိုက ရက်ရက်စက်စက် လက်တုံ့ပြန်မှာစိုးရိမ်လို့ပါ"

"မောင်"

"အင်း"

မောင်က မျက်လုံးတွေဖွင့်မလာဘဲ မြတ်နိုးရာကိုယ်လုံးလေးကို အမှတ်မထင် ခွဲယူပွေ့ဖက်ထားလေသည်။

"မောင်"

"ချစ်တယ်၊ မြတ်နိုးရာကို ချစ်တယ်"

"မောင် မလုပ်ပါနဲ့မောင်ရယ်၊ ဒုက္ခပါပဲ"

မောင်သည် သူမကိုယ်လုံးလေးအား မလွတ်တမ်း ပွေ့ဖက်ထားတော့သည်။ လက်တွေက သန်မာစွာ ရစ်ပတ်ထား၍ မြတ်နိုးရာ ဘယ်လိုမှ ဖယ်ရှားပစ်လို့မရခဲ့။ မဖြစ်နိုင်ပါဘူး မောင်ရယ်။ မောင့်ကိုကို စိတ်သောကရောက်အောင် မောင် မလုပ်လိုဘူးမဟုတ်လားဟင်။

"မြတ်နိုးရာ မောင် ချစ်တယ်၊ မင်းကို မခွဲနိုင်လို့ပါ၊ မောင် သေရတော့မယ်၊ မောင့်နှလုံးသားတွေ ကွဲအက်ကြေမွနေပြီကွာ"

မောင် သူမကိုနမ်းသည်။ ချစ်သူဘဝတွင် မောင်သည် မြတ်နိုးရာထံမှ ဘယ်လိုအခွင့်အရေးမှ မတောင်းဆိုဘဲ စောင့်ထိန်းနေခဲ့တဲ့ ယောကျ်ားတစ်ယောက်ပါ။ မောင့်အနမ်းတွေကို မြတ်နိုးရာ ရှောင်ဖယ်ဖို့ကြိုးစားရင်း မောင့်ကို အသိတွေဝင်လာအောင် နှိုးမနမိလေသည်။

"မြတ်နိုးရာ မောင်ချစ်တယ်၊ မောင်မြတ်နိုးရတဲ့ မြတ်နိုးရာပါ"

"မောင်"

"မောင်"

"သတိထားပါဦး၊ သက်ရပါတော့မောင်ရယ်၊ မြန်မြန်လေး အမူးပြေပါတော့"

မြတ်နိုးရာ ရုန်းဖယ်ငြင်းဆန်ရင်း မောင် အသံအမြန်ပြန်ဝင် ပါစေဟုပဲ ဆုတောင်းနေရလေသည်။ နှစ်သက်ရာ ပြန်လာတော့ မယ်။ မောင့်ကို ပြန်ခိုင်းမှပဲ။ မောင် မူးနေတဲ့အချိန်မှ ကားမောင်း ပြီးပြန်သွားမှာ မြတ်နိုးရာ စိတ်ပူမိလှ၏။ သို့ကြောင့်ပင် မြတ်နိုးရာ အိပ်ခန်းထဲမှာပဲ မောင့်ကို ဂွက်ထားဖို့ ဆုံးဖြတ်ထားမိလေသည်။

"မောင်"

"အင်း"

"မောင်"

မောင့်လက်တွေ မပြေလျော့သွားပြီ။ အိပ်မောကျသွားတော့ သည်။ မြတ်နိုးရာ မောင့်ကို ငေးမောကြည့်နေမိ၏။ မောင်ရယ် မြတ်နိုးရာကို လိုလေးသေးမရှိ ပေးကမ်းထောက်ပံ့ခဲ့ပေမယ့် မြတ်နိုး ရာဆီက ဘယ်လိုအခွင့်အရေးမှမယူခဲ့။ မြတ်နိုးရာကို မောင် ဖြူစင်စွာပဲ ကူညီချင်တယ်။ မောင့်အချစ်တွေ ဖြူစင်ကြောင်းပြချင် တယ်။

"တိ တိ"

"ဟင်"

မြတ်နိုးရာ ထိတ်ထိတ်ပျာပျာနှင့် အခန်းထဲမှ ထွက်လာခဲ့ သည်။ နှစ်သက်ရာ ရောက်လာပြီပဲ။ တံခါးဖွင့်ပေးတော့ နှစ်သက် ရာ ဝင်လာ၏။ မြတ်နိုးရာ ဟန်ဆောင်နိုင်စွမ်းမရှိအောင်ပင် တုန်ရီ နေသည်။

"မမ"

"ဟင်"

"ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

နှစ်သက်ရာက သူမလက်ကိုဆုပ်ကိုင်ပြီး မေးနေလေ သည်။

"မမ လက်တွေအေးစက်နေပါလား၊ ဘာဖြစ်လို့လဲဟင်၊ နှစ်သက်ရာ မရှိတုန်း မမကြိတ်ပြီး ငိုထားတယ်မဟုတ်လား"

"ဟို အင်း"

"ခက်တယ် မမရာ၊ သူတို့အသိုင်းအဝိုင်းတွေက ဒီလို အချိုးပဲချိုးကြမှပဲလေ၊ ဒီတိုက်ခန်းကိုတောင် ပြန်ပေးမလို့ ရာ ငွေစု နေတယ်၊ အိမ်ငှားနိုင်ပြီဆိုရင် ဒီမှာမနေတော့ဘူး"

"ညီမလေး နောက်ကျလိုက်တာကွယ်"

"အလုပ်တွေများနေလို့ပါ မမရယ်၊ ဒီမှာ မမအတွက် စားစရာတွေဝယ်လာတယ်၊ အတူတူစားကြမယ်နော်၊ မမလည်း မစားရသေးဘူးမဟုတ်လား"

"စားပြီးပြီ"

"ဟင်"

"စောစောကပဲ မမစားလိုက်တာပါ"

"ဟုတ်ရဲ့လား မမရာ၊ မမ ဒီလိုသာ ခံစားနေရရင် ရောဂါပေဒနာတွေ ဖြစ်လာလိမ့်မယ်နော်"

မမမြတ်နိုးရာကို သူမ သနားမိလေသည်။ မိသားစုအပေါ် သံယောဇဉ်ကြီးမားသူပါ။ မမ ကြိတ်ပြီး ကြေကွဲဝမ်းနည်းမှုတွေ ခံစားနေရမှာပါ။

"မမ တကယ်ပဲ စားခဲ့ပြီးပါပြီ ရာရယ်၊ ညီမလေး စားတာပဲ မမ ထိုင်ကြည့်ပေးနေမယ်လေ"

"ရပါပြီ၊ မမအိပ်တော့လေ၊ ဒီနေ့ ညီမလေး နောက်ကျတာပဲ၊ မမ အိပ်တော့နော်"

"အေး အေး ညီမလေးကို ဘာလုပ်ပေးရဦးမလဲ၊ ပြောလေ မမ အားလုံးလုပ်ပေးမယ်"

"မရှိတော့ပါဘူး၊ မမ အနားယူတော့၊ ထမင်းရောတကယ်ပဲ စားတယ်နော် မမ"

"အင်း"

"မမ ဘယ်လောက်ခံစားနေရမလဲဆိုတာ ရာ သိပါတယ်၊ အားလုံးကို မေ့ပစ်နိုင်အောင် ကြိုးစားပါနော်၊ မကြာခင် ဒီအခန်းကနေ ရာတို့ ပြောင်းကြမယ်၊ ရာ အိမ်ခန်းငှားနိုင်တော့မှာပါ"

"မမကို စိတ်ချပါ ရာရယ်၊ မောင်က မမကို ချစ်လျက်နဲ့ အစ်ကိုကြောင့် ခွဲသွားရတာပါ"

"အဲဒါ ကိုသင့်မြတ်သူ ယောကျ်ားမဟုတ်ပဲလေ၊ တာဝန်ယူရဲရမှာပေါ့၊ ဘာဆိုင်လဲ"

"ရာရယ်၊ မောင့်မှာ မလွန်ဆန်နိုင်တဲ့ အကြောင်းတွေရှိနေတာ မမသိပါတယ်၊ မောင် မမကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ မမ အသိဆုံးပါပဲ"

"တော်ပြီ"

ရာနွှတ်ခမ်းလေးက တွန့်မဲ့သွားပြီး ရေခိုးဖြိုပြင်ဆင်နေစဉ် မြတ်နိုးရာက သံပရာသီးလေးတစ်လုံးကိုကိုင်ပြီး အပြင်ထွက်ဖို့ ပြင်လိုက်သည်။

"မမ"

"ဟင်"

"ဒီသံပရာသီးက ဘာလုပ်ဖို့လဲ၊ သံပရာရည် သောက်မယ်ဆိုရင်လည်းပြောရော့ပေါ့၊ ရာ ဖျော်ပြီးပို့ပေးမယ်လေ"

"မမ သံပရာရည် မသောက်ပါဘူး ရာ၊ ခေါင်းနည်းနည်းမူးနေလို့ ရှူမလို့ပါ"

"ဟင် မမ နေမကောင်းဘူးလား ဆေးခန်းသွားမလား"

"ရပါတယ် ရာရယ်၊ နည်းနည်းပါ၊ မမ အိပ်တော့မယ် နော်၊ မမကို ဘာမှမပူနဲ့ ရာ၊ နည်းနည်းပါးပါးပါကွယ်"

မြတ်နိုးရာ ထွက်လာခဲ့လေသည်။ အခန်းထဲရောက်မှ လော့ဒ်ချလိုက်ပြီး မောင့်အနားတိုးကပ်လာမိ၏။ မောင်က အိပ်မောကျနေဆဲပင်။ မူးလျှင် နားထဲ သံပရာရည် ညှစ်ထည့်ရသည်ဟု မြတ်နိုးရာကြားဖူးနေသည်။ ထို့ကြောင့်ပင် သံပရာသီး ယူဆောင်လာခြင်းဖြစ်၏။ မောင် ဒီလောက်အထိ အရက်သောက်တာ မတွေ့ဘူးပေ။ တည်ကြည်ခန့်ညားပြီး ယောကျ်ားပီသသူပဲ။ မြတ်နိုးရာ ကိုလည်း တန်ဖိုးထားသည်။

"မောင်"

"မောင်ရယ်"

မောင်က မနိုးပေ။ မြတ်နိုးရာ သံပရာသီးကိုခွဲစိတ်ပြီး နားထဲထည့်ဖို့လည်း တွန့်ဆုတ်နေရသည်။ ဖြစ်ပါ့မလား။ မောင် တစ်စုံတစ်ခု အန္တရာယ်ဖြစ်သွားမှာလည်း မြတ်နိုးရာ အလွန်အမင်း စိုးရိမ်နေမိ၏။ ဖေဖေ အရက်တွေ အလွန်အကျွံသောက်လာပြီး အမူးလွန်နေရင် မေမေထည့်တာတွေ့ဖူးသည်။ မထူးတော့။ မြတ်နိုးရာ အရဲစွန့်ပြီး မောင့်နားထဲ သံပရာရည် ညှစ်ထည့်ပေးမိသည်။

"မမ"

"ဟင်"

အပြင်မှ နှစ်သက်ရာအသံကြောင့် မြတ်နိုးရာ အထိတ်တလန့်နှင့် မောင့်အနားက ခွာလိုက်မိလေသည်။

"မမ"

"ရာ မမ အိပ်တော့မယ်၊ မနက်ကျမှတွေ့မယ်နော်၊ မမ ဘာမှမဖြစ်ပါဘူး"

"မမအသံကြီးက တစ်မျိုးကြီးပဲ၊ အရမ်းနေမကောင်းဖြစ်နေရင်လည်း မှိတ်ကြိတ်မခံစားနဲ့နော်"

"အင်းပါ"

ရာ ထွက်သွားတော့မှ မြတ်နိုးရာ အသက်ကို ရဲရဲရှူရဲတော့သည်။ မောင့်အနားမှာ ငုတ်တုတ်ထိုင်နေမိ၏။ မောင်က အိပ်နေဆဲပင်။ မြတ်နိုးရာ ဘယ်လိုလုပ်ရမလဲ။ မောင့်ကိုကို သိသွားရင်လည်း ပြဿနာတက်နိုင်သည်။ မြတ်နိုးရာ ဘယ်လိုလုပ်ရမလဲ။ မောင်ရယ် စွန့်လွှတ်လိုက်ပါတော့။ မြတ်နိုးရာကလည်း မောင့်ဘဝ နိမ့်ကျသွားမှာကို မလိုလားပါဘူး။ မြတ်နိုးရာက မောင့်အနားမှ ငုတ်တုတ်ထိုင်နေမိသည်။ ညဥ့်နက်တော့ မောင်နိုးလာ၏။ မြတ်နိုးရာကိုတွေ့တော့ မောင် အထိတ်တလန့်နှင့် ထထိုင်လိုက်သည်။

"ဒို့"

"မောင်"

"မောင် ဒီကိုရောက်လာတာလား၊ နို့နဲ့"

"မောင် အရမ်းမူးပြီး အိပ်နေလို့ နိုက အခန်းထဲခေါ်ထားတာပါ၊ ရာ သိသွားမှာလည်း စိုးလို့လေ"

"မောင် မောင် နို့ကို"

"ဟင့်အင်း ကျွန်မနဲ့ မောင် ဘာတစ်ခုမှ မငြိစွန်းပါဘူး မောင် အမှုးပြေပြီလား"

"အင်း"

"ထပါ မောင်၊ ပြန်ပါတော့၊ ရာ သိသွားရင်လည်း ခေကောင်းပါဘူး၊ မောင်ပြန်ပါ"

"ဒို့"

"ဟင်"

"မောင် နို့ကို ဘယ်လိုမှမခွဲနိုင်တော့ဘူး၊ မောင်တို့လက်ထပ်ကြရအောင်ကွာ၊ မောင်နဲ့နို့ နိုင်ငံခြားကိုထွက်သွားကြမယ်"

"မဖြစ်နိုင်ပါဘူး မောင်၊ နို့ မလိုက်ဘူး၊ မောင်ပြန်ပါ၊ နို့မှာ ညီမလေးရှိသေးတယ်၊ မောင့်ကိုလည်း နို့ လက်မထပ်တော့ဘူး၊ မောင့်ကိုကို သဘောတူလာတဲ့အထိ စောင့်နိုင်ရင် စောင့်ကြမယ်လေ၊ မစောင့်နိုင်ရင်လည်း မောင် နို့ကို ထားခဲ့ပါတော့"

"ဒို့"

"မောင် ပြန်ပါတော့၊ နှစ်သက်ရာ သိသွားရင် နို့ရှက်တယ်၊ မောင်နဲ့ နို့ ဘာမှမငြိစွန်းကြပါဘူး၊ ယုံပါ"

မြတ်နိုးရာကတော့ မောင့်ကို ပြန်ထွက်သွားဖို့ပဲ တောင်းဆိုနေမိသည်။

◆ ◆ ◆

အခန်း (၄)

ညီ ဘယ်ရောက်သွားပြီလဲ။ ဒေါ်သွက်ကတော့ အရက်တွေ အလွန်အကျွံသောက်ပြီး ထွက်သွားသည်တဲ့။ မြတ်နိုးရာနေတဲ့ အနှီးကို ဒေါ်ညွှက်က ပြောပြ၏။ ချစ်မြတ်သူ ဒေါသတွေ ဆေါက်ကွဲနေရသည်။ ဒီဟာမလေးကို ညီ ဘာဖြစ်လို့ ဒီလောက် အထိ စွဲလမ်းနေရတာလဲ။ မတန်လိုက်တာ။

"တောက် ကျုပ်လိုက်သွားမယ်၊ ဒီကောင့်ကို ရအောင် သွားခေါ်ရမယ်၊ ကျုပ် ဘယ်နည်းနဲ့မှ သဘောမတူဘူး"

"ကောင်းတယ် ကိုကို၊ မြတ်နိုးရာက ညီညို့ကို ဘယ်လောက်အထိ မြူဆွယ်ထားလည်းမှ မသိတာဘဲ"

ချစ်မြတ်သူ ထွက်လာခဲ့လေသည်။ မြတ်နိုးရာနေတဲ့

တိုက်ရဲ့ ရှေ့လမ်းမပေါ်မှာ ညီကားကိုတွေ့ရ၍ ဝိုင်ပြီး ဒေါသတွေ ပေါက်ကွဲသွားရတော့သည်။ အပေါ်ထပ်ကို တက်လာခဲ့၏။ အခန်း ရှေ့မှာ သူရပ်လိုက်သည်။

"ညီ သင့်မြတ်သူ၊ မင်း ဒီမှာရှိတယ်ဆိုတာ ငါသိတယ် နော်၊ တံခါးဖွင့်စမ်း"

အပြင်မှ လူခေါ်ဘဲလ်သံကြောင့် မြတ်နိုးရာ အပြင်ထွက် လာတော့ မောင့်ကိုကို့အသံဖြစ်နေ၍ မြတ်နိုးရာ အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရလေတော့သည်။ မောင့်ကိုကိုလိုက်လာတာပဲ။

"မောင်"

မြတ်နိုးရာ အခန်းထဲဝင်နေ၊ မောင်ရှင်းမယ်၊ နို လုံးဝ ထွက်မလာနဲ့နော်"

"ဖြစ်ပါ့မလား"

"အခန်းထဲမှာနေ၊ လုံးဝ အပြင်ထွက်မလာနဲ့"

သင့်မြတ်သူ တံခါးကို ဖွင့်ပေးလိုက်ပြီး ပြဿနာမရှာဖို့ ကိုကို့အား တောင်းပန်မိလေသည်။

"မင်းကို ဒီအခန်းမှာ ညအိပ်လက်ခံထားတာပေါ့၊ ညီ

ဆာတော့ အကြံပက်စက်တာပဲ"

"ကိုကို သူတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ ညီမူးပြီးလာအိပ် နေတာပါ၊ ညီနဲ့ ဘာမှလဲမငြိစွန်းပါဘူး ကိုကို၊ ပြန်ကြမယ်"

"မမြတ်နိုးရာဆိုတာ ဘယ်မှာလဲ၊ ငါ့ညီကို ဘာဖြစ်လို့ မြူဆွယ်နေရတာလဲ၊ နင်တို့နဲ့တန်လို့လား"

"ကိုကို"

"မြတ်နိုးရာ ဘယ်မှာလဲ"

"သွားမယ်ဗျာ၊ ကိုကို ညီ့ကို သည်းခံနိုင်တဲ့ အတိုင်း အတာအထိပဲလုပ်ပါ ကိုကို"

"ညီ မင်းကို ဒီလိုအဆင့်အတန်းမျိုးနဲ့ ကိုကို လုံးဝ သဘောမတူနိုင်ဘူးနော်၊ ဘယ်မှာလဲ မြတ်နိုးရာ၊ ပြတ်ပြတ်သားသား ပြောရမယ်"

"လာပါ ကိုကိုရာ"

ကိုသင့်မြတ်သူက သူ့အစ်ကိုလက်ကိုဆွဲပြီး ထွက်သွားတာ နှစ်သက်ရာ တွေ့လိုက်ရလေသည်။ အသံတွေကြောင့် သူမ အိပ်ရာ က လန့်နိုးလာကာ ထလာတော့ ကိုသင့်မြတ်သူတို့မရှိတော့ပေ။ အရော ဘာဖြစ်လို့ ဒီလူကို ညအိပ်လက်ခံထားရတာလဲ။ နှစ်သက်

ရာသီသွားရင် အတောင်းပြန်ခိုင်းမှာစိုးလို့ မမ ဝှက်ထားတာပါ''

''အခု မမတို့ လုံးဝမငြိစွန်းဘူးဆိုတာ ရာက ဘယ်လို ယုံရမှာလဲ၊ ဘယ်သူကရော ယုံမှာလဲ၊ ယောကျ်ားတစ်ယောက်နဲ့ အိမ်းမတစ်ယောက် အခန်းထဲမှာ နှစ်ယောက်တည်းရှိနေတာ၊ ပြီးတော့ ချစ်သူတွေ''

''မမ ဘယ်လိုသက်သေပြရမလဲဟင် ရာ၊ သေပြရမလား၊ မမ ဟိုပြတင်းပေါက်ကနေ ခုန်ချပြီး သေပစ်လိုက်ဖို့ပဲ ရှိတော့တယ်''

''မမ''

''ဟုတ်တယ်၊ မမတို့မှာ သက်သေမရှိဘူး၊ ဒါပေမဲ့ ငြိစွန်းခဲ့တာအမှန်ပဲ၊ မမ ကိုယ့်ကိုယ်ကို တန်ဖိုးထားတယ်၊ ဘာင်ကားလွန်ပြီး အိပ်နေတာပါ၊ မောင်ကလည်း ဘယ်တော့မှ မမဘဝကို ဖျက်ဆီးပစ်မယ့် ယောကျ်ားမဟုတ်ပါဘူးရာ၊ ဒါပါပဲ''

မမကို နှစ်သက်ရာ ဖဲ့ပါတယ်။ အမြဲတမ်း ရိုးရိုးစင်းစင်း လေးနေတတ်သူပါ။ ဒီအခန်းကိုလည်း မမဆန္ဒမပါဘဲ ကိုသင့်မြတ်သူက သူ့အစ်ကို အထင်ကြီးစေရန် ဝယ်ပေးတာပါ။

သက်သေမပြပါနဲ့တော့ မမရယ်။ ရာ အချစ်ဆုံး၊

ရာ ဒေါသတွေ ပေါက်ကွဲနေရလေသည်။

''မမ''

''ဟင်''

''ဘာလုပ်နေတာလဲ၊ မမ ပုန်းနေတာလား''

''ရာ မမ တောင်းပန်ပါတယ်၊ မောင့်ကို မမ လက်ခံထားတာမဟုတ်ပါဘူး၊ သူ အရမ်းမူးပြီးလာလို့ မမ စိုးရိမ်ပြီး လက်ခံထားမိတာပါ၊ မမနဲ့သူ ဘာမှမငြိစွန်းကြပါဘူး ရာရယ်''

မမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံပြီး ကြေကွဲနေလေသည်။ နှစ်သက်ရာ ဒေါသထွက်ရသည်။ မမကို ဖဲ့တယ်။ ဘယ်တော့မှ လိမ်ညာပြောဆိုတာမဟုတ်ပေ။

ကိုသင့်မြတ်သူရဲ့အစ်ကို လွန်တာပဲ။ နှစ်သက်ရာတို့ကို နှိမ်လွန်းတယ်။ ကြည့်စမ်း အရက်လာခွဲတာ။ ယောကျ်ားမပီသတဲ့လူပဲ။

''မမ ဘာဖြစ်လို့ မဖြေရှင်းရတာလဲ၊ ရာတို့ ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်မလဲ၊ ယောကျ်ားတစ်ယောက်ကို ညအိပ်လက်ခံတာ အရမ်းသိက္ခာကျတာရော မမစဉ်းစားမိရဲ့လားဟင်''

''မမသိပါတယ် ရာ၊ ဒါပေမဲ့ မောင်က အရမ်းမူးနေလို့

သံယောဇဉ်အကြီးရဆုံး တစ်ဦးတည်းသော အစ်မပါ။ မမကို အပြစ်မတင်ချင်တော့။ ဟိုလူ ဦးချစ်မြတ်သူ ရှင် အရမ်းလွန်နေပြီပဲ။

ရှင့်မှာ ကိုယ်ချင်းစာစိတ်မရှိအောင် အတ္တကြီးမားလွန်းနေတယ်။ ဆင်းရဲတိုင်း ချမ်းသာတဲ့ ယောကျ်ားတွေဆီက အရချူယူကြမယ်လို့ ရှင်ထင်နေရင် လုံးဝ မှားယွင်းသွားမယ်။ ဒီအခန်းကိုလည်း ရှင့်ညီက မမကိုယ်ပိုင်အခန်းနဲ့ နေနိုင်တယ်ထင်အောင် ဝယ်ထားတာပါ။

"မမ"

"ရာ"

"ကိုသင့်မြတ်သူကို လုံးဝမပတ်သက်ပါနဲ့၊ လက်လည်း မခံပါနဲ့၊ ရာ အိမ်ငှားမယ်၊ ဘယ်လိုအိမ်မျိုးမှာပဲ နေရနေရပါ၊ မမ နေနိုင်တယ်မဟုတ်လား"

"အင်း..နေနိုင်ပါတယ် ရာ၊ မမလည်း မောင်နဲ့မပတ်သက်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ ရာ စိစဉ်ပါ၊ မမ လက်ခံပါတယ်ကွယ်"

ညီမလေး နှစ်သက်ရာရဲ့ မျက်ဝန်းတွေထဲ ဒေါသတွေနှင့် မာထန်နေလေသည်။ မြတ်နိုးရာလည်း မောင်နဲ့ဝေးရာကို ထွက်သွား

ချင်ပါပြီ။ မောင့်ကို မြတ်နိုးရာ လုံးဝလက်ထပ်မယူချင်ပါ။ မောင် ဝယ်ပေးထားတဲ့ ပစ္စည်းပြန်အပ်ဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်လေသည်။

"ရာ"

"ဟင်"

"မောင့်အစ်ကိုကိုရော မောင့်ကိုရော ခွင့်လွှတ်လိုက်ပါတယ်၊ မမ တောင်းပန်ပါတယ်၊ မမတို့ သူတို့နဲ့ဝေးရာကို ပြေးကြရအောင်ပါ"

မမ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာလေသည်။ နှစ်သက်ရာ အကြည့်တွေကို လွှဲပစ်လိုက်မိ၏။ မကြည့်ရက်တော့။ မမ အထောက်အပံ့နှင့် ရာ ပညာသင်ရသည်။ မေမေ ဆေးကုသရ၏။ နှစ်သက်ရာ ကျေးဇူးမတင်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မမနဲ့ နှစ်သက်ရာတို့ကို အရှက်သိက္ခာမဲ့အောင် နှိမ်ချပြောဆိုနေတာတော့ နှစ်သက်ရာ လုံးဝ သည်းမခံနိုင်ပေ။ လွန်တယ်။ မုန်းလိုက်တာ။ ကိုချစ်မြတ်သူကို နှစ်သက်ရာ ပထမဆုံးအကြိမ် တွေ့ဆုံမိခြင်းပင်။ လူကတော့ ရုပ်ရည်ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ပေမယ့် ဒီလောက်အထိ အတ္တကြီး

ပြီး ကိုယ်ချင်းစာနာစိတ် ကင်းမဲ့လွန်းနေတာ အမြင်ကတ်နေမိသည်။

"ရာ"

"ဟင်...မမ"

"ရာ ဘယ်သွားမလို့လဲ"

"ကိစ္စရှိလို့ပါ"

"မမ ကတိပေးပါတယ်နော်၊ မောင်နဲ့ လုံးဝမပတ်သက်တော့ပါဘူး၊ ရာ မမုန်းနေပါနဲ့တော့"

"ရာ သွားတော့မယ်"

မမ သူမအခန်းထဲအထိ လိုက်လာပြီး တောင်းပန်နေလေသည်။ ရာကတော့ ဒီလူကြီးကို လုံးဝခွင့်မလွှတ်နိုင်ပါဘူး။ မုန်းလိုက်တာ။ ရှင့်မှာ ကိုယ်ချင်းစာတရားရှိအောင်တော့ လုပ်ပစ်ချင်စာယ်။

"မမ အနားယူနေပါ၊ ရာပဲ အားလုံးစီစဉ်မယ်၊ မမ အိမ်ထဲကအိမ်ပြင် မထွက်ပါနဲ့၊ ဒီတစ်ခါတော့ ရာ လုံးဝခွင့်မလွှတ်နိုင်တော့ဘူး"

မမကိုထားခဲ့ပြီး ရာ ထွက်လာခဲ့သည်။ ရာ့စိတ်တွေ ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေရသည်။ ရှက်လိုက်တာ။ မမလို အဆင့်အတန်းနိမ့်တဲ့ မိန်းမနဲ့ မတန်ဘူးတဲ့။ ရှင်ကရော

ဘယ်လိုမိန်းမမျိုးကို ယူမှာလဲ။ သူမ သတင်းကြားရသမျှ ကိုချစ်မြတ်သူက ကိန်းခန်းကြီးလွန်းတဲ့ ယောကျ်ားတစ်ယောက်တဲ့။ နှစ်သက်ရာ မကျေမနပ်နှင့် ဒေါသတွေ ပေါက်ကွဲနေရလေတော့သည်။

◆ ◆ ◆

အခန်း (၅)

"ကိုကို"

"မင်းဘာမှမပြောနဲ့တော့ ညီ၊ မင်းတို့နှစ်ယောက် မငြိစွန်းပါဘူးလို့ ပြောနေတာ ကိုကို လက်မခံနိုင်ဘူး၊ မင်းကို ညအိပ်လက်ခံထားတာကိုက မရိုးသားတာပဲ"

"ကိုကို ညီ့ကိုမယုံရင်နေပါ မြတ်နိုးရာမှာ ဘာအပြစ်မှရှိပါဘူးဆိုတာကိုတော့ ယုံပါ၊ ညီ့ဆီက ဘာအခွင့်အရေးမှတောင်းဆိုခဲ့တာ အမှန်ပါပဲ၊ မြတ်နိုးရာနဲ့ ကိုကို ထပ်မတွေ့ပါနဲ့တော့ ညီ မပတ်သက်တော့ပါဘူး၊ ကတိပေးပါတယ်"

အပြစ်မဲ့သော မြတ်နိုးရာကို ကိုကို အမုန်းမပွားစေချင်ပေ။ ဒဿနာ ထပ်မရှာလိုတော့။ သူ့ကိုရယူဖို့ မြတ်နိုးရာ ဘယ်တော့မှ

မကြိုးစားခဲ့ပါဘူး။ မြတ်နိုးရာ ထပ်ပြီး ထိခိုက်နစ်နာရမှာ သင့်ကြော
သူ မလိုလားပါ။ တိုက်ခန်းတွေ ငွေတွေက သူ အတင်းအကြ
ပေးခဲ့တာပါပဲ။

"ညီ နိုင်ငံခြားကိုသွားမယ်၊ မြတ်နိုးရာနဲ့ အဆက်အသွယ်
မလုပ်ဘူးဆိုရင် ကိုကို ကျေနပ်ပါ"

"ညီ"

"ပြောပါ ကိုကို"

"မင်းဟာမလေးကို ယူထားတာတွေအားလုံး ပေးထား
ပြီပဲ၊ ဘာဖြစ်လို့ လောဘတက်နေရတာလဲ၊ ညီ သင်းတို့မရိုးသ
ဘူးနော်၊ ယောကျ်ားတစ်ယောက်ကို ညအိပ်လက်ခံထားတယ်ဆိုတ
တော်တော်အရှက်သိက္ခာမဲ့တာပဲကွ"

"တော်ပါတော့ဗျာ"

ကိုကို့ကို ဘယ်လိုမှ ရှင်းပြလို့မရတော့ဘူးဆိုတာ သင့်ကြော
သိလိုက်သည်။ အတော်လေး စိတ်ပျက်နေမိ၏။ ကိုကို
မြတ်နိုးရာအား သွားရောက်အရှက်ခွဲမှာစိုး၍ သင့်မြတ် နောက်ဆု
ပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"မောင်နဲ့ကျွန်မ ဘာမှမငြိစွန်းပါဘူး၊ မောင် စိတ်လုံ

ပြန်ပါ၊ ညကမူးနေတော့ ကားမောင်းပြန်ရင် အန္တရာယ်ဖြစ်မှာစိုးလို့
ထားတာပါ၊ ညီမလေးတောင် မသိပါဘူး"

သူ့ကို ရိုးသားဖြူစင်စွာ ပြောခဲ့တဲ့ မြတ်နိုးရာစကားတွေ
ကို သူပြန်၍ ကြားယောင်လာရသည်။ ချစ်ဘယ် မြတ်နိုးရာ။
မောင် ဘယ်လိုမှ မေ့ပစ်လို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုကိုက
မြတ်နိုးရာဆီက တိုက်ခန်းကို ပြန်ယူလိုက်မှာ မောင်စိုးရိမ်တယ်။
မင်းညီမလေး နှစ်သက်ရာက ရှိသေးတယ်မဟုတ်လား။ ကိုကို့
ကြောင့် အရှက်တကွဲ မဖြစ်စေချင်လို့ပါ။ မောင် မြတ်နိုးရာကို
စွန့်လွှတ်ရတော့မယ်။ မောင် ရက်စက်ပြရတော့မယ်။ ကိုကိုက
ကိုယ့်မိဘပါပဲ။ ကိုကိုက အတ္တကြီးတယ်။ မာန်မာနကြီးတယ်။
ကိန်းခန်းကြီးပေမယ့်လည်း ကိုယ့်အတွက်ပါ။ ညီကို အဆင့်အတန်း
နိမ့်ကျမှာ၊ ဂုဏ်ငယ်မှာ၊ လူတောထဲ မဝင်ဆန့်မှာ ကိုကို အကြောက်
ဆုံးပဲ။

"ညီ"

"ဟင်"

"မင်း စင်ဒီနဲ့ပတ်တွေ့ရမယ်"

"ဗျာ"

"စင်ဒီက အင်္ဂလန်မှာ ပညာသင်နေတာ၊ မိဘတွေက လည်း အရမ်းချမ်းသာပြီး ဂုဏ်ဒြပ်တွေ မြင့်မားတယ်၊ အောင်သွယ်ကတစ်ဆင့် ကိုကိုတွေ့ထားတာ၊ ညီ လက်ထပ်ရမယ်"

"ကိုကို"

"ပြော"

"စင်ဒီ့ကို လက်ထပ်လိုက်ပါလား ကိုကို"

"ဘာကွ"

"ဒီလောက်ပြည့်စုံနေတဲ့ မိန်းကလေးပဲဟာ"

"တော်ကွမ်း ညီ၊ ကိုကိုက အိမ်ထောင်မပြုတော့ဘူး လူပျိုကြီးပဲ လုပ်မှာကွ၊ ကိုကို ဘယ်မိန်းမကိုမှ အထင်မကြီးဘူး ကိုကို လက်ထပ်မယ်ဆိုရင်တောင် ကိုကို့နောက် မို့အောင်လိုက်မယ့် မိန်းမ ရှာတွေ့နိုင်မှာမဟုတ်ဘူးကွ"

ချစ်မြတ်သူက မိန်းမတွေကို အထင်မကြီးဘူး။ ချစ်ဖို့ခက်တာ ဝေလာဝေးပဲ။ အောင်သွယ်တွေကတစ်ဆင့် အကောင်းဆုံးမိန်းမတွေ၊ ပညာအတတ်ဆုံးမိန်းမတွေ၊ အချမ်းသာဆုံးမိန်းမတွေနဲ့ စပ်ကြေပေမယ့် သူ့စိတ်တိုင်းကျမိန်းမကို မတွေ့ခဲ့။ ချစ်မြတ်သူ လူပျိုကြီးပဲ လုပ်မယ်။

"ဘယ်လိုလဲ ညီ၊ ကိုကိုယုံကြည်အောင် ညီနဲ့ စင်ဒီတွေ့ပါ"

"ညီ နိုင်ငံခြားကိုပဲ သွားတော့မယ်၊ ညီ ဘယ်မိန်းမနဲ့မှ မေတ်သက်ချင်ဘူး"

"ညီ"

"ကိုကို"

"စင်ဒီနဲ့ ခဏလေးပဲဖြစ်ဖြစ် တွေ့ပါ၊ ကိုကို ချိန်းထားပြီးပြီကွ၊ မတွေ့လို့မဖြစ်ဘူး"

"လောလောဆယ်တော့ ညီ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားနိုင်မှာမဟုတ်ပါဘူး ကိုကိုရာ"

"မင်းတွေ့ရုံပါပဲ၊ ကိုကို ပြောထားပြီးလို့လေ၊ မင်းကိုကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာလား၊ ညီမင်းကို ကျေးမွေးစောင့်ရှောက်ခဲ့တာ မင်း ကိုကို့ကို စော်ကားဖို့လား၊ ဒီလိုမိန်းကလေးမျိုးနဲ့တော့ ကိုကို လုံးဝသဘောမတူနိုင်ဘူးဟာ၊ မင်းကောင်မလေးကို သွားပြီးတားဆီးရမလား ညီ"

"တော်ပါတော့ ကိုကို၊ မြတ်နိုးရာကိုတော့ လုံးဝဒုက္ခသွားမပေးပါနဲ့၊ ညီ တွေ့မယ်"

ချစ်မြတ်သူ တော့ ဒီလိုမိန်းကလေးမျိုးနဲ့ ညီကို သဘော
မတူနိုင်ပေ။ ပိုင်းလုံးမလေးတွေပဲ။ ကြည့်စမ်း ကိုက်ခန်းတောင်
ဝယ်ခိုင်းထားတာ ခေါ်သွက်ပြောတာကတော့ မြတ်နိုးရာက အရမ်း
ဆင်းရဲတယ်တဲ့။

"စင်ဒီနဲ့မင်း တွဲရုံပါပဲ ညီ၊ ကိုကို အလောတကြီးတော့
မင်းကို လက်မထပ်ခိုင်းပါဘူးကွာ"

သူ စိတ်ပျက်မိလေသည်။ ကိုကိုက အဆင့်အတန်းတွေ၊
ဂုဏ်ဒြပ်တွေကို ပြောနေပေမယ့် သူကတော့ မြတ်နိုးရာလို ရိုးသား
ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ချစ်မြတ်နိုးနေမိလေသည်။
သူနှင့် ပခုံးချင်းယှဉ်ပြိုင်မယ့် မိန်းမတစ်ယောက်ကို သင့်မြတ်သူ
လက်မထပ်လိုပေ။ ကိုကိုက မရ။ စင်ဒီက ဘယ်လိုမိန်းမပဲဖြစ်ပါ
စေ သင့်မြတ်သူ အထင်လည်းမကြီးပေ။ ကိုကို့ဆန္ဒအတိုင်း စင်ဒီနဲ့
တွေ့ဖို့ပဲ ဆုံးဖြတ်ထားမိသည်။ သူ မြတ်နိုးရာကို သွားပြီး အနှောင့်
အယှက်ပေးမှာ အစိုးရိမ်ဆုံးပဲ။ နှစ်သက်ရာက ရှိသေးတယ်။ မိန်းမ
ပျိုလေးတစ်ယောက် အဓိပ္ပာယ်မဲ့စွာ ဂုဏ်သိက္ခာ မမဲ့စေလိုပေ။

"မင်း မြတ်နိုးရာကို စွန့်လွှတ်လိုက်ပါညီ၊ ဒါမှမဟုတ်ရင်
မင်းကောင်မလေးကိုသွားပြီး ပြဿနာရှာမယ်၊ ဒီလိုမိန်းကလေးမျိုး

ကတော့ ကိုကိုတို့မျိုးဆက် မဖြစ်ထွန်းစေချင်ဘူး"

"ကိုကို"

"စင်ဒီနဲ့တွေ့ရမယ်၊ မင်း လက်ခံရမယ်၊ လောလောဆယ်
ဟုတ်ပေမယ့် မင်းတစ်နေ့ လက်ထပ်ရမယ့် မိန်းမပဲ"

ညီ့ကို အတင်းအကြပ်ခေါ်လာခဲ့ပြီး စင်ဒီနဲ့ မိတ်ဆက်ပေး
သည်။

"ဒါက ကိုကိုညီလေးပဲ စင်ဒီ၊ သင့်မြတ်သူတဲ့၊ အောင်မြင်
တဲ့ လုပ်ငန်းရှင်တစ်ယောက်ပဲလေ"

ကိုကိုမိတ်ဆက်ပေးတဲ့ စင်ဒီက ရုပ်ရည်ချောမောပေမယ့်
အမူအကျင့်ဝန်းတွေက တင်းမာနေသယောင်ပင်။ သူမ ဘယ်လောက်
ချမ်းသာကြွယ်ဝပြီး ပညာတတ်ပါစေ သူ့နှလုံးသားထဲမှာတော့
ကြမ်းတမ်းဖြူစင်တဲ့ မြတ်နိုးရာလောက် နှစ်သက်စရာ မကောင်းဘူးဟု
ထင်မိနေလေသည်။

"ကိုကိုပြောလို့ ကိုညီ့အကြောင်း တို့ သိနေပါပြီ၊ ဒါပေမဲ့
စင်ဒီက ရုပ်ရည်ခန့်ညားချောမောမှုထက် လူတစ်ယောက်ရဲ့ ပညာနဲ့
အမူအစဉ်တွေကိုပဲ အမှတ်ပေးမှာနော်၊ အပွန်း ကိုညီက စင်ဒီထက်
သာပြီးမသာသေးဘူးထင်တယ်"

သူ ဒေါသတကြီးနှင့် စင်ဒီကို ကြည့်မိလေသည်။ မြတ်နိုးရာကို ထိလို့ကတော့ လုံးဝလက်မခံဘူး။ သူ ဆတ်ခနဲ ထလိုက်တော့ ကိုကိုက ဆွဲထား၏။ စင်ဒီ့ကိုလည်း တောင်းပန်နေသည်။

"စင်ဒီ ကိုကိုတောင်းပန်ပါတယ်ကွာ၊ ညီက မဟုတ်မခံလေ၊ ဟိုကောင်မလေးက မြူဆွယ်ဖြားယောင်းထားတာ အောင်မြင်နေလို့ပါ"

"ကိုကိုညီမှာ ဘာမှအထင်ကြီးစရာ မရှိဘူး၊ အိမ်ရောက်ရင်တော့ မာမီ့ကို စင်ဒီပြောပြရမယ်၊ စင်ဒီ့ကို အထက်စီးကနေ ဆက်ဆံလို့ကတော့ လုံးဝလက်မခံဘူးနော်"

စင်ဒီဆိုတဲ့မိန်းမကို သူ ပစ်ပစ်နှစ်နှစ် ပြောပစ်လိုက်ချင်ပေမယ့် ကိုကိုက ဟာယာခတ်အောင် တောင်းပန်နေ၍ သူ ငြိမ်နေလိုက်ရသည်။ ဝေးသေးတယ်။ မင်းလိုမိန်းမကို ငါ ဘယ်တော့မှ လက်မထပ်ဘူး။ အထင်လည်း မကြီးဘူး။ စင်ဒီကို အမြင်ကတ်နေမိ၏။ မြတ်နိုးရာနှင့် ယှဉ်လို့တောင်မရ။ မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်နဲ့ သူဘဝ လက်တွဲသွားရမလား။ စင်ဒီ မကျေမနပ်နှင့် ဒေါသတွေ ပေါက်ကွဲနေတာ သူ စိတ်ပျက်စွာ ကြည့်နေမိလေ

သူ စိတ်ပျက်စွာဖြင့် စင်ဒီ့ကို ကြည့်မိလေသည်။ ကိုကိုကတော့ စင်ဒီအပေါ် အရေးတယူနှင့် ကောင်းကောင်းမွန်မွန် ဆက်ဆံအောင် အရိပ်အကဲ ပြနေလေသည်။ သူ မြတ်နိုးရာကို သတိရနေခဲ့၏။ စင်ဒီရဲ့ ခပ်ကျောကျော ခပ်မာမာ အမူအရာကို သူ သဘောမကျပါ။ ယောကျ်ားတစ်ယောက်ကို ပခုံးချင်းယှဉ်တာတောင် ယောကျ်ားထက်သာချင်တဲ့မိန်းမ။

"စင်ဒီဘက်က ပိုင်ဆိုင်မှုတွေက ကိန်းဂဏန်းတောင် ရေတွက်လို့မရဘူးနော် ကိုညီ"

"အရမ်းများလွန်းနေပါလား စင်ဒီ၊ ကမ္ဘာ့အချမ်းသာဆုံး ဘီလ်ဂိတ်ထက်တောင် ချမ်းသာနေတာပါလား၊ ဘီလ်ဂိတ်ရဲ့ ချမ်းသာမှုက ကိန်းဂဏန်းနဲ့ တွက်ချက်လို့ရတယ်လေ"

"ညီ"

"ကိုညီနော် စင်ဒီ့ကိုမရွဲနဲ့၊ ရှင့်လောက်တော့ စင်ဒီ လုံးဝ အထင်မကြီးဘူး၊ ရှင်က အရမ်းဆင်းရဲတဲ့ မိန်းမတစ်ယောက်နဲ့ ချစ်သူဖြစ်နေတယ်လို့ စင်ဒီ သတင်းကြားတယ်၊ ရှင်က ဒီလိုမိန်းမမျိုးတွေကိုပဲ တွေ့ဖူးတာကိုး"

"ဘာ"

အခန်း (၄)

နှစ်သက်ရာ အံသွားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိ
သည်။ မမချစ်သူနှင့် သူ့အစ်ကို မိန်းမတစ်ယောက်နှင့် တွဲထွက်
လာတာ သူမ တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ဟိုလူကြီးက
သူ့အကြောလေးကို အရေးတယူ ရှိနေပုံပင်။ ကိုသင့်မြတ်သူနဲ့ သဘောတူ
ထားတဲ့ မိန်းမပဲဖြစ်နိုင်သည်။ တောတော်ချမ်းသာတဲ့ပုံပင်။
ကားအရှယ်ပဲ။ ချောလည်းချောသည်။ ရာ စားသောက်ဆိုင်မှာ
ဆိုင်နေရင်း မမအတွက် စိတ်ထိခိုက် ကြေကွဲနေရ၏။ အစားအစာ
ကြွေ မစားချင်တော့။ ရင်ဝမှာ တစ်ဆို့နေရလေသည်။

"ရာ"

"ဟင်"

သည်။ ကိုကိုပဲ ပျာယာခတ်အောင် တောင်းပန်နေတာပါ။ မြတ်နိုးရာ
အပေါ် ခက်ထန်မာကျောပြီး အထက်စီးကနေ ပြောဆိုဆက်ဆံနေ
သလောက် စင်ဒီကိုတော့ ကိုကို အာက်ကျိုးစွာ တောင်းပန်ခဲယ
နေ၏။ ကိုကိုမတရားဘူး။ ကိန်းခမ်းကြီးတဲ့ ကိုကို ဘယ်လိုဖြစ်
သွားရတာလဲ။ စင်ဒီတို့အသိုင်းအဝိုင်းက အတော်လေး ကြီးကျယ်
ပေါက်ရောက်ပုံ ရလေသည်။ သူကတော့ ဘာမှမပြောတော့။
ကိုကိုက စင်ဒီ့အား ချော့မော့နေတာပဲ။ သူ အမြင်ကတ်စွာ ကြည့်နေ
မိလေသည်။

◆ ◆ ◆

"စားလေ၊ ဘာတွေငိုင်နေတာလဲ"

"ဟင့်အင်း"

"ဟယ်...ဟိုမှာ နင့်အစ်မချစ်သူပါလား၊ အဲဒီဘေးက လူကြီးကို ငါသိတယ်ဟ၊ အရမ်းပဲ ကိန်းခမ်းကြီးတယ်၊ တော်တော် ချေးများတဲ့လူကြီး၊ မာနကြီးတစ်ခွဲသားနဲ့လေ"

သူငယ်ချင်းမာလာက မကျေမနပ်နှင့် ပြောနေလေသည်။

"နင့်အစ်မကို ပိုင်းလုံးမလို့ပြောတာ အဲဒီလူကြီးလေ"

"ဟင်"

"နင့်အစ်မချစ်သူရဲ့ အစ်ကိုကြီးပဲ၊ မိန်းမတွေကို အထင်သေးလွန်းတယ်၊ နင့်အစ်မကို သူညီနဲ့ တန်လို့လားတဲ့"

နှစ်သက်ရာ အံ့သွားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားခဲ့လေသည်။ မာလာနဲ့သူမက ကုမ္ပဏီမှာ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေ။ မာလာက အပေါင်းအသင်းဆုံပြီး ငွေကြေးအရလည်း အဆင်ပြေလေသည်။ အခုတောင် နှစ်သက်ရာကို မနက်စာကျွေးမယ်ဆိုပြီး အကောင်းဆုံးစားသောက်ဆိုင်ကို အတင်းအကြပ်ခေါ်လာခဲ့တာပါ။

"တွေ့လား ဟိုမိန်းမကို အရေးတယူလုပ်နေတာလေ

သူ အထင်ကြီးတယ်ဆိုရင် တော်တော်ကြီးကျယ်ခမ်းနားတဲ့ မိန်းမပဲ ဖြစ်မယ် ရာ"

ကိုချစ်မြတ်သူဆိုတဲ့ လူကြီးကို သူမ အမြင်ကတ်စွာဖြင့် ကြည့်မိနေလေသည်။ မမချစ်သူ ကိုသင့်မြတ်သူကတော့ အေးဆေးနေပြီး စိတ်ဝင်စားပုံမရပေ။

"ဒီမိန်းကလေးက မြူဆွယ်ထားလို့ သူညီ အရူးအမူး ဖြစ်နေတာတဲ့ဟဲ့"

"တော်ပါတော့ဟာ"

"ရာ"

"ဟင်"

"ဒီလူကြီးအကြောင်း တွေးမနေပါနဲ့တော့ဟာ၊ စားလေ ဒိုက်ဆာနေပြီဟ"

နှစ်သက်ရာ ဘာမှစားချင်တဲ့ဆန္ဒတွေ မရှိတော့ပေ။ နှုတ်ခမ်းသားတွေကိုပဲ တင်းကြပ်စွာ စေ့ကပ်ထားမိနေသည်။ ရာတို့ညီအစ်မရဲ့ ဂုဏ်သိက္ခာကို တစ်ပြားသားမှ မကျန်အောင် စော်ကားချင်တဲ့လူကြီး။ ရှင်ကြီးကို မုန်းတယ်။ ဖြူစင်ရိုးသားတဲ့ မိန်းကလေးတွေကို ဆင်းရဲတယ်ဆိုပြီး အထင်သေးချင်တာပဲ။ မမ ဘယ်

ရိုးသားပြီး အရာရာ အနှစ်နာခံတတ်တဲ့ မမပါ။ ကိုသင့်မြတ်သူ အပေါ် ဘာအခွင့်အရေးမှမယူဘဲ ဒူးထောက်အည့်ခံနေတတ်တဲ့သူပါ။ နှစ်သက်ရာကတော့ မဟုတ်မခံ ဇတ်ဇတ်ကျမလေး။ ရင်ထဲမှာ နာကျင်ပေါက်ကွဲနေလေသည်။

"ပြန်တော့မယ် မာလာ"

"အင်းလေ နင့်ရင်ထဲမှာ ဘယ်လောက်ခံပြင်းနေမလဲ ရာရယ်"

မမနှင့် ပတ်သက်တာတွေ မာလာ အသိဆုံးပင်။ နှစ်ယောက်သား ပြန်လာခဲ့ကြသည်။ နှစ်သက်ရာကတော့ ရင်ထဲမှာ မကျေနပ်ချက်တွေနှင့် နာကျင်ပေါက်ကွဲနေရ၏။ အိမ်ပြန်တော့ မမ အိပ်ရာပေါ်မှာလဲနေပြီး နှစ်သက်ရာရှေ့မှာ လူကောင်းပမာ ဟန်ဆောင်နေတာ သိနေသည်။

"ရာ မမ ထမင်းပွဲပြင်ထားမယ်နော်၊ ရာ ရေချိုးပြီးရင် ဆင်းလာခဲ့"

"မမ"

"ဟင်"

"အနားယူပါ"

လောက်အထိကြိတ်မှိတ်ခံစားနေရလဲဆိုတာ ရာ အသိဆုံးပင်။ မမ အရမ်းပိန်ချုံးကျသွားသည်။ ကိုသင့်မြတ်သူ ပေးထားတဲ့အခန်းမှာ ဆက်နေသရွေ့ မမစိတ်တွေ ကြေကွဲဝမ်းနည်း ပူဆွေးနေရမည်ဖြစ်၍ တခြားနေရာပြောင်းဖို့ နှစ်သက်ရာ ကြိုးစားနေလေသည်။

"ရာ"

"ဟင်"

"စားလေ"

"အင်း"

"ငါသာ နင့်လောက်ချောရင် အဲဒီလူကြီးကို အပြတ်နှိ ကွပ်ပစ်တယ်"

"ဟင်"

"ဒီလူကြီးရဲ့ ကိန်းခမ်းကြီးမှုတွေကို နင့်အလှအပတွေ ဖြိုကျဖျက်ဆီးပစ်သင့်တယ်၊ မိန်းမတွေကို အထင်သေးအမြင်သေး လုပ်နေတာ အမြင်ကတ်လို့လေ"

မာလာ့လိုပဲ နှစ်သက်ရာလည်း စိတ်ဆန္ဒတွေ ဖြစ်ပေါ်နေ လေသည်။ မုန်းလိုက်တာ။ ရှင်ကြီးသိမယ်။ ဟုတ်တယ်။ ဒီလူကြီး ကို ပညာပေးရမယ်။ မြတ်နိုးရာက ပိုင်းလုံးမလား။ ဒီလောက်

"မမ"

"ရာ"

"ကဲ ရာတို့ညီအစ်မ ပျော်ပျော်ပါးပါးနဲ့ စားလိုက်ကြရအောင်နော်"

မမကတော့ ရာ စိတ်ကျေနပ်စေရန်သာ ဟန်ဆောင်စားနေသည်။ ရာလည်း ဟန်ဆောင်နေပေမယ့် ရင်ထဲမှာတော့ ဆို့နင့်ကြေကွဲနေ၏။ ရိုးသားဖြူစင်ပြီး ချောမောလှပတဲ့ မမဘဝကို ဘာဖြစ်လို့များ ချွေမှုဖျက်ခီးပစ်ခဲ့ရတာလဲ။ မုန်းလိုက်တာ။ ရှင်ကြီးဘယ်လောက်အထိများ ကိန်းခမ်းကြီးနေနိုင်မှာဘဲ့လဲ။ မမကို ရာ ချော့မော့ပြီး စားစရာတွေ ကျွေးနေရလေသည်။

"ရာ"

"ဟင်"

"မမတို့ အိမ်ဘားနေနိုင်အောင် လုပ်ကြမယ်၊ ဒီအခန်းမှာ နေရတာ မမ စိတ်မလုံသလိုပဲ၊ တဲစုတ်လေးနဲ့ပဲ နေရပါစေကွယ်"

"ရာ ကြိုးစားနေပါတယ် မမ၊ လောလောဆယ်တော့ ဒီမှာပဲနေပါ၊ ဒါက မမ အတင်းအကြပ် ဖြားယောင်းသွေးဆောင်ပြီး အရယူခဲ့တာမှမဟုတ်တာပဲ၊ စိတ်လုံလုံပဲနေပါ"

"မမ ဘာမှမဖြစ်ပါဘူး"

"ရာ့စကားကို နားထောင်ပါ၊ ရာ ရေချိုးပြီးတာနဲ့ ညစာ ယူလာခဲ့မယ်၊ မမ အခန်းထဲမှာပဲ စားချင်လို့"

"မမ လုပ်ပေးနိုင်ပါတယ် ရာရယ်၊ လောလောဆယ်တော့ မမစိတ်တွေ အနည်မထိုင်သေးတာတော့ အမှန်ပဲ၊ မမ တောင်းပန်ပါတယ် ရာ၊ မမ ကြိုးစားမှာပါ၊ မောင့်ကို မေ့ပစ်ဖို့ပဲ ဆုံးဖြတ်ထားပြီးသားပါ"

မမကို သူမ သနားကြင်နာမိသည်။ ဘာမှ ဖိအားမပေးလိုတော့။ မမ နေချင်သလိုပဲ နေပါစေ။ အင်အားနည်းလွန်းနေတဲ့ မမကို စိတ်ပူပင်နေရသည်။

"ရာက တမင် မမကို ပြုစုပေးချင်လို့ပဲနော်၊ သွား မမ အနားယူနေ၊ ရာ စားစရာတွေ ယူလာမယ်"

မမက ငြင်းဆန်နေပေမယ့် ရာ အတင်းအကြပ် အနားယူနေစေသည်။ သူမရှေ့မှာပဲ မမကို အစားအစာတွေ ကျွေးရမယ်၊ နှစ်သက်ရာ ရေချိုးပြီး စားစရာတွေပြင်ဆင်ပြီး ယူကာလာခဲ့၏။ မမ အိပ်ရာပေါ်မှာ လှဲနေပေမယ့် ရာ့ကိုမြင်တော့ လူးလဲထလိုက်သည်။

နှစ်သက်ရာ စိတ်တွေ ပြောင်းသွားလေသည်။ ဦးချစ်မြင့်သူ အပြောအဆို ခံခဲ့ရပြီးပြီပဲ။ ဒီလူကြီးစိတ်တွေကို ကသိကအောက် ဖြစ်စေရန် တမင် ရာတို့နေရမယ်။ မမကိုလည်း တဲစုတ်လေးထဲမှာ မနေထိုင်စေလိုပေ။ ရာ ကြိုးစားမှာပါ။ မကြာခင် ရာ အိမ်ငှားနေနိုင်တော့မှာပါလေ။

"ရာ အဆင်ပြေသလိုပဲ လုပ်ပါကွယ်၊ မမကြောင့် ရာလေးလည်း အရက်သိက္ခာမဲ့ခဲ့ရတာပဲဟာ၊ မမစိတ်တွေကို အခြေ ဆုံး ထိန်းချုပ်ရမယ်၊ မမလည်း အလုပ်ရှာမယ် ရာ၊ အိမ်မှာ အထီးကျန်မနေချင်တော့ဘူး"

"ကောင်းတယ် မမ၊ နေကောင်းအောင်နေပါ၊ မမ အရင် ပိန်နေတယ်၊ မမလည်း ပညာတတ်ပဲ၊ ကိုသင့်မြတ်သူကြောင့် အလုပ်ကနေ ထွက်ခဲ့ရတာပဲဟာ"

"အင်း...မမ ရှာရမယ်၊ ကောင်းအောင်နေရမယ်၊ အရာ အားလုံးက ပြီးသွားပြီပဲ"

မောင်နဲ့ မြတ်နိုးရာက ပြီးဆုံးသွားပြီပဲ။ ဘယ်လိုမှ မဖြစ်နိုင်တော့တာပဲ။ မြတ်နိုးရာ စွန့်လွှတ်တော့မယ်။ အလုပ်လည်း ပြန်ဝင်ရမယ်။ မောင်က မြတ်နိုးရာကို ဘယ်လောက်ပဲ ချစ်မြတ်နိုး

နေပါစေ ပေါင်းစပ်ဖို့ မဖြစ်လိုဘူး။ မောင် ဒုက္ခရောက်ရမယ်။ ဘဝနိမ့်ကျသွားမယ်လေ။ မြတ်နိုးရာဘက်ကပဲ နောက်ဆုတ်ပေးရတော့မှာပါ မောင်ရယ်။ ညီမလေး နှစ်သက်ရာလည်း စိတ်သောကတွေ ရောက်နေရတာ မြတ်နိုးရာကြောင့်ပါ။

"မမ"

"ဟင်"

"ကိုသင့်မြတ်သူကတော့ မမအပေါ်တော့ တာဝန်ကျေတဲ့ သောက်ဂုဏ်တစ်ယောက်ပါ၊ ဒါပေမဲ့ အခြေအနေက မမနဲ့ပေါင်းစပ်ဖို့ ဖြစ်နိုင်တော့ဘူးလေ"

"အင်းပါ ရာရယ်"

မမချစ်သူကို တခြားကောင်မလေးနဲ့ သူအစ်ကိုက တွေ့ဆုံ ပေးဖို့ကြိုးစားနေကြောင်း ရာ ပြောခြင်းမရှိပေ။ မမနှလုံးသားတွေကို မနာကျင်စေတော့။ ဖြူလျော့ချိုနဲ့နေတဲ့ မမခန္ဓာကိုယ်လေးက အနိုင်နိုင် ရပ်တည်နေရတာမဟုတ်လား။ မမကို သူမ ချော့မော့ အားပေးပြီး အစားတွေ ကျွေးနေခဲ့သည်။ အိပ်ပျော်စေရန် အိပ်ဆေး တစ်လုံး တိုက်လိုက်၏။ မမ ငြိမ်သက်နေလေသည်။

"မမ အိပ်တော့နော်၊ မနက်ဖြန် ရာနဲ့လိုက်ခဲ့၊ အလုပ်ရှာ

ကြမယ်၊ အရာအားလုံး မေ့ပစ်လိုက်ပါတော့၊ အိုကေ''

''အိုကေ''

မမ အခန်းထဲကနေ ရာ ထွက်လာခဲ့လေသည်။ သူမ အိပ်ခန်းထဲရောက်တော့ ရာကိုယ်တိုင်ပင် နွမ်းလျမောပန်းနေရ၏။ အိပ်ရာပေါ် ဖစ်လဲချလိုက်ပြီး အိပ်မရမေ့။ ရာ ဘယ်လိုလုပ်ရမလဲ၊ မမအတွက် ဟိုလူကြီးကို ပညာပြရမယ်။ ရှင်ကြီး ဘယ်လောက်အထိ ကိန်းခမ်းကြီးနေနိုင်မလဲ။

''နှင့်အစ်မကို ပိုင်းလုံးမလို့ စွပ်စွဲပြောဆိုနေတာဟဲ့ ရာ ငါတောင် မခံချင်ဘူး၊ နှင့်အစ်မ ဘယ်လောက်အထိ ရိုးသားဖြူစင်တယ်ဆိုတာ မာလာ အသိဆုံးပဲလေ''

သူငယ်ချင်းမာလာရဲ့ စကားတွေကို ကြားယောင်လာမိလေသည်။ ရာ ဒေါသတွေ ပေါက်ကွဲနေရ၏။ ကိုသင့်မြတ်သူသာ တခြားမိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်ရင် မမ သေမှာပဲ၊ အရမ်းကို ကြေကွဲဝမ်းနည်းမှုတွေ ခံစားရတော့မှာပါ။ မဖြစ်ဘူး၊ မမကို ဒီလိုခံစားကြေကွဲစေတဲ့ လူကြီးကို ရာ ဘယ်လိုနှိပ်ကွပ်ပစ်လိုက်ရမလဲ။ သူမ အိပ်လို့မရအောင် ရင်ထဲမှာ နာကျင်ဆို့နှင့်နေသည်။

''ဒီလူကြီး ကိန်းခန်းကြီးနေတာတွေကို နင် ချေဖျက်နှိမ်ချစ်ရမယ် ရာ၊ အမြင်ကတ်လိုက်တာ''

မာလာ့စကားတွေက သူမနှလုံးသားတွေဆီ စူးနင့်စွာ ကိုးဝင်ထိုးနှက်နေလေသည်။ ကိုသင့်မြတ်သူကို တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ဟိုလူကြီး ကြိုးစားနေတာ၊ မမ သေသွားမှလားဟဲ့။

''နှင့်အစ်မကို သူညီနဲ့ မတန်ဘူးတဲ့၊ ဘယ်လောက်ခံပြင်းစရာကောင်းလဲ ရာ''

မာလာပင် မခံမရပ်နိုင်အောင် ဒေါသတွေ ဖြစ်နေသည်။ ဆူမျက်ဝန်းတွေက မာထန်လာရ၏။ လက်သီးလေးကို တင်းကြပ်စွာ ဆုပ်ထားမိ၏။ သိမယ်။ ရှင်ကြီး နှစ်သက်ရာအကြောင်း သိစေရမယ်။ ရာ ဒေါသတွေပဲ ပေါက်ကွဲနေလေသည်။

◆ ◆ ◆

အခန်း (၇)

"မမ"

"ဟင်"

"နေမကောင်းဘူးလား"

"အင်း...နည်းနည်းအားနည်းနေသေးတယ်ထင်တယ်၊ မမ ဘာမှမဖြစ်ပါဘူး"

"အိပ်ရာထနောက်ကျလို့ ရာ လာနှိုးတာပါ"

"အင်း...ဟုတ်ပါရဲ့ကွယ်၊ မမ အိပ်မရလို့ပါ၊ ရာရော ဘုမ္မဏီသွားတော့မလား"

"အင်း"

"သွားလေ"

"မမကိုစောင့်နေတာပါ၊ ထပြီးမျက်နှာသစ်တော့လေ မနက်စာစားဖို့ ရာ စောင့်နေတာ"

"ဟင်...ရာ မစားရသေးဘူးလား"

"မမနဲ့စားမလို့"

"ရာရယ်"

"မမ ထနိုင်လား"

"ရပါတယ်၊ လောလောဆယ်တော့ မမကို နားလည် ခွင့်လွှတ်ပေးပါကွယ်"

"မကြာခင် ထူထောင်နိုင်အောင် မမကြိုးစားမှာပါ"

"ရာသိပါတယ် မဖရယ်၊ ဘာမှမပူနဲ့နော်၊ မမ ပျော်သလို သာနေပါ"

မမအနားကနေ သူမ ထွက်လာခဲ့လေသည်။ မမကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှမလုပ်ဖို့ ရာ ဆုံးဖြတ်ထား၏။ ကိုသင့်မြတ်သူက မမအချစ်ဦးပဲ။ သူမ အစ်မအပေါ် အထင်အမြင် သေးလွန်းနေတာပဲ။ ရာ မုန်းတီးနာကြည်းနေမိသည်။

"ရာ"

"ဟင်...မမ"

"မမကိုစောင့်နေရလို့ ကုမ္ပဏီဝင်တာ နောက်ကျနေဦးမယ်နော် ရာ"

"ရပါတယ်"

မမကို ရာ ဂရုတစိုက်နှင့် ကျွေးနေမိသည်။ သူမဘဝမှာ မမပဲ သံယောဇဉ်တွယ်တာရာပါ။ ဆွေမျိုးသားချင်းလည်း မရှိ။ မမကို ရာချစ်သည်။ ရာ တွေးမိတိုင်း ဦးချစ်မြတ်သူဆိုတဲ့ လူကြီးကိုပဲ မုန်းတီးနေမိလေသည်။

"ရာ"

"ရှင်"

"မမကြောင့် ဘယ်သူ့ကိုမှ အမုန်းမပွားနဲ့နော်၊ မမလည်း ခဏပါ"

မမကို ဘာမှမပြောတော့ဘဲ ရာ ထွက်လာခဲ့လေသည်။ ကုမ္ပဏီကိုရောက်တော့ မာလာက ကိုသင့်မြတ်သူနှင့် လက်ထပ်ပေးဖို့ ကိုချစ်မြတ်သူက စီစဉ်ကြောင်း ပြောပြသည်။

"စင်ဒီတဲ့ဟဲ့၊ ဟိုနေ့ကတွေ့တာလေ၊ အရမ်းချမ်းသာတယ်တဲ့"

ရှင်ကြီး တော်တော်မတရားတာပဲ။ ရာ့မမမှာ ဆင်းရဲတာ

လေးပဲ ရှိခဲ့တာ။ ရုပ်ရည်ချောမောသော မမသည် ပညာလည်း တတ်တာပါပဲ။ သူမ နှုတ်ခမ်းသားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိ၏။ ရုတ်မမကို ပိုင်းလုံးမတဲ့။ ဒေါသတွေနှင့် နာကြည်းပေါက်ကွဲနေလေသည်။ ညနေရုံးဆင်းတော့ ရုတစ်ယောက်တည်း ဘတ်စ်ကားဂိတ်သို့အသွားတွင် ကားတစ်စီးနှင့် ဝင်တိုးမိတော့၏။ ရာ ပစ်လဲကျသွားတော့သည်။ ကားပေါ်မှ လူတစ်ယောက် ဆင်းလာကြည့်၏။ ဦးချစ်မြတ်သူပဲ။ ရာ ဒဏ်ရာကြီးကြီးမားမား မရပေမယ့် တမင်ပို၍နာကျင်ဟန် ဆောင်ပစ်လိုက်တော့သည်။

"အား...ကျုတ်ကျုတ်"

"အမိ ဘယ်နာသွားလဲ"

"ခြေထောက်လေ၊ ခြေထောက်"

"ဟင်...အရမ်းနာသွားလား၊ ထောက်လို့တောင် မရတော့ဘူးလားဟင်"

"အင်း"

"ဒါဆို ကားပေါ်တက်လေ၊ ကိုယ်လွှဲပြီးမပေးမယ်နော်၊ တစ်မျိုးမထင်နဲ့"

"အင်း...ကျွန်မ ထလို့မှမရတာပဲ"

"ကဲ...ထ"

ဦးချစ်မြတ်သူက သူမအား တွဲယူဖေးမပြီး ကားပေါ်တင်နေလေသည်။

"အား...ကျုတ်ကျုတ်"

"အမိ"

"ရှင်"

"အရင်ဆုံး ဆေးခန်းသွားပြရမယ်၊ မင်းက ကားကို ဝင်တိုးတာပဲ၊ ကံကောင်းလို့ မသေတာနော်၊ ဒါပေမဲ့ ကိုယ်က ဘာဝန်သိသိနဲ့ မင်းကို ဆေးခန်းပြပေးတာနော်"

"ဒါဆို ကားရပ်ပါတော့၊ ကျွန်မကို ဆေးခန်းပြပေးစရာလိုပါဘူး၊ ကျွန်မ ဆင်းမယ်"

ရာ အမြင်ကတ်ကတ်နှင့် ရန်တွေ့ပစ်လိုက်လေသည်။ သူက ကားကို ရပ်ပစ်လိုက်တော့၏။ သူမကလည်း ဆင်းလိုက်သည်။ ဒဏ်ရာက သိပ်မှမဖြစ်တာပဲ။ တော်တော့် ကိုယ်ချင်းစာစရား ကင်းမဲ့ပြီး အကြင်နာမဲ့လွန်းသည်။

"ကျွိ"

"ဟင်"

သူကားနှင့် ဝင်တိုက်မိခဲ့သောကောင်မလေးအား သေသေ
ချာချာကြည့်မိတော့ သူမျက်ဝန်းတွေက မျက်တောင်ခတ်ဖို့ပင်
ဘဒင်္ဂမေ့လျော့သွားသလို ငေးစိုက်ကြည့်မိသွားသည်။ မျက်တောင်
ကော့ကော့လေးတွေ ဝန်းရံထားတဲ့ မျက်ဝန်းလေးက မာထန်နေ၏။
နှာတံစင်းစင်းလေးနှင့် သူမ၏ ဖူးငုံနေသော နူတ်ခမ်းလေးက
နူထော်နေပြီး သူ့ကိုရန်ထောင်ဖို့ ပြင်နေသည်။ အသားလေးက
ဖြူစင်းအိစက်နေကာ ဒီလိုချောမောနုဖတ်နေတဲ့ ကောင်မလေးမျိုး
ထမဆုံးအကြိမ် မြင်လိုက်ရခဏပဲ သူ့စိတ်က ထင်မှတ်မိသွား၏။
အဖက်မလုပ်ဘဲလှည့်ပြန်ဖို့ သူ့စိတ်တွေက မပြတ်သားပေ။ တော်ရုံ
မိန်းကလေးတွေကို သူ အထင်မကြီးတတ်။ ကိန်းခန်းကြီးစွာ
ဒီဇာကြောင်တတ်သောသူသည် ဘယ်လို မိန်းကလေးမျိုးနဲ့မှ
ဘရင်းတန်း နေထိုင်ဆက်ဆံခြင်းမရှိခဲ့ဖူးပေ။ ကောင်မလေးက
ချက်နှာထားတင်းတင်းလေးနှင့် ကြည့်ပြီး နူတ်ခမ်းထူထူအမ်းအမ်း
ဖူးဖူးလေးက ရှုံ့မဲ့တွန့်ကွေးနေတာပင် ချစ်စရာကောင်းနေသည်။
ချစ်မြတ်သူ ဘယ်လိုဖြစ်ရတာလဲကွာ။ ကောင်မလေးကိုကြည့်ပြီး
သူ့စိတ်တွေ တလှိုက်လှိုက်ခုန်တက်ကာ ပျော်ရွှင်ကျေနပ်မိနေသည်။

"အမိ"

"ကားပေါ်တက်လေ"

"မကက်ဘူး"

"မင်း လမ်းမှမလျှောက်နိုင်တာပဲ၊ တက်ပါ၊ ကိုယ်
ဆေးခန်းပို့ပေးပါ့မယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မ ဘာမှမဖြစ်တော့ပါဘူး ဦး"

"ဟာ"

"ရှင်"

"ဦးဆိုတော့ ကိုယ့်အသက်အရွယ် အတော်ကြီးသွားပြီ
ထင်တယ်"

ဦးချစ်မြတ်သူကို မုန်းလွန်း၍ ရာ ဟန်ဆောင်အပြုံးလေး
ပင် မပြုံးပြနိုင်။ ရှင်နဲ့တွေ့ရတာ ရှင် ကံဆိုးတာပဲ။ ရာ ဒီလူကြီးနဲ့
ဘယ်လိုပတ်သက်ရမလဲဆိုတာ စဉ်းစားနေမိလေသည်။ မထင်မှတ်
ဘဲနှင့် ထိုလူကြီးနှင့် လာဆုံနေရ၏။ ရာ့ခြေထောက် ထောက်နိုင်
ပေမယ့် ဟန်ဆောင်နေလိုက်သည်။

"မင်း ကားပေါ်ပြန်တက်လေ"

"ကျွန်မကို တာဝန်ကျေတော့ မကူညီပါနဲ့၊ ရှင့်ကားနဲ့
တိုက်တာလေ၊ မကူညီချင်လည်း ရတယ်နော်"

"ရှင်"

"နာမည်ဘယ်လိုခေါ်လဲ"

"နှစ်သက်ရာပါ"

"ဘာ"

"ရှင်"

သူ အထိတ်တလန့် အော်ဟစ်လိုက်မိ၍ သူမ အထိတ်တလန့်နှင့် မော့ကြည့်လေသည်။

"မင်း...မင်း မြတ်နိုးရာရဲ့ ညီမလား"

"ရှင်"

"မြတ်နိုးရာကို မင်းသိလား"

"ဟင့်အင်း"

"ဘာ"

"ဘယ်က မြတ်နိုးရာလဲ၊ ကျွန်မနဲ့ နာမည်တူတာလား ကျွန်မက တစ်ကောင်ကြွက်မလေးပါ၊ ဦးလေးနဲ့နေတယ်"

"မင်း...မင်း ဘယ်မှာနေတာလဲ"

"မြရာကုန်းရပ်ကွက်ပါ"

"ဟင်"

နှစ်သက်ရာသူငယ်ချင်း မည်သူနေတဲ့ရပ်ကွက်ကို ပြောလိုက်သည်။ ရှင်ကြီးက သိပ်ပြီး ကိန်းခမ်းကြီးတာမဟုတ်လား။ တွေ့မယ်လေ။ နှစ်သက်ရာအကြောင်း ရှင်ကြီး ကောင်းကောင်းသိဆရမယ်။ သူမက စိတ်ထဲကနေ ကြိမ်းဝါးပြီး စွဲမက်စရာကောင်းလွန်းသည်ဟု ကောင်လေးတွေက ပြောတတ်ကြတဲ့ ညို့မျက်ဝန်းနက်နက်လေးများဖြင့်ပင် ကြည့်ကာ သူမထွက်သွားဖို့ပြင်တော့ သူက ဇွတ်အတင်းပဲ ဆေးခန်းပြေးမည်ဟု ပြောကာ ခါးခါးသီးသီး ငြင်းပြီး ဆတ်တောက်ဆတ်တောက် ပဲအပြည့်နှင့် လျှောက်ဆော့ သူက အတင်းအကြပ်ပင် သူမအား ဆေးခန်းကို ခေါ်သွားပြဆေးသည်။ ဓာတ်မှန်ရိုက်တော့ ဒဏ်ရာမရပေ။ ဆရာဝန်ကြီးက လိမ်းဆေးပဲပေးလိုက်၏။ သူက ရှက်ကို လိုက်ဖို့ပေးမည်ဟု ပြောသည်။

"ကိစ္စမရှိတော့ပါဘူး၊ ရာ ဘာမှမဖြစ်တာဘဲ၊ ဦး ပြန်လို့ ရပါပြီ"

"အမိ"

"အမိ"

"ရှင်"

"ကိုယ့်ကို ဦးလို့မခေါ်ပါနဲ့၊ အဓိက ကိုယ့်ညီမလေး အရွယ်ပဲရှိတာပါ၊ ကိုယ့်နာမည်က ကိုကိုတဲ့"

သူမက ဘာမှမပြောဘဲ ငြိမ်သက်နေလေသည်။ လမ်းလျှောက်ကြည့်တော့ မနာပါဘူးဟု ပြောနေ၏။ ချစ်မြတ်သူ ဥပေက္ခာပြုပြီးထွက်သွားလို့ ရပါလျက်နှင့် မထွက်သွားနိုင်ဘဲ ကောင်မလေး နေထိုင်တဲ့နေရာကို သိချင်နေရသည်။

"နှစ်သက်ရာ"

"ရှင်"

"ကိုယ်လိုက်ပို့ပေးပါမယ်"

"နေပါစေလေ၊ ကျွန်မ ပြန်လို့ရနေပြီပဲ ဟို ဇွေကြေးလည်း တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူး၊ ကျွန်မကလည်း အတွေးလွန်ပြီး လမ်းလျှောက်နေမိတာပဲ"

ဦးချစ်မြတ်သူကို ရာ ဘယ်လိုနည်းနဲ့ သွေးဆောင်ဖြားယောင်းမြူဆွယ်ရမလဲဆိုတာ စဉ်းစားနေသည်။ နှစ်သက်ရာနဲ့ ဝင်တိုးမိတာ ရှင်ကြီးကံဆိုးပြီသာမှတ်လိုက်တော့ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတွေကို ပိုင်းလုံးမတွေအဖြစ် အထင်သေး အမြင်သေး စွပ်စွဲပုတ်ခတ်တတ်တဲ့ ဦးချစ်မြတ်သူ သိသွားအောင်တော့

နှစ်သက်ရာ ပညာပြရမှာပဲလေ။ သူမကလည်း သူပေးတဲ့ ဆေးဖိုးကို မယူလေ သူက စိတ်ဝင်စားပြီး ရာ့နောက်သို့ ကပ်လိုက်လေဖြစ်သည်။ မတတ်နိုင်ဘူးလေ ဦးချစ်မြတ်သူက ကြမ္မာငင်တာပဲ။ ရာ့ကိုမှ ရွေးချယ်ပြီး ကားနဲ့ဝင်တိုးတာပဲ။ သူမက မာနကြီးသူ ချက်ခနဲမာမာတင်းတင်းလေးနှင့် ပြန်ကြည့်တတ်သဖြင့် သူက ပိုပြီး စိတ်ဝင်စားလာသည်။ သူမကို လိုက်ပို့ပါရစေဟု ကလေးဆန်စွာ ပြောနေ၏။ ဦးချစ်မြတ်နိုးသူ တောင်းဆိုနေသည်။

"မလိုလို့ပါ၊ ရာ လျှောက်နိုင်နေပြီပဲ၊ ဘာမှလည်းဖြစ်တာ မဟုတ်ပါဘူး"

"နှစ်သက်ရာ"

"ကျွန်မတို့ရပ်ကွက်ထဲ ငင်လိုက်ရင် ဦး အရမ်းပဲ စိတ်ဓာတ်ကျသွားမယ်လေ၊ အရမ်းဆင်းရဲလွန်းတယ်၊ ဦးလိုက်လို့ ဖြစ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကိုယ့်တာဝန်ရှိတယ်လေ၊ လိုက်ပို့ပါ့မယ်"

ရှင်ကြီးလို ကိန်းခန်းကြီးတဲ့လူက ကျွန်မနေတဲ့ ဆင်းရဲသားရပ်ကွက်လေးကို လိုက်ပို့မယ်တဲ့လား။ ရှင်ကံဆိုးပြီထင် တယ်။

အမြင်ကတ်ကတ်နှင့် ဦးသဘောပဲဟု ပြောမည်ပြုပြီးမှ နည်းနည်းတော့ မာနထားချင်၍ လိုက်မပို့ဖို့ပဲ ပြောလိုက်လေ သည်။

"ဒါက ကိုယ့်ရဲ့ကဒ်ပါ၊ မင်းလိုအပ်တဲ့အခါ ဆက်သွယ်ပါ နှစ်သက်ရာ"

"ဟုတ်ကဲ့"

"မင်းဆေးကုဖို့ လိုအပ်လာရင် သုံးဖို့ငွေပေးပါရစေ"

"မလိုပါဘူး၊ ရာ ဘာမှမဖြစ်တာပါ၊ ဆေးလည်းကုစရာမှ မလိုတာပဲ"

ရာ ငြင်းဆန်ပြီး ထွက်လာခဲ့လေသည်။ သူမ ဘတ်စ်ကားပေါ်တက်သွားမှ သူကားမောင်းထွက်သွားတော့၏။ ရာ အိမ်ရောက်တော့ မမ ခွေခွေလေး လဲနေသည်။ သူမကိုမြင်တော့ လူးလဲထ၏။ ဘာမှမဖြစ်သလို နေပြနေသည်။

"ရာ ပြန်လာပြီလား၊ နောက်ကျလို့ မမ စိတ်ပူနေတာလေ"

"မမ"

"ဟင်"

"နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ရာ၊ ဘာဖြစ်လို့လဲ"

"အားမရလို့"

"ရာရယ်"

မမကိုတွေ့ရလေ ဦးချစ်မြတ်သူကို ရာ မုန်းတီးလေပဲ။ အကို ဘာမှမပြောတော့။ ရေချိုးပြင်ဆင်ပြီး မမနှင့်အတူ ညစာ စားသည်။ အားလုံးပြီးမှ အိပ်ခန်းထဲရောက်တော့ နာကြည်းကြေကွဲစွာနှင့် ရင်ဝတွင် ဆို့နစ်ကြေကွဲနေရလေသည်။

◆ ◆ ◆

အခန်း (၈)

ချစ်မြတ်သူစိတ်တွေ ဘာဖြစ်လို့များ နှစ်သက်ရာဆိုရတဲ့ ကောင်မလေးအား သတိရနေမိမှန်း မသိပေ။ မြင်တွေ့ချင်နေမိသည်။ သူ ဘယ်လိုမိန်းကလေးမျိုးကိုမှ အထင်မကြီးမိ။ ဒီလို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးမျိုးဆို ပိုပြီးတော့တောင် အဖက်မတန်သလို နေခဲ့၏။ ဘယ်တော့မှ တန်းတူစကားပြောဆိုလေ့ပင် မရှိခဲ့။ နှစ်သက်ရာ မင်းဘယ်လိုကောင်မလေးမျိုးလဲ။ မြတ်နိုးရာရဲ့ ညီမလေးများလား။ သူ အိမ်ရောက်တော့ ဒေါ်ညွှန့် မရှိတော့ပေ။

"ညီ...ဒေါ်ညွှန့်ရော"

"ညီ အလုပ်ကနေ ထုတ်ပစ်လိုက်ပြီ"

"ဟင်"

"ဒေါ်ညွှန်က ညီ့ကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေတာ ညီစိတ်ပျက်တယ်၊ နေရထိုင်ရတာ စိတ်ကျဉ်းကြပ်လို့ပါ"

"ဒေါ်ညွှန် ဘယ်ထွက်သွားလဲ၊ ညီ့ကို ဘာပြောသွားလဲ"

"နောက်ကို ဘာအကြောင်းနဲ့မှ လာမပတ်သက်တော့ပါဘူးတဲ့၊ ညီကလည်း သူ လုပ်ကိုင်စားသောက်နိုင်အောင် ငွေပေးလိုက်ပါတယ်"

"ဟာကွာ"

"ကိုကို"

"ဟင်"

"ညီနဲ့ကိုကိုကြားမှာ လူစိမ်းတစ်ယောက်က ဒီလောက်အထိ အရေးကြီးနေလို့လား"

"မဟုတ်ပါဘူးညီရာ၊ သူက ခိုင်းလို့ကောင်းတယ်လေ၊ ခင်းသဘောပါပဲ၊ ညီ့စိတ်တွေ ပျော်ရွှင်ချမ်းမြေ့မှုက အဓိကပါပဲ"

ချစ်မြတ်သူ ပြောပြီး သူ့အိပ်ခန်းထဲ ဝင်လာခဲ့လေသည်။ ဒေါ်ညွှန်မရှိတော့ မြတ်နိုးရာမှာ ညီမ ရှိမရှိ သိဖို့ခက်သွားရ၏။ သူ အသိချင်ဆုံးက အဲဒါပဲ။ နှစ်သက်ရာဆိုတဲ့ ကောင်မလေးကိုပဲ

"ဒီမိန်းမကြီးက ညီ့ကို အရမ်းစောင့်ကြည့်လွန်းတယ် ညီ့ကိုယ်ရေးကိုယ်တာတွေမှာ ဝင်စွက်ဖက်တာ ညီ လုံးဝမကြိုက်လို့ အလုပ်ထုတ်ပစ်လိုက်တာ"

သေရောပဲ။ မြတ်နိုးရာတို့အကြောင်း မေးမြန်းမလို့ဟာ၊ ဒေါ်ညွှန်က မရှိတော့ပေ။ ညီက အလုပ်ထုတ်ပစ်လိုက်ပြီတဲ့၊

"ညီ့ပိုက်ဆံတွေလည်း ခိုးတယ်၊ ညီ လက်ပူးလက်ကြပ် မိတာနော်"

"မင်းမှားနေပြီထင်တယ်၊ ဒေါ်ညွှန် ဒီလိုမလုပ်တတ်ပါဘူး ညီရာ"

"ညီ လက်ပူးလက်ကြပ် မိတာပါဆို၊ ညီအိပ်ခန်းထဲ ဝင်ခိုးတာပဲ၊ ညီကမိတော့ ကိုကိုက ညီ့အကြောင်းတွေ စုံစမ်းခိုင်းထားလို့ အခန်းထဲ ဝင်ရတာပါတဲ့"

ညီက ဒေါ်ညွှန်ကို ကြည့်လို့မရပေ။ သူ့ကိစ္စတွေမှာ အတို့အထောင်လုပ်တာဟုထင်ပြီး ပြဿနာရှာတတ်လေသည်၊ ဒေါ်ညွှန်က သူ့ရဲ့အတွင်းလူ။ သူအသိချင်ဆုံးက နှစ်သက်ရာ မြတ်နိုးရာရဲ့ ညီမလားဆိုတာပဲ။ နှစ်သက်ရာကတော့ မြတ်နိုးရာကို မသိဘူးတဲ့။

သတိရတမ်းတနေမိသလိုပင်။ ညီကိုလည်း မမေးချင်။ အစလုပ်မပေးချင်တာပါ။ ညီ့ရှေ့မှာ အမှားယွင်းမရှိအောင် နေပြရမှာမဟုတ်လား။

သူ ရေချိုးခန်းထဲဝင်၍ ရေပန်းအောက်မှာ အကြာကြီး စီမံထားမိနေသည်။ ရင်တွေ့ ပူလောင်နေသည်။ နှစ်သက်ရာရဲ့ ချစ်စရာကောင်းလွန်းတဲ့ မျက်နှာလေးကိုပဲ မြင်ယောင်ပြီး ရင်ထဲမှာ တလှပ်လှပ် တုန်ရီလှိုက်ခါနေရလေသည်။

"ကိုကိုရာ ညီတို့မှာ ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာတဲ့ စည်းစိမ်ဥစ္စာတွေ ရှိနေတယ်၊ လက်ရှိလည်း စီးပွားရေးမှာ အောင်မြင်နေတယ်၊ ဘာလိုသေးလဲ၊ တကယ်တမ်း ညီတို့အတွက် လိုအပ်တာက ကိုယ့်ကို ချစ်ခင်ကြင်နာစွာ ပြုစုယုယမယ့်၊ ကိုယ့်အမိန့်သြဇာကိုလည်း နာခံမယ့်၊ ကိုယ်နဲ့ပခုံးချင်းမယှဉ်မယ့် အနီးမယား ချောချောလေးတစ်ယောက်ပဲ အလိုအပ်ဆုံးပါဗျာ"

ညီပြောခဲ့တဲ့ စကားတွေကို သူပြန်၍ ကြားယောင်လာမိလေသည်။

"ကိုယ်နဲ့တန်းတူ မိန်းမတစ်ယောက်ကို ယူပြီး တစ်သက်လုံး တပည့်ခံနေရမလား ကိုကို၊ မြတ်နိုးရာက ညီ့ကို အရမ်းချစ်

တယ်၊ တန်ဖိုးထားတယ်၊ ညီ့ဆန္ဒအတိုင်းပဲ နေထိုင်တယ်၊ ညီ့ကို အလိုလိုက်ကြည့်နေတယ်၊ ညီက ဘဝလက်တွဲဖော်အဖြစ် အဲဒီလိုမိန်းမမျိုးကိုပဲ ယူချင်တာပါ"

စင်ဒီကိုပဲ ကြည့်လေ။ သူတောင် လိုက်ပြီး တောင်းပန်ချင်နေရတယ်။ မာန်မာနက မိုးထိအောင် မြင့်နေတာပါ။ ညီနဲ့ သေင့်မြတ်ပေ။ စင်ဒီက ဆရာလုပ်လွန်းနေသည်။ ချစ်မြတ်သူကိုပင် ဆာထန်ထန် ဆက်ဆံချင်နေ၏။ နှစ်သက်ရာရဲ့ နှုတ်ခမ်းလေးတွေ၊ ဆံပင်လေးတွေ၊ မျက်နှာချောချောမွတ်မွတ် ဖူးဖူးစင်စင်လေး။

ချစ်မြတ်သူ မေ့ပစ်လို့မရ။ ဒုက္ခပါပဲကွာ။ ဒီကောင်မလေးမျိုးကို သူ ဒီလောက်အထိ စွဲလမ်းနှစ်သက်မနေသင့်ဘူး။ သူနဲ့ တန်ဘူးလေ။ သူ့ဘဝတွင် ပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်နှင့် ပူးပူးကပ်ကပ် နီးနီးစပ်စပ် နေထိုင်ဖူးခြင်းပင်။ မေ့ပစ်ရမယ်။ ဒီကောင်မလေးကို တမ်းတမနေသင့်ဘူး။ ညီ့ကို ဆောင် မြတ်နိုးရာနဲ့ သဘောမတူ၍ အတင်းအကြပ် ခွဲထားခဲ့သည်။ မဖြစ်ပါဘူး။ နှစ်သက်ရာလိုကောင်မလေးမျိုးကို စိတ်ကူးထဲဆောင် မထည့်သင့်ပါဘူး။ မေ့ပစ်ရမယ်။ တန်လို့လား။ နိမ့်ကျတဲ့ ဆောင်မလေးတစ်ယောက်နဲ့ ချစ်မြတ်သူ ဘယ်လိုမှ မတူမတန်ပါ

"ကိုကို ဘာဖြစ်နေတာလဲ၊ အဖျားရှိပြီထင်တယ်၊ ကိုကို တစ်ခါမှ ဒီလိုမချမ်းဖူးပါဘူး၊ ဆေးခန်းသွားမလား"

"ရပါတယ်ညီ၊ ခဏလေး ခဏလေး၊ ကိုကို နွေးနွေး ထွေးထွေးနေရမယ်၊ ခဏလေးပဲ ထွက်လာမယ်"

"ဟုတ်ကဲ့"

သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့ပြီး အနွေးထည် ထူထူဝတ်ပြီး ခဏလောက် စောင်ခြုံထားလိုက်ရသည်။ ပြီးတော့ ရေနွေးပူပူ တစ်ခွက် သောက်ပစ်လိုက်ရ၏။ နှစ်သက်ရာအကြောင်း စဉ်းစားပြီး ရေချိုးခန်းထဲက ရေပန်းအောက်မှာ အသိမဲ့စိတ် အချိန်အကြာကြီး ရပ်နေမိလေသည်။ အအေးပတ်ပြီထင်တယ်။ ချမ်းလိုက်တာ။ မေးစေ့တွေပင် တဆတ်ဆတ် ရိုက်ခတ်နေ၏။ နှစ်သက်ရာ မင်းကိုယ့်ကို တော်တော်ဒုက္ခပေးတဲ့ ကောင်မလေးပဲကွာ။ အတော်ကြာအောင် နွေးနွေးထွေးထွေးနေပြီးမှ အောက်ကို ဆင်းလာခဲ့ရလေသည်။

"ကိုကို"

"ဟင်"

"ချမ်းနေလို့လား"

"အေးကွ"

ဘူး။ အဖက်လုပ်စရာတောင် မလိုဘူး။ မေ့ပစ်လိုက်ရမယ်။ ကောင်မလေးနေတဲ့နေရာ သူ လုံးဝမသိလိုက်။ ကောင်းတယ်။ ချစ်မြတ်သူ မေ့ပစ်နိုင်အောင် အစွမ်းကုန် ကြိုးစားနေမိလေသည်။

"ကိုကို"

"ဟင်"

"ကိုကို"

"ဟင်"

သူ ရေပန်းအောက်မှာ အကြာကြီး ရပ်နေမိနေတာ သတိသွားသည်။ ညိကာ အပြင်မှ တံခါးကို တဘုန်းဘုန်းနှင့်ထုပြီး အော်နေ၏။ သူ အသံကြားမှ အသိစိတ်ဝင်လာရပြီး ရေပန်းကို ပိတ်လိုက်ရသည်။

"အမလေး ချမ်းလိုက်တာ၊ ခိုက်ခိုက်တောင် တုန်နေပြီ ဟီး...ဟီး"

"ကိုကို ဘာဖြစ်နေတာလဲ၊ ညီ ညစာစားဖို့ စောင့်နေတာလေ၊ ကိုကို အရမ်းကြာနေတယ်၊ ဘာလဲ ရေချိုးနေတာလား"

"အင်း"

"ဟီး...ဟီး"

ဥစ္စာတွေ သူယူနေသည်ဟု သူထင်ပြီး သဘောမတူပေ။ မြတ်နိုးရာလို မိန်းကလေးနှင့် ညီလက်ထပ်လိုက်ရင် သူတို့မိသားစုနောက်သိက္ခာကို ထိပါးစေသည်ဟု ထင်မှတ်မိသည်။ ချစ်မြတ်သူစိတ်တွေက အံ့သြထူးဆန်းစွာဖြင့် နှစ်သက်ရာဆိုတဲ့ ကောင်မလေးကို သတိရတမ်းတနေမိ၏။ မျက်နှာချောချောလေး၊ နူတ်ခမ်းဖူးဖူးလေး၊ နှာတံစင်းစင်းလေး၊ မျက်တောင်ကော့လေးတွေ ဝိုင်းရံထားသော မျက်ဝန်းညိုညိုလေးတွေ အရမ်းချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ ချစ်မြတ်သူ စိတ်တွေက ထိန်းချုပ်နိုင်ခြင်းကင်းမဲ့စွာ နှစ်သက်ရာအား သတိရတမ်းတနေမိသည်။

◆ ◆ ◆

"ဆေးခန်းသွားရအောင်၊ ကိုကိုဖျားနေမယ်၊ ကိုကို့ကြည့်ရတာ အအေးမိနေတဲ့ပုံပဲ"

"ရပါတယ်ကွာ၊ ကိုကို ရေပန်းအောက်မှာ စိမ်တာကြာသွားလို့ပါ"

ညီနှင့်ထမင်းစားရင်း နှစ်သက်ရာအကြောင်း မေးရင်ကောင်းမလားဟု စဉ်းစားနေသေးသည်။ စိတ်ကမလုံပေ။ မြတ်နိုးရာနှင့် ပတ်သက်တာတွေ လုံးဝ အစမဖော်တာ အကောင်းဆုံးပဲ၊ ညီနှင့်မျက်နှာချင်းဆိုင် ထိုင်နေရတာပင် သူ့စိတ်က သိပ်မလုံပေ၊ ညစာကို အမြန်ဆုံးစားပြီး ညီ့ရှေ့ကနေ ထွက်လာခဲ့လေသည်၊ အအေးမိသွားပြီထင်တယ်။ သူ ဖျားချင်နေရ၏။ အာခေါင်တွေလည်း ပူခြစ်လာသည်။

"အရေးကြီးတာက ကိုယ့်ကို အထင်ကြီးလေးစားပြီး ကိုယ့်လိုအပ်ချက်တွေကို ဖြည့်စွမ်းပြုစုပေးမယ့် အိမ်ရှင်မတစ်ယောက် လိုအပ်တာပါ ကိုကို၊ ကိုကို မသိသေးလို့ပါ"

ညီ့စကားတွေကို သူပြန်၍ ကြားယောင်လာမိသည်။ ညီချစ်မြတ်နိုးတဲ့ မြတ်နိုးရာကို ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးဖြစ်နေ၍ ချစ်မြတ်သူ အကြီးအကျယ် ကန့်ကွက်နေ၏။ ညီ့ဆီက ငွေကြေး

အခန်း (၉)

မမရယ် နှစ်သက်ရာ မမှားပါဘူးနော်။ အဲဒီလူကြီးကို
သက်ရာ အရမ်းမုန်းတီးတာပဲ။ နှစ်သက်ရာတို့ကို ပိုင်းလုံးမတွေ
ထင်မှတ်နေတာပါ။ ပြီးတော့ ကိုသင့်မြတ်သူနဲ့ မိန်းမ
ယောက်ကို လက်ထပ်ပေးတော့မယ်လေ။ မမ အသည်းကွဲရ
မယ်။ လူတွေကို အဖက်မတန်သလို လုပ်နေပြီး ကိန်းခန်းကြီး
ကြီးမို့ နှစ်သက်ရာ ပညာပေးချင်မိသည်။ မမကို စိတ်ထိခိုက်
ကွဲအောင် လုပ်တဲ့သူက ရာရန်သူပဲ။ ကိုချစ်မြတ်သူနှင့် ရာ
သိကွာ မထိခိုက်စေဘဲ တွေ့ဆုံဖို့နည်းလမ်းတွေ ရှာနေမိသည်။
အော်ကြီးထပြီး အလှအပတွေပြင်နေမိ၏။ ရာမျက်ဝန်းလေး
မာနတွေနှင့် တင်းမာနေလေသည်။

"ရာ"

"ဟင်"

"ဒီနေ့ အရမ်းလှပနေပါလား၊ အပြင်ထွက်မလို့လား ရာ ဒီနေ့ ကုမ္ပဏီပိတ်ရက်လေ"

"ဟုတ်ကဲ့မမ၊ ရာ သူငယ်ချင်းအိမ် သွားမလို့ပါ"

"မမညီမလေး မရိုးတော့ဘူးထင်တယ်၊ အရမ်းဂ လှပနေတာပဲ"

"အဟက်"

"ရာ"

"ရှင်"

"မမ စိတ်ပူတယ်၊ မမရင်ဆိုင်တွေကြုံခဲ့တဲ့ အဖြစ်အပျ တွေကို ညီမလေး အသိဆုံးပါပဲကွယ်"

"အင်းပါ၊ ရာက မမ စိတ်ဆင်းရဲသောကရောက်အော မလုပ်ပါဘူး"

"ရာ့ကိုတော့ မမ ယုံကြည်ပါတယ်"

မမ အနားကနေ ရာ ထွက်လာခဲ့လေသည်။ မည်း သွားရမယ်။ အကျိုးအကြောင်း ပြောပြထားရဦးမယ်။ ရာ သိ

သည်။ ဦးချစ်မြတ်သူ ရာ့ဆီလာတွေ့မှာပါ။ သူမျက်ဝန်းတွေထဲမှာ ရာ့ကို အတော်လေး နှစ်သက်စိတ်ဝင်စားနေကြောင်းပါပဲ။ ရာနှင့် ဦးချစ်မြတ်သူ တွေ့ခဲ့ရတဲ့ နေ့ရာလေးကို ရာ ရောက်လာခဲ့သည်။

"ကျွိ"

"အမွေ့"

ရာ့အနားတွင် ကားတစ်စီး ရုတ်တရက် ရပ်သွားသဖြင့် နည်းနည်းတော့ လန့်သွားရလေသည်။ ကားပေါ်မှ ဦးချစ်မြတ်သူ ဆင်းလာ၏။ ရာ ထင်ထားတဲ့အတိုင်းပဲ သူ ရောက်လာသည်။ ရာ ကြိတ်ပြီးသဘောကျသွားသည်။ ဘာခံနိုင်မှာလဲ နှစ်သက်ရာပဲဟာ။ သူမမျက်နှာလေး တည်တည်လေးနှင့် ကြည့်လိုက်သည်။ သူက အနွေးထည်နှင့် နေမကောင်းသလိုပင်။ ရာ့အနားသို့ သူက လျှောက်လာသည်။

"နှစ်သက်ရာ"

"ဟင်"

"ဟတ်ချိုး"

"အို"

"ဟတ်ချိုး"

"ဘာဖြစ်တာလဲ"

ရာရှေ့မှာ ဟန်မဆောင်နိုင်အောင် ချေနေ၏။ ရာ ရယ်ချင်သွားရသည်။

"ဟတ်ချိုး"

"အို"

"ကိုယ် ဖျားနေတယ်"

"ရှင်"

"ကိုယ် မနေ့က အအေးမိပြီး ဖျားနေတယ်လေ"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲဟင်၊ ကျွန်မက ဆရာဝန် မဟုတ်ဘူးနော်၊ ရိုးရိုးကုမ္ပဏီဝန်ထမ်းလေးပါ"

"မဟုတ်ပါဘူး နှစ်သက်ရာ၊ မင်းနဲ့ ဘာမှမဆိုင်ပါဘူး ကိုယ်ဖျားနေတဲ့အကြောင်းပဲ ပြောပြတာပါ"

"သြော်"

ဒီလူကြီး ဘာဖြစ်လို့ အအေးမိ ဖျားနေတယ်ဆိုတာ ရာ စဉ်းစားနေမိလေသည်။ မနေ့က ရာနှင့်တွေ့တော့ အကောင်းကြီးပါပဲ။

"နှစ်သက်ရာ ဘယ်လိုနေသေးလဲလို့ ကိုယ်လာကြည့်တာပါ"

"ရာ ဘာမှမဖြစ်ပါဘူး၊ ကောင်းပါတယ်၊ နည်းနည်း အကြောနာသွားတာလေ၊ အိုကေပဲ"

"ကားပေါ်တက်လေ"

"ရှင်"

"ကိုယ် တစ်ခုခု ကျွေးချင်လို့ပါ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ရာ"

"ကျွန်မ ရှင်တို့လိုလူမျိုးတွေနဲ့ မပတ်သက်ချင်လို့ပါ"

ရာ ခပ်ပြတ်ပြတ်ပဲ ငြင်းဆန်ပစ်လိုက်လေသည်။ ဒီလူကြီး သူမကို ကြွေနေပြီ။ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့။ ရှင်ကြီး ဝင့်လည်ဖို့ ကံကြမ္မာက ဖန်တီးလာတာပဲလေ။ ရာ မျက်နှာလေးက တင်းတင်းမာမာလေး ဖြစ်နေသည်။

"နှစ်သက်ရာ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မင်းကို ကားနည်းနည်းပြောချင်လို့ပါ"

"ဦးနဲ့ ရာ ပြောစရာစကားမရှိဘူးထင်တယ်၊ ဒဏ်ရာ

ကလည်း ဘာမှမဖြစ်ပါဘူး၊ ဦး သိပြီးပြီပဲလေ၊ ကျွန်မကို ခပ်ညှဉ်းညှဉ်း ခပ်ပေါ့ပေါ့ ကောင်မလေးတစ်ယောက်လို့ မထင်ပါနဲ့နော်၊ အလွယ်တကူ စည်းရုံးလို့ရမယ်လည်း မထင်ပါနဲ့၊ ဦးကို ကျွန်မ လုံးမပတ်သက်ချင်တာ"

"နှစ်သက်ရာ ကိုဇော် အဲဒီလိုမဟုတ်ပါဘူး၊ မင်းက တာဝန်မဲ့သလို ဖြစ်နေလို့ ကိုယ် စိတ်မကောင်းဖြစ်မိနေတယ် တောင်းပန်ချင်လို့ပါ၊ ဟတ်ချိုး ဟတ်ချိုး"

စကားပြောရင်း သူမျက်နှာကြီး နီမြန်းပြီး ချေနေသည် ဘယ်လိုဖြစ်လာရတာလဲ။ သူဖြစ်နေတာကိုကြည့်ပြီး ရာ ကြီး ဝမ်းသာ ပျော်ရွှင်နေ၏။ ကောင်းတယ်။ ရှင်ကြီး ကျွန်မကို အရမ်း တွေ့ချင်နေတာ မဟုတ်လား။ ကျွန်မ ပျော်လိုက်တာ။ ဦးချစ်မြတ်သူ ရဲ့ ကိန်းခန်းကြီးမှတွေ ဘယ်ရောက်ကုန်ပြီလဲ။ တစ်လောကလုံး က မိန်းမတွေကို ရှင်နဲ့မတန်ဘူးလို့ ထင်နေတဲ့ လူကြီး။ ဘာတင် နိုင်သေးလဲ။

"တက်ပါ နှစ်သက်ရာ၊ ကိုယ် တောင်းပန်ပါတယ်"

"ဦး"

"ဟာကွာ"

"ကျွန်မက ကိုယ့်ထက် အသက်အရွယ် ကြီးရင့်တဲ့သူ ဦးလို့ပဲခေါ်တာ"

"အဓိလေး ကြိုက်သလိုသာ ခေါ်ပါ၊ ဒါပေမဲ့ ကိုယ်က ဦး အရွယ်တော့ မဟုတ်ဘူးနော်"

ကောင်မလေးကိုတွေ့လိုက်ရတော့ ချစ်မြတ်သူ ဝမ်းသာ အော်ရွှင်သွားရလေသည်။ သူ တစ်ညလုံး အိပ်မရ။ ကောင်မလေး ကိုပဲ တွေ့မြင်ချင်နေ၏။ ဖျားနေသည်။ အဖျားတွေ တက်နေတုန်း ကလည်း နှစ်သက်ရာကိုပဲ သူ့အနားမှာရှိနေစေချင်ပြီး ပြုစုယုယ ဆောင်ရွက်နေမိလေသည်။ မနက်ကျတော့ ကောင်မလေးနှင့် ဆုံတွေ့ခဲ့တဲ့ နေရာလေးဆီကို ရောက်လာတော့၏။ တွေ့လိုတွေ့ငြား သာခဲ့မိပေမယ့် တွေ့ရတော့လည်း ဝမ်းသာနေရသည်။

"ဦးနဲ့ တစ်ခုခုစားပြီး စကားနည်းနည်းပြောချင်လို့ ခဏ လေးပဲဖြစ်ဖြစ် လိုက်ခဲ့ပေးပါလား"

"ဟင့်အင်း"

"ဟာကွာ"

"ကျွန်မ သွားစရာရှိနေလို့ပါနော်"

"နှစ်သက်ရာ"

"ဟို ကျွန်မ တကယ်ပဲ မအားလို့ပါ၊ ဦးက ကျွန်မကို အထင်သေးတာလား၊ ဦးခေါ်တိုင်းလိုက်မယ့် မိန်းကလေးလို့ ထင်နေလို့လား"

"မဟုတ်ပါဘူး နှစ်သက်ရာ၊ ကိုယ်က နှစ်သက်ရာကို ခင်မင်ချင်လို့ပါ၊ ကိုယ်လည်း ပထမဆုံး နှစ်သက်ရာနဲ့ပဲ ပတ်သက်ခဲ့တာပါ၊ ကိုယ် ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဖူးဘူး၊ ဒီလိုလည်း အတူတူစားသောက်ဖို့ ခေါ်တာတွေမရှိဘူး၊ မင်း ကိုယ့်ကို ယုံပါ နှစ်သက်ရာ"

ရှင်ကြီးက ကိန်းခန်းကြီးနေလို့ မဟုတ်လား၊ တော်ရုံမိန်းကလေးတွေကို အထင်မကြီးတာ မဟုတ်လား။ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတွေကို ပိုင်းလုံးမတွေလို့ ထင်မှတ်နေတာမဟုတ်လား။ ဦးချစ်မြတ်သူက သူမအား ခခယယ တောင်းပန်ပြောဆိုနေတာကို သဘောကျနေမိသည်။ ကောင်းတယ်။ ရှင်ကြီး ဒီထက်တောင် အောက်ကျရဦးမယ်။ စောင့်ကြည့်နေလေ။

"ဦး သွားပါတော့၊ ကျွန်မက ဆင်းရဲတယ်၊ ဦး ကားပေါ် လိုက်စီးနေရင် ကျွန်မကို တစ်မျိုးထင်သွားမှာ စိုးရိမ်လို့ပါ"

"ဟို ဦး အဲ ကိုယ်"

"ကျွန်မက ဦး အရေးအရာလုပ်ရအောင် အဆင့်မရှိပါဘူးနော်၊ အရမ်းပဲ ဆင်းရဲပြီး နိမ့်ကျတဲ့မိန်းကလေးပါ၊ ဦး ထပ်ပြီး ဖတ်သက်ချင်ပါနဲ့တော့၊ ပြန်ပါ၊ ကျွန်မကလည်း ဦးခေါ်တဲ့နောက်ကို ဘယ်တော့မှ လိုက်မှာမဟုတ်ပါဘူး"

နှစ်သက်ရာ ခပ်ပြတ်ပြတ်လေးပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဦးချစ်မြတ်သူ ကြောင်စီစီနှင့် ကျန်ခဲ့၏။ ရှင်ကြီးကို နှစ်သက်ရာက အထင်ကြီးမယ်မထင်နဲ့နော်။ ဦးချစ်မြတ်သူကို သူမက နာကြည်းမုန်းတီးနေမိသည်။ မမမြတ်နိုးရာ ဘယ်လောက် အထိများ ကြိတ်မှိတ်ခံစားနေရလဲ။ မမချစ်သူ ကိုသင့်မြတ်သူက မမြတ်နိုးရာကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ နှစ်သက်ရာ သိနေတာပဲ။ သူတို့ရဲ့မိသားစု မျိုးရိုးဂုဏ်သိက္ခာကို ထိပါးစေသည်တဲ့။ ဦးချစ်မြတ်သူရဲ့ စွပ်စွဲပုတ်ခတ်ချက်တွေကို သူမ နာကျင်စွာ တွေးနေမိသည်။

သူငယ်ချင်း ညီ့ဆီရောက်တော့ ရာ အကျိုးအကြောင်းအဖြစ်အပျက်တွေကို ပြောပြမိ၏။ ညီက ရာရယ် မဟုတ်တာတွေ ဆွေးနွေးမလုပ်နဲ့နော်ဟု ပြောသည်။ သူမကတော့ လုပ်သင့်သည်ဟု ဆုံးဖြတ်ပြီး ညီနှင့် ညီ့ဦးလေး သံချောင်းထဲတွင် အကူအညီ

ဆော့လေ”

“ရာ”

ညိုက စိုးရိမ်တကြီးနှင့် ဝင်ပြီး ဟန့်နေသဖြင့် ရာကတော့ ဦးလေးသံချောင်း ကူညီပါဟုပဲ တောင်းဆိုနေသည်။ ညိုက ရာ့ကို တစ်စုံတစ်ခု အမှားအယွင်းဖြစ်သွားမှာ စိုးရိမ်နေ၏။ နှစ်သက်ရာကတော့ ခေါင်းမာစွာဖြင့် လုပ်ချင်တာလုပ်ပစ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ ဦးလေးသံချောင်းကလည်း ရာ့ကိုယုံကြည်၍ ကူညီမည်ဟု ပြော၏။ ရာကတော့ မာန်မာနတွေ ဝင်းတောက်နေသော ချက်ဝန်းတွေနှင့် စူးစူးရှရှ ကြည့်နေမိသည်။

“ဟဲ့ ရာ နင်ဘာတွေ လုပ်နေတာလဲဟာ၊ ပြဿနာတွေ တက်မယ်၊ သူတို့က ချမ်းသာတဲ့သူတွေလေ”

“ရတယ်”

“ရာ”

“ထားလိုက်ပါ၊ ရာ့အစ်မ ဘယ်လောက်အထိ ခံစားနေရလဲဆိုတာ အသိဆုံးပဲ၊ ဦးချစ်မြတ်သူဆိုတဲ့ လူကြီးက ကိုယ်ချင်းစာတရားမှ မရှိတာဘဲ

“နင့်မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ၊ အနာဂတ်

တောင်းခဲ့၏။ ဦးချစ်မြတ်သူနှင့် ဖြစ်ပျက်ခဲ့တာတွေ ရှင်းပြခဲ့သည်။

“ဦးလေးသံချောင်း”

“ဟင်”

“ရာ့ကို ကူညီပါနော်”

“ဘာကူညီရမလဲ နှစ်သက်ရာ၊ ညည်းက ဦးလေးသံချောင်း တူမရဲ့ သူငယ်ချင်းဖြစ်နေတယ်လေ၊ ဦးလေးသံချောင်းက မတရားလုပ်တာ မကြိုက်ဘူး၊ ပြောလေ နှစ်သက်ရာ”

တူမလေးသူငယ်ချင်း နှစ်သက်ရာတို့ ညီအစ်မအကြောင်း မိမိအသိဆုံးပင်။ ရိုးသားဖြူစင်ပြီး ကျန်ခြေသိက္ခာကြီးမားကြသူတွေ ဖြစ်ကြသည်။ တစ်ဖက် ယောကျ်ားလေးရှင်က မတရားလုပ်တာပဲ စိတ်ထဲမှာ နည်းနည်းလေးတော့ ခံပြင်းသွားရ၏။ ရိုးသားအေးချမ်းတဲ့ မြတ်နိုးရာကိုလည်း သနားမိသည်။

“ရာ့ကို ဦးလေးအဖြစ် သရုပ်ဆောင်ပေးဖို့ပါ”

“ဟင်”

“ဒီလူကို ရာ ဘယ်လောက် ဆင်းရဲနွမ်းပါးလဲဆိုတာ ပြချင်တယ်၊ ဂုဏ်ဒြပ်တွေ ကင်းမဲ့လွန်းတဲ့ မိန်းကလေးဆိုတာ သူ့ကို တွေ့မြင်စေရမယ်၊ ဒါမှ နှစ်သက်ရာကို ချစ်တယ်ဆိုရင်

အခန်း (၁၀)

ချစ်မြတ်သူကတော့ နှစ်သက်ရာဆိုတဲ့ ကောင်မလေးကို ဝဲ သတိရနေမိလေသည်။ မြင်တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်နေရ၏။ တော်တော်မာနကြီးတဲ့ ကောင်မလေးပဲ။ သူလို ကောင်ကိုတောင် အဖက်မလုပ်ချင်သော အေးစက်စက်လုပ်နေသော နှစ်သက်ရာကို အားမလိုအားမရ ဖြစ်နေရလေသည်။ ညီလည်း မြတ်နိုးရာကို ဒီလိုပဲ နှစ်သက်စွဲလမ်းခဲ့တာလား။ ညီ့ချစ်သူကို တစ်ကြိမ်တစ်ခါမျှ မတွေ့ဖြစ်ခဲ့ဖူးပေ။ မြတ်နိုးရာက ညီ့ဆီက တိုက်ခန်းတွေ ဘာတွေ ယူသေးသည်။ နှစ်သက်ရာက စားသောက် ဆိုင်ပင် မလိုက်။ သူ ဒေါသကြီးပြီး ဒီကောင်မလေးနှင့် မတွေ့ တော့ဘူးဟု ဆုံးဖြတ်ထားမိပေမယ့် သူစိတ်တွေက ထိန်းချုပ်ထား

တွေ ပျောက်ဆုံးသွားလိမ့်မယ်၊ နင် အရှုံးတွေနဲ့ ရင်ဆိုင်လိုက်ရရင် ဘယ်လိုလုပ်မလဲ”

နှစ်သက်ရာရဲ့ အေးစက်စက် မာကျောသော မျက်ဝန်း လေးက ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ကြောင်း အဓိပ္ပာယ်တွေ ပြည့်နှက်နေသည်။ စိတ်ဓေဒနာတွေ ခံစားနေရရှာတဲ့ မမမြတ်နိုးရာ ရဲ့ ဘဝ ထိခိုက်နာကျင်မှုတွေအတွက် ပေးဆပ်ရလိမ့်မယ်။ ဒါမှ တရားမျှတမှုဆိုတာ ရှိလာနိုင်မည်ဖြစ်သည်။

◆ ◆ ◆

၍မရပေ။ နှစ်သက်ရာလေးကိုပဲ တွေ့ချင်နေမိလေသည်။ ကုမ္ပဏီမှာ သူစိတ်တွေက အလုပ်ထဲမှာမရှိဘဲ နှစ်သက်ရာလေးဆီရောက်နေတော့သည်။

နှစ်သက်ရာကို မြင်တွေ့ပြီးသည့်နောက် ချောမောလှပသော နှစ်သက်ရာရဲ့ မျက်နှာလေးကို သူ မမျှော်လင့်ဘဲ စွဲထင်ကျန်ရစ်နေခဲ့သည်။ သူ နှစ်သက်ရာလို ကောင်မလေးတစ်ယောက်ကို ချစ်မိသွားလိမ့်မည်ဟုလည်း အတွေးထဲမှာပင် ဘယ်လိုမှထည့်ပြီးတွေးမိမည်ဟု မထင်ခဲ့မိပေ။ သူက အရှိမ်းဖီဖာကြောင်ပြီး ဂုဏ်သိက္ခာအတွက် ကိန်းခန်းကြီးကြီး နေထိုင်ခဲ့သူ။ ကောင်မလေးက သူမဘဝကို မကွယ်မဝှက် ပြောခဲ့တာကပင် ရိုးသားမှုလား နှစ်သက်ရာရယ်။ မင်းကို ကိုယ် မေ့ပစ်လို့မရဘူးကွာ။ နှစ်သက်ရာအကြောင်းကို သိချင်နေသည်။ ကောင်မလေးမှာတော့ ချစ်သူကောင်လေး မရှိနိုင်ပါဘူး။ နှစ်သက်ရာရဲ့ မာနမျက်ဝန်းလေးကို အနှစ်သက်ဆုံးပဲ။ နှစ်သက်ရာအကြောင်း စုံစမ်းဖို့ သူမ အလုပ်လုပ်သော ကုမ္ပဏီပိုင်ရှင် သူငယ်ချင်းမြနှင်္ဂာရဲ့ စူပါမားကက်သို့ ရောက်လာခဲ့သည်။ နှင်္ဂာက သူနှင့်ရင်းနှီးပြီးသား ပြောမနာ ဆိုမနာတွေ့။ သူကိုပင် အချစ်ဟု

ခေါ်လွန်း၍ တမင်ရှောင်နေတာ ကြာပါပြီ။ သူရောက်လာတော့ နှင်္ဂာပင် တအံ့တသြဖြစ်နေသည်။

"နှင်္ဂာ"

"ဟယ်, အချစ် ဘာလာလုပ်တာလဲ၊ ရှင်က အလုပ်တွေ အရမ်းများတာလေ"

"ကိုယ် အလုပ်ကိစ္စလေးရှိလို့ပါ၊ နှင်္ဂာနဲ့လည်း မတွေ့တာ ကြာလို့လေ"

သူနှင့်နှင်္ဂာက ငယ်သူငယ်ချင်းတွေပါ။ နှင်္ဂာက စူပါမားကက်တစ်ခုကို ပိုင်ဆိုင်ထားပြီး နှစ်သက်ရာက ဝန်ထမ်းဖြစ်သည်။

"ကိုယ်လည်း မားကက်တစ်ခု ဖွင့်မလို့ဘဲ၊ နှင်္ဂာဆီ စိတ်ကူးရတာနဲ့ လာပြီးလေ့လာတာလေ"

"ဟင် တော်တော်လောဘကြီးတာပဲ၊ ရှင့်မှာ ဒီလောက် အထိ လုပ်ငန်းတွေ များနေတာပဲဟာ"

"ကိုယ်က အလုပ်လုပ်နေရမှ ကျေနပ်တာလေ၊ ကိုယ် ဝင်လေ့လာလို့တောင် မရဘူးလား"

"ရပါတယ်နော်၊ အချစ်ဆန္ဒက နှင်္ဂာဆန္ဒပါပဲ၊ ကဲ လာ

လျှောက်ကြည့်ရအောင်''

သူစိတ်တွေက တုန်ရီလှိုက်ခါနေသည်။ ဒီကောင်မလေးနဲ့ မျက်နှာချင်းဆိုင် တွေ့ရမှာ ကြောက်ရွံ့တုန်လှုပ်နေမိသလိုပင်။ မျက်လုံးတွေပင် ပျာစေချင်နေမိလေသည်။ နန္ဒာက လိုက်ပြီး ရှင်းပြနေပေမယ့် သူ ဘာမှမကြားမိ။ နှစ်သက်ရာကို ရှာနေမိလေသည်။ ဘယ်ရောက်နေလဲ နှစ်သက်ရာ။ ကိုယ့်စိတ်တွေကို ဘယ်လိုမှ ထိန်းချုပ်လို့မရတော့ဘူးကွာ။ ကိုယ် အရမ်းပဲ တွေ့ချင်မြင်ချင်နေတယ်။ အရှက်သိက္ခာတွေကိုတောင် မငဲ့ကွက်နိုင်အောင်ပါပဲ။ နန္ဒာက သူ့ကို စိတ်ဝင်စားနေပြီး အခွင့်အရေးတွေ ပေးခဲ့ပေမယ့် သူက နန္ဒာ့အဆင့်လောက်တောင် သူ့ရဲ့ချစ်သူတစ်ဦးအဖြစ် မစဉ်းစားခဲ့ပေ။ နှစ်သက်ရာလေးကို မြေတောင်မြှောက်ပေးပြီး သူနဲ့တန်းတူဖြစ်အောင် ပံ့ပိုးကူညီပေးချင်နေမိလေသည်။

''အချစ်''

''ဟင်''

''ဒီမှာ နန္ဒာ့လက်ထောက်တစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့''

''အင်း''

သူ အတွေးတွေဝင်နေပြီး အသိမဲ့နေရာမှ နန္ဒာ့အသံကြောင့် အိပ်မက်လာကာ ကြည့်လိုက်တော့ သူ့ရှေ့မှာ ကြော့ကြော့မော့မော့လေး ရပ်နေသူက နှစ်သက်ရာ ဖြစ်နေလေသည်။

''ဟင်''

''သူနာမည်က နှစ်သက်ရာတဲ့၊ နန္ဒာ့လက်ထောက်လေး၊ အရမ်းတော်တယ်၊ အားလည်းကိုးရတယ်၊ နှစ်သက်ရာက လိုက်ပြီး ဆက်ရှင်းပြလိမ့်မယ်နော်၊ နန္ဒာ အရေးတကြီးဖုန်းလာလို့ ခဏသွားရမယ် အချစ်ရယ်၊ တကယ်ပါပဲ၊ အချစ်လာမှကွယ်''

ဘုရားရေ။

နန္ဒာက အချစ် အချစ်နဲ့ ခေါ်နေတော့ နှစ်သက်ရာ ဆိုတဲ့ကောင်မလေးက တစ်မျိုးထင်တော့မှာပဲ။ နန္ဒာ့အကျင့်ကိုက သူ့ကို အာက်နောက်ပြောင်ပြောင်နှင့် ကျောင်းမှာနေကတည်းက အချစ်ဟုခေါ်တတ်သည်။ နှုတ်ကျိုးနေတော့ အခုထိ အချစ်ပဲ။ သူ နန္ဒာဆီကဘုးတကလာတာ နန္ဒာက သူမအား စိတ်ဝင်စားနေလို့ထင်ပြီး သူ့ကို ညုတုတုနှင့် တယုတယ လုပ်နေလေသည်။

''အချစ်''

''ဟင်''

"နှစ်သက်ရာ ဆက်ပြီး ပြောပြလိမ့်မယ်၊ မာမီ နေမကောင်းလို့တဲ့၊ နန္ဒာ သွားရမယ်၊ အချစ်လည်း ညနေဝင်လာခဲ့နော်"

"အင်း"

"အိုကေ ရာ၊ မင်းပဲ လိုက်ပြီး အချစ်သိချင်တာတွေ ရှင်းပြလိုက်ပါ၊ အချစ်က အရေးကြီးတယ်နော်၊ ဂရုစိုက်"

"ဟုတ်ကဲ့"

"ဒါဆို နန္ဒာ သွားပြီနော် အချစ်၊ ဘိုင့် ဘိုင်"

နန္ဒာ ထွက်သွားတော့ သူ စိတ်လှုပ်ရှားစွာဖြင့် ကြောင်တောင်တောင်လေး ကျန်ရစ်ခဲ့လေသည်။ သူခန္ဓာကိုယ်တစ်ခုလုံး ထူပူနေပြီး အသိမဲ့သလိုဖြစ်သွားတော့သည်။

"ဦး"

"ဟင်"

"လာလေ"

နှစ်သက်ရာ ခေါ်တော့မှ အသိဝင်လာကာ နှစ်သက်ရာနောက် လိုက်လာခဲ့လေသည်။

"နှစ်သက်ရာ"

"ရှင်"

"ကိုယ်နဲ့ နန္ဒာကို တစ်မျိုးမထင်နဲ့နော်၊ သူက ဒီလိုပဲ သဘောယဉ်လေးကတည်းက ကိုယ့်ကို နောက်ပြောင်ပြီး အချစ်လို့ ခေါ်တာ"

နှစ်သက်ရာက ရှေ့ပဲဆက်ပြီး လျှောက်နေလေသည်။ သူ ရှင်းပြမှဖြစ်မယ်။ နန္ဒာက ရှင်းရှင်းလင်းလင်း ပြောမပြဘဲ အချစ် အချစ်နဲ့ နှစ်သက်ရာ မျက်နှာလေးက တင်းမာခက်ထန်နေသည်။ သူ နောက်မှလိုက်ပြီး ရှင်းပြနေမိ၏။ ကုမ္ပဏီလုပ်ငန်းဆွေးနွေးလည်း စိတ်မဝင်စားတော့။ နှစ်သက်ရာကိုပဲ ရှင်းပြနေမိလေသည်။

"သူက အချစ်ခေါ်တိုင်း ကိုယ်တို့က ချစ်သူတွေမဟုတ်ဘူးနော် နှစ်သက်ရာ၊ မိတ်ဆွေတွေပါ၊ ကျောင်းနေဖက်သူငယ်ချင်းဆွေဝဲ"

"ဒီမှာ"

"ဟင်"

"ကျွန်မကို ဘာဖြစ်လို့ ဒီလောက်အထိ လိုက်ပြီးရှင်းပြရတာလဲ၊ ကျွန်မနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်မတာဝန်က ဦး

သိချင်တာတွေကို လိုက်ရှင်းပြဖို့ပါပဲ''

''မဟုတ်ဘူးလေ၊ ကိုယ့်ကို နန္ဒာနဲ့ ချစ်သူတွေလို့ ထ
သွားမှာစိုးလို့ပါ၊ ကိုယ်တို့က ငယ်သူငယ်ချင်းတွေပဲ၊ ချစ်သူ
လုံးဝမဟုတ်ဘူးလေ''

သူမ စိတ်ကို အတော်လေး ထိန်းချုပ်ထားရ
အလုပ်ကိစ္စအကြောင်း မမေးဘဲ မမေးနန္ဒာနှင့် ချစ်သူတွေ မဟု
ကြောင်းသာ ရှင်းပြနေတော့သည်။ ပတ်ဝန်းကျင်ကလည်း
တို့ကို သတိထားကြည့်နေ၍ ရာ မျက်နှာလေးက တင်းနေ
သည်။ ပတ်ဝန်းကျင်က တစ်မျိုးတစ်မည်ထင်မှာကိုတော့
လက်မခံနိုင်ပေ။ သူ ဘယ်လောက်ပဲ ချမ်းသာပါစေ။ ရာ ချစ်
နိုးစွာ လက်ထပ်မယ့် ယောကျ်ားတစ်ယောက်က သူ့လိုလူ
မဖြစ်နိုင်ပါဘူး။

''နှစ်သက်ရာ''

''ရှင်''

''ကိုယ် ဒီကိုလာတာ ဘာကြောင့်လဲ သိလား''

''ရှင်''

''မင်းကြောင့်ပဲ''

နှစ်သက်ရာ ခြေလှမ်းလေးတွေ တုံ့ခနဲ ရပ်သွားလေသည်။
ငင်းမာတဲ့ မျက်ဝန်းလေးများနှင့် ကြည့်မိလိုက်၏။ သူ ပျာယာ
တ်သွားလေသည်။

''ကိုယ် မင်းကိုတွေ့ချင်လို့ လာခဲ့တာ၊ နန္ဒာဆီမှာ မင်း
နေတယ်ဆိုတာ ကိုယ် သိလိုက်လို့ပဲ''

''ဒါဆို ကျွန်မတာဝန် ပြီးဆုံးသွားပြီပေါ့ နော်''

''ရာ''

သူမ ပြန်လှည့်ထွက်သွားမယ်လုပ်တော့ သူ အခက်တွေ့
ပြီး ဘယ်လိုတားဆီးရမလဲဆိုတာ စဉ်းစားရင်း ယောက်ယက်
သွားရတော့သည်။ ကောင်မလေးက ကြော့ကြော့လေး တွက်
၏။ သူ ဟန်မပျက် နောက်မှလိုက်နေရသည်။ တော်တော်
ငင်းကြောမာတဲ့ ကောင်မလေးပဲ။ မာနကလည်း ကြီးလိုက်
တာကွာ။ ပတ်ဝန်းကျင်ကလည်း မရိပ်မိအောင် သူ ဟန်ဆောင်
နေသေးသည်။ နန္ဒာ့ပြောပြီး အလုပ်ထုတ်ပစ်လိုက်ရင် ကောင်း
တယ်။ ဒေါသက ထွက်ချင်လာရသည်။

''မင်းတာဝန်မဲ့တယ်လို့ ကိုယ် နန္ဒာ့ကို ပြောလိုက်ရ
မလား''

"ပြောလေ၊ ဦးက လုပ်ငန်းကိစ္စ လာတာမဟုတ်ဘ
ကျွန်မကိုတွေ့ချင်လို့ လာတာလို့"

"မင်းတော်တော်ဆိုးတဲ့ ကောင်မလေးပဲ၊ မင်းနဲ့
လာဆုံရတယ်လို့ကွာ"

သူမက မရယ်မပြုံးဘဲ ခပ်တည်တည်လေးလုပ်နေသ
သူ ကြောင်တောင်တောင်နှင့် ထွက်လာခဲ့ရလေသည်။

"ဟူး စိတ်မောလိုက်တာ၊ တော်တော်ဆိုး
ကောင်မလေးပဲ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ နန္ဒာကို အချစ်လို့မခေ
ပြောရမယ်၊ ချစ်သူတွေလည်း မဟုတ်ဘဲနဲ့"

ကားပေါ်မှာထိုင်ရင်း မကျေမနပ်နှင့် ပြောနေမိလေသည
နှစ်သက်ရာက တော်တော်ဆိုးတာပဲ။ သူနှလုံးသားတွေထဲအ
ထိုးဖောက်လွှမ်းမိုးထားနိုင်တာပဲ။ နှစ်သက်ရာကို သူ ချစ်မိခြ
ဘယ်လိုလုပ်ရမလဲ။ ညီ သိသွားရင်။ ညီ့ကို ကိုယ်ချင်းစာမိသ
လိုတော့ ဖြစ်သွားရော။ အချစ်ဆိုတာ မျက်စိမပါဘူးလား။

ချစ်မြတ်သူ ဂုဏ်ဒြပ်တွေ အဆင့်အတန်းဆိုတာတွေ
မေ့ပစ်ချင်လာရသည်။ လောကကြီးထဲမှာ လူတွေဟာ အတူ
ဖြစ်သင့်တယ်။ သူ့စိတ်တွေ ကယောင်ချောက်ချားနှင့် ကား

ထိုင်နေမိလေသည်။

"ကိုကို"

"ဟင် စင်ဒီ"

"ဘာလုပ်နေတာလဲ"

"ကိုကို့မှာ အလုပ်ကိစ္စတစ်ခုရှိလို့ ဒီမှာစောင့်နေတာလေ"

စင်ဒီကိုမြင်တော့ သူ အထိတ်တလန့်ဖြစ်သွားရသည်။ နှစ်သက်ရာရဲ့ မျက်နှာထားတင်းတင်းလေးက ချစ်စရာကောင်းပြီး
နေမျက်နှာလေး ဖြစ်နေ၏။ စင်ဒီက အထင်မကြီးသော မျက်ဝန်း
ဆွေး သူတောင် စင်ဒီရှေ့ရောက်လျှင် သိမ်ငယ်သွားရသလိုပင်။

"သင့်မြတ်သူက အရမ်းပဲညံ့တယ် ကိုကို၊ အလုပ်ကို
သည်း စိတ်မဝင်စားဘူး၊ စင်ဒီက အဲဒီလိုယောကျ်ားမျိုးကို အထင်
မကြီးဘူး၊ ကိုကိုပြောတော့ ညီက အရမ်းပဲထက်မြက်ပြီး တော်တာ
ညီ၊ ဟွန်း ဒက်ဒီကတောင် စင်ဒို့ကို စဉ်းစားဦးတဲ့၊ သူ့အစ်ကို
ချစ်မြတ်သူတောင် ဒက်ဒီတို့ အသိုင်းအဝိုင်းမှာ စာမဖွဲ့လောက်
ဘူးတဲ့"

ချစ်မြတ်သူ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရ
သည်။ သူ ဆတ်ဆော့ပြီး ညီနှင့် လက်ထပ်ပေးဖို့ ပြောလိုက်မိ

အခန်း (၁၁)

"ညီ စင်ဒီနဲ့ လက်မထပ်ချင်ဘူးလို့ ပြောထားပြီးပြီပဲ၊ ဘယ်သူ့ကိုမှ သွားမတွေ့ချင်ပါဘူး ကိုကိုရာ၊ ပြီးတော့ အကြည့် ဆွေက လူတွေကို အထင်မကြီးသလိုလိုနဲ့"

သူက စင်ဒီမာမီကို သူညီနှင့် စင်ဒီကို လက်ထပ်ပေးဖို့ ကြားအောင်သွယ်တွေကတစ်ဆင့် တောင်းဆိုခဲ့မိလေသည်။ အောင်သွယ်က ရှေ့နေကြီး ဦးအောင်ချိုန် ဖြစ်နေ၍ အခက်တွေ့ နေရ၏။ သူ ဆတ်ဆော့တာပါ။ ညီနှင့် မြတ်နိုးရာ နီးစပ်သွားမှာ စို်း၍ စင်ဒီလို မိန်းကလေးတစ်ယောက်ကို ရှာဖွေခိုင်းခဲ့လေသည်။

"မင်းသွားတွေ့ရမယ်၊ ကိုကိုလည်း လိုက်မယ်၊ လူကြီး ဆွေရှေ့မှာ ပြောလိုက်ပါကွာ"

သည်။ စင်ဒီ ဒက်ဒီက ဘဝင်ကြီးပဲ။ ချစ်မြတ်သူပင် အောင် သက်သက် ဖြစ်သွားရလေသည်။

"စင်ဒီကတော့ ဒက်ဒီကို ပြောထားတယ်၊ သင့်မြတ်သူ ကို လက်ထပ်မယ်လို့၊ တဖြည်းဖြည်း သမီးဖြစ်စေချင်တဲ့ပုံ သွင်းယူမယ်လို့၊ မနက်ဖြန်မနက် ကိုကိုနဲ့ သင့်မြတ်သူ လာခဲ့ပါ ဒက်ဒီက တွေ့ချင်လို့တဲ့"

"အင်း"

ယောင်ယမ်းပြီး ခေါင်းညိတ်ပြမိသည်။ သူ နှစ်သက်ရာ နှင့် အဆင်မပြေဖြစ်လာ၍ ကားကို စက်နှိုးပြီး မောင်းမထွက်နိုင် သေးဘဲ ကြောင်စီစီနှင့်ထိုင်နေစဉ် စင်ဒီနှင့်လာတွေ့ခြင်းဖြစ်သည်။ ကျောချမ်းချင်စရာကောင်းတဲ့ စင်ဒီပဲ။ ညီ့ကို နှိမ့်ချပြောဆိုလေ နေတာ သူနားထဲ ကန့်လန့်တိုးဝင်လာ၏။ သူကြောင့်ပဲ ဂုဏ်ခြ တွေကို ရှေ့တန်းတင်ပြီး မဆင်မခြင်လုပ်မိ၍ သူရော ညီ ဒုက္ခရောက်နေရသည်။ မြတ်နိုးရာဆိုတဲ့ ညီ့ချစ်သူ ကောင်မလေး ကို မတရားလုပ်မိလို့ သူ တန်ပြန်ခံစားနေရပြီလား။ သူ စိတ်ဒ ဓာဖြင့် ကားကို မောင်း၍ထွက်လာခဲ့သည်။

◆ ◆ ◆

"ညီ"

"ဗျာ"

"ခဏလေးဖြစ်ဖြစ် သွားတွေ့လိုက်ပါကွာ၊ ကိုကို ဆောင်းပန်ပါတယ်၊ ကိုကိုလည်း လိုက်မယ်လေ"

ညီကို အတင်းအကြပ်ခေါ်ပြီး သွားတွေ့သည်။ စင်ဒီ့ဒက်ဒီက သူ့ထက်ပင် ကိန်းခန်းကြီးနေ၏။ အကြည့်တွေကိုက ဒီလောက်လေးက ဘာမှအထင်ကြီးစရာ မရှိဘူးဆိုတဲ့ အကြည့်တွေ။ ညီ့မျက်နှာကြောက တင်းနေ၍ သူ ကြားမှ ဖာထေးပြောဆိုနေရလေသည်။

"မင်္ဂလာပွဲအတွက် မောင်ရင်တို့ဘက်က ဘယ်လောက်အတိုင်းအတာအထိ လုပ်ပေးနိုင်မလဲ ပြောပါ၊ ကိုယ်က တစ်ဦးတည်းသော သမီးလေးဖြစ်လို့ ဖြစ်နိုင်ရင် အကြီးကျယ် အခမ်းနားဆုံး ဖြစ်စေချင်တယ်"

"ဟုတ်ကဲ့၊ အန်ကယ်လ် စီစဉ်ပါ၊ အန်ကယ်လ်တို့ဆန္ဒအတိုင်း ဖြည့်စွမ်းပေးပါ့မယ်ဗျာ"

ကိုကို ပျာယာခတ်နေတာကို သူက သဘောမကျပေ။ ကြီးကျယ်ခမ်းနားမှုကို သူ နှစ်သက်ပေမယ့် ကိန်းခန်းကြီးတာတော့

"မသွားချင်ဘူးဗျာ"

ညီ့ကို သူ အပြစ်မတင်ချင်တော့ပေ။ စင်ဒီတို့မိသားစုက နည်းနည်းမောက်မာလွန်းနေသည်။ ညီက မဟုတ်မခံသူ။ ညီ့ကြည့်ရတာလည်း အားမလို အားမရ ဖြစ်နေမိလေသည်။ ညှိုးနွမ်ခြောက်သွေ့နေပြီ။ အရက်ကို အလွန်အကျွံ သောက်ထားပုံပင်။

"ကိုကိုတော့ ဒုက္ခပါပဲကွာ၊ သွားပြီး ဆတ်ဆော့မိနေတယ်၊ ညီ့ဆန္ဒမပါဘဲလည်း မလုပ်ချင်တော့ဘူး"

"ကိုကို တကယ်ပြောတာလား၊ ညီ့ဆန္ဒမပါဘဲ ဘာမလုပ်ချင်တော့ဘူးလား"

သူလည်း လွတ်ခနဲ ပြောပြီးမှ ပြန်ထိန်းလိုက်ရသည်။ မြတ်နိုးရာနဲ့တော့ သဘောမတူသေးပါဘူး။ ဒီလိုနိမ့်ကျတဲ့ မိန်းကလေးတစ်ယောက်နဲ့တော့ ညီ့ကို လက်မထပ်စေချင်သေး သူကရော နှစ်သက်ရာကို မှေပစ်ရမယ်။ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကြောင့် သူ့ဂုဏ်သိက္ခာတွေ အကျအနိုင်ပါဘူး။

"ညီ စင်ဒီနဲ့ လုံးဝလက်မထပ်ဘူး ကိုကို၊ ညီ နိုင်ငံခြားကို သွားတော့မှာပဲ"

"မင်း မင်း ဘာလူပါးဝတာလဲကွ၊ ဒါ လူကြီးလူကောင်းဆွေ စကားပြောနေတာကွ"

ညီ့စကားကြောင့် ချစ်မြတ်သူ ပျာပျာသလဲ တောင်းပန်လိုက်ရသည်။

"ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်လ်၊ ဘယ်လို ဖြစ်ဖြစ် အန်ကယ်လ် စိတ်တိုင်းကျ စီစဉ်ပါ၊ စင်ဒီ မင်းလည်း နှုတ်ဆောင်းပါဦး၊ ညီက စိတ်ဆတ်တယ်လေ"

"အန်ကယ်လ်တို့ ဂုဏ်သိက္ခာထိပါးလို့ကတော့ လုံးဝခွင့်မလွှတ်ဘူးနော် ချစ်မြတ်သူ၊ ဒါ ကလေးကစားတာ မဟုတ်ဘူးကွ"

"တောင်းပန်ပါတယ်၊ အန်ကယ်လ်တို့ စိတ်တိုင်းကျသာ စီစဉ်ပါ၊ ကျွန်တော် တာဝန်ယူပါတယ်ဗျာ"

"ကိုကို ဘာဖြစ်လို့ တာဝန်ယူနေရတာလဲ၊ ကျွန်တော့် ကိစ္စ ကျွန်တော် ရှင်းပါ့မယ်"

"ညီ"

ညီက ပြောပြီး ကားထဲသွားထိုင်နေလေသည်။ သူ လူကြီးတွေကိုတောင်းပန်ပြီး ညီ့ဆီ ရောက်လာ၏။ တကယ့်ကို

သူ အမြင်ကတ်နေမိသည်။ သင့်မြတ်သူကတော့ စင်ဒီ့ကို အထင်မကြီးမိ။ ချစ်လည်း မချစ်ပေ။ ကိုကို့ကြောင့်ပါ။ သူ ကိုကို့ကို တော့ မျက်နှာပျက်အောင် စိတ်သောကတွေ ရောက်မနေစေချင်သလို ချစ်သူ မြတ်နိုးရာထံ ကိုကို သွားပြီး ပြဿနာရှာမှာ အစိုးရိမ်ဆုံးပင်။

"မင်း နိုင်မှပြောနော် ချစ်မြတ်သူ၊ လက်ထပ်ပြီးရင် ငါ့သမီးဆီက ပြန်ရမှာပဲလို့တော့ မတွေးနဲ့၊ အန်ကယ်လ်တို့က သမီးကို ဘာမှပေးမှာမဟုတ်ဘူးနော်၊ အန်ကယ့်လ်သမီး လက်ထပ်ထားတဲ့ ယောကျ်ားရဲ့ အစွမ်းအစကို ကြည့်ရဦးမယ်လေ"

"ဗျာ"

သင့်မြတ်သူ ဒေါသဖြစ်သွားရပြီး ဆတ်ခနဲ ထလိုက်လေသည်။

"ညီ"

"ကျွန်တော်ကတော့ အစွမ်းအစ သိပ်မရှိပါဘူး အန်ကယ်လ်၊ လက်ထပ်တာကလည်း ကျွန်တော့်ဆန္ဒ မဟုတ်ပါဘူး၊ အန်ကယ်လ် သေသေချာချာ စဉ်းစားပါဦး"

"ညီ ခဏ"

စိတ်မောလူမော ဖြစ်နေရသည်။

"ညီ မင်းဘာဖြစ်လို့ ရိုင်းစိုင်းရတာလဲ"

"သူတို့က အထက်စီးကနေပြောနေတာ ညီ မကြိုက်ဘူး စင်ဒီ့ကိုလည်း ညီ လုံးဝ လက်မထပ်နိုင်ဘူးနော်"

"မဟုတ်သေးဘူးကွာ၊ ရှေ့နေကြီးဦးအောင်ချိုနဲ့ကို အတင်းအကြပ် ပြောထားလို့ပါ၊ ကိုကိုတို့ဘက်က ပျက်ကွက်လို့မဖြစ်ဘူး"

"ကိုကိုကလည်းဗျာ"

ချစ်မြတ်သူလည်း တော်တော်လေး စိတ်ညစ်နေရလေသည်။ ညီကတစ်မျိုး၊ စင်ဒီတို့ဘက်ကလည်း အခြေကြီးနေ၍ စိတ်ပျက်လာရသည်။

"သူတို့တောင်းဆိုမှုက ညီတို့ စည်းစိမ် ပျက်လိမ့်မယ် ညီလည်း တစ်သက်လုံး နွားဖြစ်မှာပဲ၊ သူတို့နောက်လိုက်ပြီး ညီက ချမ်းသာအောင် လုပ်ပေးနိုင်မှာမဟုတ်ဘူး"

"ညီရယ်"

သူ ညီ့ကိုလည်း အပြစ်မတင်လိုပေ။ စင်ဒီတို့ အသိုင်းအဝိုင်းက ထင်ထားတာထက်ပင် ပို၍ကိန်းခန်းကြီးနေတော့သည်၊

"ညီ လက်ထပ်မယ့် မိန်းမမျိုးက ညီ့အပေါ် ချစ်မြတ်နိုးပြီး ပြုစုယုယမှုပေးနိုင်ဖို့ပဲ၊ ညီနဲ့ပခုံးချင်းယှဉ်ပြီး အမိန့်ပေးမယ့် မိန်းမမျိုး လုံးဝမဖြစ်စေရဘူး"

မြတ်နိုးရာကို သူ့ တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးပေ။ သူလည်း ညီ့ကို ကိုယ်ချင်းစာမိနေသည်။ နှစ်သက်ရာကို သူ ချစ်မိနေပြီပဲ။ ဂုဏ်ဒြပ်တွေ အဆင့်အတန်းတွေကို မေ့ပစ်ချင်နေရ၏။ ဒါပေမဲ့ သူ့စိတ်တွေက ပြတ်သားခြင်းမရှိခဲ့။

"ကိုကို"

"ဟင်"

"စင်ဒီနဲ့ကိစ္စ ဆက်မလုပ်ပါနဲ့တော့၊ ညီ တောင်းပန်ပါတယ်ဗျာ၊ ညီ့ဘဝတစ်ခုလုံး ဇောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်နေတာလား၊ ညီ မြတ်နိုးရာကို စွန့်လွှတ်လိုက်ပြီပဲ၊ ညီ့ဘက်က ကိုကို စိတ်ချမ်းသာရေးကို ဦးစားပေးခဲ့တာပဲလေ"

သူ ညီ့ကို သနားကြင်နာစွာ ကြည့်မိနေလေသည်။ ကိုကို မှားနေပြီလား။ ကိုကိုကျတော့ လုပ်ချင်တာတွေ လုပ်နေပြီး ညီ့ကို တားဆီးပိတ်ပင်နေတာ တရားမျှတမှု မရှိဘူးထင်တယ်ကွာ။ သူ့စိတ်တွေ လေးလံနေလေသည်။ အိမ်ပြန်ရောက်တဲ့အထိ သူ့စိတ်

"ဒီမှာမောင်ရင်၊ ဒီလိုအသိုင်းအဝိုင်းကို ပတ်သက်ဆက်ဆံချင်ရင် ဒီလောက်တော့ ကိန်းခန်းကြီးမှာပဲလေ"

ဦးအောင်ချိန်ရဲ့ စကားအရ သူ ဘယ်လိုမှနောက်ဆုတ်လို့ မရတော့ဘူးဆိုတာ သိလိုက်လေသည်။ စိတ်မောသွားရ၏။ သွားပြီ။ ညီကလည်း ဘယ်လိုမှ လက်ခံမှာမဟုတ်တော့။ သူ့စိတ်တွေတောင် ဒီလောက် မောပန်းနွမ်းနယ်နေရတာ။ ညီက ဘဝဘစ်လျှောက်လုံး ပေါင်းသင်းဆက်ဆံရမှာပါ။

"မောင်ရင်"

"ဗျာ"

"မောင်ရင့်ညီ လက်မထပ်ဘူးဆိုရင် မောင်ရင်ပဲ လက်ထပ်ပါ"

"ဟာ မဟုတ်တာဘဲ၊ ကျွန်တော်က လူပျိုကြီးလုပ်မှာ ဝါဗျာ"

သူ အထိတ်တလန့်နှင့် ပျာပျာသလဲ တောင်းပန်လိုက်မိလေသည်။ စင်ဒီ့ကိုတော့ လန့်နေမိ၏။ သူ ချစ်မြတ်နိုးနေမိတာက နှစ်သက်ရာပဲ။

"ဒီမင်္ဂလာပွဲကိုဖျက်ရင် ပြဿနာတွေက ပိုကြီးသွားလာ

တွေ ထိုင်းမှိုင်းလေးလံနေဆဲပင်။ ညီ့ကိုလည်း ဘာမှမပြောလိုတော့၊ ဟုတ်တယ်။ ညီ့ဘဝကို သူ ဖျက်ဆီးပစ်လိုက်တာပဲ။ အရက်သမားကြီးဖြစ်နေပြီ။ နှလုံးသားတွေ ကြေကွဲနေပြီ။ မြတ်နိုးရာဆိုတဲ့ မိန်းကလေးအကြောင်းလည်း မမေးလိုတော့ပေ။ နှစ်သက်ရာနှင့် ပတ်သက်မှု ရှိ မရှိ မေးဖို့လည်း သူ့စိတ်တွေက မလုံမလဲဖြစ်နေရသည်။ ဒေါ်ညွှန့်ထက် လက်ရာပိုကောင်းပေမယ့် ချစ်မြတ်သူ စိတ်ထဲမှာ စားချင်စိတ်မရှိပေ။ ဦးအောင်ချိန်ကို ဘယ်လိုပြောရမလဲဆိုတာပဲ သူ တွေးတောပူပန်နေမိသည်။ ဒီကြားထဲ ဦးအောင်ချိန်က ရောက်လာသေး၏။ သူ ထိတ်ထိတ်ပျာပျာနှင့် ထွက်တွေ့ရသည်။

"ဘယ်လိုလဲ မောင်ရင်၊ ကျုပ်ကို မျက်နှာပျက်အောင် လုပ်တာလား"

"ဗျာ"

"မောင်ရင်ပဲ အတင်းအကျပ် လက်ထပ်ဖို့ ရှာခိုင်းတာလေ"

"ကျွန်တော့်ညီက ငြင်းနေတယ်၊ သူတို့ဘက်ကလည်း ပြောဆိုတာ"

နိုင်တယ်၊ မောင်ရင်ပဲ အဆင့်အတန်း မြင့်မြင့်မားမား မိန်းခ
ချောလေး ရှာပေးပါဆိုလို့ ကျုပ်က အောင်သွယ်ပေးမိတာ၊ ကျုပ်
ဘယ်တုန်းကမှ ဒီလိုလုပ်ဖူးတာ မဟုတ်ဘူးနော်''

''ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်လ်၊ ဖြင့်
အောင်တော့ ကြိုးစားပါ့မယ်၊ ဖြစ်မလာရင်လည်း ကြည့်လုပ်ပေး
ပါနော်၊ ကျွန်တော် ဝန်ဆောင်ခ ပေးပါ့မယ်ဗျာ''

သူ အတော်လေး တောင်းပန်ပြောဆိုမှ အန်ကယ်လ်
ဦးအောင်ချိန် ပြန်သွားလေတော့သည်။

◆ ◆ ◆

အခန်း (၁၂)

''မမ''

''ဟင်''

''အပြင်ထွက်ရအောင်''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ မမ၊ အခန်းထဲမှာပဲ နေတော့မလို့လား
ဟင်''

မမကိုကြည့်ပြီး နှစ်သက်ရာ စိတ်မသက်မသာ ဖြစ်ရ
သည်။ ဘယ်လိုပဲ ဟန်ဆောင်နေပါစေ၊ တဖြည်းဖြည်း
ဦးခြောက်နွမ်းနယ်လာမှုတွေက သိသာနေ၏။ မမရင်ထဲမှာ မီး
လောက်နေတာမဟုတ်လား။ ရာ သိပါတယ်။ အဲဒီလိုကြီး မနေ

စမ်းပါနဲ့၊ ရာ မခံစားနိုင်လို့ပါနော်။

"မမ အလုပ်လုပ်မယ်ဆို၊ အပြင်မှာထွက်ပြီး အလုပ်လေး ဘာလေး ရှာကြမယ်လေ"

"အင်း"

"ထ"

"အင်းပါ"

မမ လက်တွေကို ရာ ဆွဲယူထစေသည်။ မမ အင်အား ချည့်နဲ့စွာ ထနေ၏။ ပါးပါးလှပ်လှပ်လေးသာ ရှိတော့သည့် မမ ခန္ဓာကိုယ်လေးအား ရာ အခုမှ သတိထားမိပြီး ရင်ထဲမှာ နာကျင် စူးရှသွားရသည်။

"မမ"

"ဟင်"

"ဆေးခန်းသွားပြမယ်"

"ဟင်"

"မရဘူး၊ အားဆေးသွင်းမှဖြစ်မယ်၊ မမကို ရာ အဆုံး ရှုံး မခံပါရစေနဲ့၊ တောင်းပန်ပါတယ်နော်၊ ရာ့ကို မထားခဲ့ပါနဲ့ ကိုသင့်မြတ်သူ တစ်ယောက်ပဲ မမကိုချစ်တာ မဟုတ်ပါဘူးနော်

ရာလည်းချစ်တယ်၊ မမနဲ့ မခွဲနိုင်လို့ပါ"

"ရာရယ်"

မမကိုဖက်ပြီး ရာ ငိုကြွေးမိလေသည်။ မမလည်းငိုနေ၏။ ဘာဖြစ်လို့များ ဒီလိုဝမ်းနည်းကြေကွဲစရာတွေနဲ့ ရင်ဆိုင်ခဲ့ရတာလဲ။ ဦးချစ်မြတ်သူကြောင့်ပဲ။ ရှင်ကြီးက မတူမတန်သလို လုပ်နေခဲ့ ဘာလေ။

"မမ"

"ဟင်"

"ဒီအိမ်မှာနေရတာ စိတ်ချောက်ချားနေရင် ရာ အခုပဲ အိမ်သွားငှားမယ်"

"ရာ"

"ရှင်"

"မမ ဒီမှာပဲ နေပါရစေ၊ မောင့်အငွေ့အသက်တွေ ရှိနေဲ့ နေရာလေ၊ စောစောက မမ တခြားကို ပြောင်းသွားချင်ပေမယ့် အခုတော့ မောင် ဝယ်ပေးခဲ့တဲ့ အခန်းလေးမှာပဲ နေချင်တယ်"

မြတ်နိုးရာကတော့ မောင့်ကို ဘယ်လိုမှမေ့ပစ်လို့မရနိုင် ဘူး။ မြတ်နိုးရာအပေါ် နှစ်သက်မြတ်နိုး ယုယကြင်နာခဲ့တဲ့ ချစ်သူ

ပါပဲ။ ဒီတစ်သက်မှာ မပြောပါနဲ့ ရာရယ်၊ သံသရာအဆက်ဆက်မှာတောင် မောင့်လိုချစ်သူမျိုး ထပ်မတွေ့နိုင်တော့ပါဘူး။ အခု မောင် မမကို စွန့်လွှတ်တာ မမအတွက်ပါ။ မောင့်ကိုကိုက မမကို ပြဿနာရှာပြီး ပြန်ယူမှာစိုးရိမ်လို့ပါနော်။

"ရာ"

"ဟင်"

"မမကို ခွင့်လွှတ်ပါနော်၊ မမ ဒီမှာပဲနေမယ်၊ မမဘဝက် ဒီမှာပဲ အဆုံးသတ်မယ်၊ မမ ပြန်ထူထောင်နိုင်အောင် ကြိုးစားမှာပါ ရာ"

"လောလောဆယ်တော့ ဆေးခန်းကို သွားပြရအောင်နော်၊ မမ အားဆေးသွင်းရမယ်၊ ဆရာဝန်နဲ့ စစ်ဆေးရမယ်"

"ရာ့ သဘောပါပဲကွယ်၊ တကယ်တော့ မမကြောင့် ရာ စိတ်ထိခိုက် ကြေကွဲနေရတယ်၊ မမ အပြစ်တွေပါ၊ ရာ့အတွက် အစ်မတစ်ယောက်အနေနဲ့ မားမားမတ်မတ် ရပ်တည်ပေးသင့်ပါတယ်လေ"

"မမ ဘာမှပြောမနေနဲ့တော့နော်၊ ထ ပျော်အောင်နေပါ ရာတို့ ညီအစ်မ ပျော်ပျော်ရွှင်ရွှင် နေကြရအောင်နော်"

"အင်းပါ"

မမကို သူမ တွဲထူဖေးမပြီး ဆေးခန်းသွားပြသည်။ မမ အော်လေးအားနည်းနေ၏။ ဆေးခန်းကအထွက်တွင် ကိုသင့်မြတ်သူနှင့် တွေ့တော့သည်။

"မြတ်နိုးရာ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား၊ မောင့်ကို ဖုန်းဆက်လိုက်ရောပေါ့၊ မောင် ဒီလောက်တော့ လုပ်ပေးနိုင်ပါတယ်"

"မမ ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါးပါး အားနည်းသွားတာပါ"

မောင်းထုတ်ပစ်လိုက်ချင်ပေမယ့် မမမျက်နှာက ရှိနေသေးသည်။ ပြီးတော့ ရာကိုယ်တိုင် သူဝယ်ပေးထားတဲ့ တိုက်ခန်းမှာ နေထိုင်ရတာမဟုတ်လား။

"မြတ်နိုးရာ"

"မောင်"

"မောင် လိုက်ပို့ပေးမယ်၊ ကားပေါ်တက်လေ"

"ရပါတယ် ကိုသင့်မြတ်သူ၊ လိုက်မပို့ပါနဲ့တော့နော်၊ အားကားနဲ့ပဲ ပြန်ပါ့မယ်"

ဆပ်ပြီး မပတ်သက်စေချင်တော့ဘူး''

ကိုယ် ဘယ်မိန်းကလေးကိုမှ လက်မထပ်ပါဘူးလို့ ပြော လို့ပြင်နေတုန်း ကိုကို့ဆီက ဖုန်းလာလေသည်။

''ညီ မင်း အမြန်ပြန်လာတော့၊ ဘယ်ရောက်နေတာလဲ၊ ဒီမှာ စည်သည်တွေ ရောက်နေလို့''

''ဟုတ်ကဲ့ ကိုကို၊ ညီ အခုပဲ ပြန်လာခဲ့ပါ့မယ်''

''မင်း ဘယ်ရောက်နေတာလဲကွ''

''လမ်းမပေါ်မှာပါ ကိုကို''

''အခုလာခဲ့ကွာ''

''ဟုတ်ကဲ့''

သူမ အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ လေသည်။

ညီကို ဒီလောက်အထိ သည်းသည်းလှုပ်လှုပ် စောင့် ကြည့်နေတာပါလား။ မမဆီ လာမှာစိုးရိမ်ပဲဖြစ်နိုင်လေသည်။ ကိုသင့်မြတ်သူ ရုတ်တရက် မမကိုပင် နှုတ်မဆက်ဘဲ ပြန်သွား၏။

ရှင်ကြီး တော်တော်အဆင့်အတန်း ခွဲခြားတာပဲ။ ဒီလောက် ချောမောလှပပြီး နူးညံ့သိမ်မွေ့တဲ့ ရုပ်မမကို ဆင်းရဲတာလေး တစ်ခုနဲ့

မမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နေသဖြင့် သိပ်ပြီး တားဆီးမနေချင်တော့။ မျှော်လင့်ချက်တွေ ပြည့်ဝနေတဲ့ မမ မျက်ဝန်းအကြည့်တွေက လင်းလက်နေလေသည်။ အတွေ့ တွေ စီးဝင်နေတာသိ၍ အတင်းအကျပ် မတားဆီးချင်ပေ။

''နှစ်သက်ရာ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မြတ်နိုး ရာကို မိတ်ဆွေသူငယ်ချင်းအဖြစ်ပဲ ပတ်သက်ခွင့်ပြုပါ''

ကိုသင့်မြတ်သူက စင်ဒီဆိုတဲ့ မိန်းကလေးနှင့် လက်ထပ် မှာမဟုတ်လားဟု မေးချင်သည်။ မမကို မသိစေချင်၍ ဘာမျ မပြောဖြစ်တော့။ ကိုသင့်မြတ်သူ လိုက်ပို့သည်။ မမကို အနားယူ စေပြီး ရာနှင့် စကားလာပြော၏။ ကိုသင့်မြတ်သူလည်း အတော် လေး ပိန်ချုံးသွား၏။

''မြတ်နိုးရာကို ဂရုစိုက်ပါ နှစ်သက်ရာ''

''အစ်ကို ဒီကိုမလာသင့်တော့ပါဘူး၊ မမကို မေ့ပစ် လိုက်ပါ၊ အိမ်ကလက်ထပ်ပေးမယ့် စင်ဒီဆိုတဲ့ မိန်းကလေးကို လက်ထပ်ရမှာမဟုတ်လား''

''ဟင် နှစ်သက်ရာက သိနေတာပဲ''

''ထားလိုက်ပါတော့၊ ဒီကိစ္စ မမကို မသိစေချင်တာပါ

နှိမ်ချဆက်ဆံချင်တာလား။ မိန်းကလေးတစ်ယောက်ရဲ့ အရက်သီကွာတွေကိုပင် မငဲ့ကွက်နိုင်တော့ဘူးလား။ သူမတစ်ယောက်တည်း ဒေါသတွေ ပေါက်ကွဲနေသည်။

ချစ်မြတ်သူကတော့ စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ညီကို အရေးတကြီး ခေါ်လိုက်ခြင်းဖြစ်သည်။ ဧည့်သည်တွေ ရောက်နေ၏။ ညီလုပ်ငန်းတွေအတွက်ပါ။

"ညီ ဧည့်သည်တွေ ရောက်နေတယ်လေ၊ မင်းကို စောင့်နေကြတယ်"

"ဟုတ်ကဲ့"

ညီကို ပြန်၍ထူထောင်ပေးနေရသည်။ သူ့အမှားတွေကိုလည်း နောင်တတွေ့ရနေမိ၏။ မြတ်နိုးရာနဲ့ ကိုကို သဘောတူပါပြီဟု ပြောဖို့ကျတော့လည်း သူ ပြောမထွက်သေး။ စင်ဒီနဲ့တော့ လက်ထပ်ဖို့ ဖျက်ပေးလိုက်သည်။

"ညီ ဘယ်သူ့ကိုမှ လက်မထပ်ပါဘူး ကိုကို၊ မြတ်နိုးရာကို ညီ စွန့်လွှတ်လိုက်ပါပြီ၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ ညီ အစားမထိုးနိုင်လို့ပါ"

သူ ညီ့ကို ကိုယ်ချင်းစာနာတတ်နေပြီဖြစ်သည်။

နှစ်သက်ရာဆိုတဲ့ ကောင်မလေးကို သူကိုယ်တိုင် စွဲလမ်းနှစ်သက်နေ၏။ ညီရဲ့ စွဲလမ်းနှစ်သက်မှုတွေကို အပြစ်မတင်ရက်တော့ပေ။ နှစ်သက်ရာ ညည်း ဘယ်ရောက်နေလဲ။ တော်တော်မာနကြီးတဲ့ ကောင်မလေးပဲ။ ကိုယ် အရမ်းပဲ သတိရနေတယ်။ မင်းကို ဘယ်လိုမှ မေ့ပျောက်ပစ်လို့ မရဘူးကွာ။

"ကိုကို"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ၊ ညီ ပြောနေတာတွေမကြားဘူးထင်တယ်"

"အဲ ညီ"

သူ အတွေးလွန်နေလေသည်။ နှစ်သက်ရာအကြောင်း ဆွေးမြေ့ချင် အရာအားလုံးကို မေ့ချင်နေ၏။ အရမ်းကို ချစ်စရာကောင်းတဲ့ ကောင်မလေးပဲ။ ကြီးကျယ်ခမ်းနားတဲ့ အစည်းအဝေးခန်းမကြီးထဲတွင် လုပ်ငန်းရှင်တွေ အတော်များများ ရောက်ရှိနေကြသည်။ သူ့စိတ်တွေက လုပ်ငန်းကိစ္စထက် နှစ်သက်ရာဆိုတဲ့ ကောင်မလေးအကြောင်းပဲ စဉ်းစားချင်နေသည်။ တိုက်ခန်းတွေ ဝယ်ပေးချင်တယ်။ လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးချင်တယ်။

မင်း လက်ခံပေးပါ့မလား။

"ကိုကို"

"ဟင်"

"ဒီမှာ လက်မှတ်ထိုးပေးပါဦး၊ လက်ထောက်မန်နေဂျာ တင်ပြတဲ့ကိစ္စ ကိုကို လက်ခံတယ်နော်"

"ဟင် ဩော် အေး"

ဘာတွေတင်ပြသွားတာလဲ။ သူ တွေးနေမိတာက နှစ်သက်ရာ အကြောင်းတွေပဲလေ။ ဘာကိစ္စမှန်းမသိ။ ဟန်မပျက် လက်မှတ်ထိုးပေးလိုက်သည်။ သူ့ပတ်ဝန်းကျင်မှာ အကျိုးတူ စီးပွားဖက် လုပ်ငန်းရှင်တွေ ဝိုင်းနေ၏။ ဒီလို အသိုင်းအဝိုင်းထဲသို့ နှစ်သက်ရာလို ကောင်မလေးမျိုးကို ဘယ်လိုဝင်ဆန့်စေရမလဲ၊ သူက ကိန်းခန်းကြီးသူ။ တော်ရုံမိန်းကလေးအား အထင်မကြီးသူ၊

"ကျွန်မက အရမ်းဆင်းရဲနွမ်းပါးတယ်၊ ဦးနဲ့ အဆင့်ချင်းမတူပါဘူး၊ လာပြီး မပတ်သက်ချင်ပါနဲ့နော်"

သူမ ပြောသွားတဲ့ စကားတွေကို သူ ပြန်၍ကြားယောင် မိလေသည်။

"ကိုကို"

"ဟင်"

"အစည်းအဝေးပြီးပြီ"

"ဟင်"

သူ နည်းနည်းတော့ မျက်နှာပူသွားရလေသည်။

◆ ◆ ◆

အခန်း (၁၃)

"ကိုကို"

"ဟင်"

"ကိုကို့မှာ ဘာတွေ စိတ်သောကတွေ ရောက်စရာ ရှိနေလဲ၊ စင်ဒီကြောင့်လား"

"မရှိပါဘူး ညီ"

"ကိုကို့မျက်ဝန်းတွေက စီးပွားရေးလုပ်ငန်းတွေကိုတောင် ဒီဘ်မဝင်စားနိုင်တော့ဘဲ တစ်ခုခုကို လေးလေးနက်နက် တွေးနေ သလိုပဲ"

"ဟို ညီ ကိုကို့ကိစ္စပါ၊ ဘာမှအထူးအထွေ မရှိပါဘူး ဟာ၊ တွေးစရာ နည်းနည်းလေးရှိတာပါ"

"ကိုကို"

"ပြော"

"စင်ဒီကို ချစ်နေလား"

"ဘာကွ"

သူ အထိတ်တလန့် ညီကို ကြည့်မိလေသည်။ စင်ဒီကို လန့်လွန်းလို့ပါ။ ညီက ရယ်နေ၏။

"စင်ဒီကို ချစ်နေရင်လည်း ညီ့ကို အားမနာပါနဲ့ အန်ကယ်လ်အောင်ချိန်ကို ညီ ပြောလိုက်မယ်လေ"

"မဟုတ်ပါဘူး၊ ညီ ပေါက်ကရတွေ သွားမပြောနဲ့နော် ဒီကိစ္စထားလိုက်တော့၊ မင်းဆန္ဒမရှိရင်လည်း ကိုကို ဖွတ်မလုပ်တော့ပါဘူး"

"ကိုကို"

"ကိုကို့ခေါင်းတွေ နည်းနည်းရှုပ်ထွေးနေတယ်"

မြတ်နိုးရာနဲ့ ပတ်သက်တဲ့စကားတွေ သူ လုံးဝမကြားလိုသေးပေ။ ညီ ပြတ်လက်စနဲ့ ပြတ်ပါစေတော့။ သူ တွေဝေနေဆဲပင်ဖြစ်သည်။ ညီ ထွက်သွားမှ သူ့စိတ်တွေ ပြေလျော့သွားသလိုပင်။ အေးအေးဆေးဆေး ကောင်မလေးအကြောင်း စဉ်းစား

ယ်ပြင်နေတုန်း နန္ဒာ ရောက်လာသည်။

"အချစ် ရှင် ဘာဖြစ်လို့ပြန်သွားတာလဲ၊ ဟိုကောင်မလေး နှစ်သက်ရာ သေသေချာချာ ရှင်းမပြဘူးလား၊ ဒီကောင်မလေးက နည်းနည်းမာနကြီးတယ်"

"နန္ဒာ"

"ပြော"

"ကိုယ့်ကို အချစ်လို့ မခေါ်စမ်းပါနဲ့၊ အသက်တွေ ကြီးသာပြီ၊ လူကြားလို့ မကောင်းဘူးထင်တယ်"

"ဘာဖြစ်လို့ပြောင်းရမှာလဲ၊ အချစ်ပဲ အချစ်"

"ဒုက္ခပါပဲ နန္ဒာရာ၊ ရိုးရိုးသားသားပဲ ချစ်မြတ်သူလို့ ခေါ်ပါဟာ၊ တောင်းပန်ပါတယ်၊ တော်ကြာ သူများက တစ်မျိုးထင်နေရင် ဘယ်လိုလုပ်မလဲ"

"ထင်ထင်လေ၊ နန္ဒာကတော့ အချစ်ပဲ၊ အချစ်ရော ဒီလိုပဲ သူမျိုးကြီး လုပ်နေဦးမှာလား"

"နန္ဒာ ဘာကိစ္စရှိလို့လဲ၊ ကိုယ် အရမ်းအလုပ်တွေများနေလို့"

အချစ် အချစ်နှင့် နားကြားပြင်းကတ်လာ၍ ပြန်ခိုင်း

လိုက်သည်။ နှစ်သက်ရာက တစ်မျိုးထင်နေလျှင် ဘယ်လိုလုပ်မလဲ။

"ရှင့်ကို နန္ဒာတပည့်မလေးက ကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လားလို့ပါ၊ တာဝန်ပေါ့လျော့တာမျိုး နန္ဒာ လက်မခံဘူး အထူးသဖြင့် အချစ်ကိုလေ"

"တာဝန်ကျေပါတယ်၊ မင်းသိချင်တာက အဲဒါမဟုတ်လား"

"အချစ်"

"ကိုယ် အလုပ်တွေများနေတယ်"

နှစ်သက်ရာအကြောင်း သိချင်ပေမယ့် ဒီကောင်မလေးကို မစပ်စုချင်။ နန္ဒာက အရမ်းပဲ သူ့ကိုစိတ်ဝင်စားနေလေသည်။

"အချစ်"

"ဟင်"

"နှစ်သက်ရာက ပြောတယ်၊ သူ့ကို ဒီလိုတာဝန်မျိုးတွေ မပေးပါနဲ့တဲ့၊ အချစ် ဘာသွားလုပ်လိုက်လဲ"

"နှစ်သက်ရာက ဘယ်လိုကောင်မလေးမျိုးလဲ၊ ဘာကိစ္စ မာနကြီးနေရတာလဲ၊ မျက်နှာထားက အရမ်းတည်လွန်းနေတယ်"

"ရှင်က ဘယ်လောက်ချောမောတဲ့ မိန်းကလေးပဲဖြစ်ဖြစ် စိတ်ဝင်စားမှာမဟုတ်ဘူးဆိုတာ နန္ဒာသိလို့ လွှတ်ပေးထားတာ၊ ရှင်က အရမ်းကိန်းခန်းကြီးတဲ့လူလေ"

"မျက်နှာထားတော့ တော်တော်လေး တင်းတာပဲ"

"သူက ဆင်းရဲတယ်၊ ဆတ်ဆတ်ထိမခံဘူး၊ ရှုကို ဆင်သေး အမြင်သေး စကားပြောတာ မကြိုက်ဘူး၊ ဘဝင်ပဲ"

သူ ဘာမှဆက်မမေးတော့ဘဲ အလုပ်တွေသာ လုပ်နေလေသည်။ နန္ဒာ စကားတွေများနေ၏။ နန္ဒာက ချမ်းသာကြွယ်ဝပြီး လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေတာတောင် သူ စိတ်မဝင်စားခဲ့ပေ။ တော်ရုံမိန်းကလေးကို သူနှင့်မတန်ဘူးဟု ထင်မိသည်။

နှစ်သက်ရာ မင်းကိုတော့ ငါ စိတ်ဝင်စားနေမိတယ်။ မင်းအကြောင်းတွေကို ဟန်မဆောင်နိုင်အောင် တွေးနေမိတယ်။ နန္ဒာ ပြန်သွားလေသည်။ သူ ညနေရုံးဆင်းတော့ နှစ်သက်ရာနဲ့ ဆုံခဲ့ရတဲ့ နေရာလေးဆီ သွား၏။ ဒီကောင်မလေး ဘတ်စ်ကားဆိုက်နေကျပဲ။ သူ ရောက်သွားတော့ နှစ်သက်ရာ ရှိနေသည်။

"နှစ်သက်ရာ"

"ရှင်"

"မင်းရှိနေမယ်ထင်လို့ ကိုယ်လာခဲ့တာလေ"

"ဘာဖြစ်လို့လဲ၊ ကျွန်မနဲ့လာပြီး မပတ်သက်ပါနဲ့လို့ ဦးချစ်မြတ်သူ"

"ရာ"

"ကျွန်မ တောင်းပန်ပါတယ်"

"ကိုယ် မင်းတို့ အရှမ်းပဲ သတိရနေမိတယ်၊ အရှင်းလွမ်းနေတယ်၊ ကိုယ် ဘာအလုပ်မှ လုပ်လို့မရတော့ဘူး နှစ်သက်ရာရယ်"

သူမ ဆင်ထားတဲ့ အကွက်ထဲတော့ စဝင်လာပြီဖြစ်သည်။ နှစ်သက်ရာ အလိုက်အထိုက် ဆက်ဆံဖို့ ဆုံးဖြတ်လိုက်၏။ တင်းမာနေတဲ့ မျက်နှာထားလေးက နည်းနည်းလေး ပြေလျော့သွားသည်။

"ကျွန်မက ဦးချစ်မြတ်သူနဲ့ မတန်ပါဘူး၊ မဖြစ်နိုင်တာကို ဆက်ပြီး မကြိုးစားပါနဲ့ ဦးချစ်မြတ်သူ၊ ကျွန်မကို လက်ထပ်ယူနိုင်မလား"

သူ တွေဝေတုံ့ဆိုင်းသွားရလေသည်။ ညီ့ကိုကျတော့ သူ တားဆီးခဲ့တာပဲ။ နှစ်သက်ရာ နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်း

ကာ ကြည့်နေ၏။ သူ သတ္တိရှိပါ့မလား။ ချစ်စရာကောင်းတဲ့ ချက်ဝန်းလေးတွေဆီ သူ့အကြည့်တွေ စူးရှစွာ ရောက်သွားရလေသည်။

"ကျွန်မက ဦးချစ်မြတ်သူ အပျော်ကြံလို့ရမယ့် အိမ်းကလေး မဟုတ်ပါဘူးနော်၊ ကျွန်မ တော်ရုံယောကျ်ားကိုလည်း ဆောင်မကြိုးဘူး"

"နှစ်သက်ရာ"

"ပြောပါ"

"ကိုယ်က မင်းကို လက်ထပ်ယူရဲတယ်ဆိုရင်ရော"

"ကျွန်မအကြောင်းကို စဉ်းစားပါဦး၊ လေ့လာပါဦး ဦးချစ်မြတ်သူ၊ ကျွန်မဘဝမှာ ဝင်ဆန့်နိုင်ဖို့လေ"

နှစ်သက်ရာကို ဘယ်လိုမှ စွန့်လွှတ်နိုင်ခြင်းမရှိကြောင်း သူ အသိဆုံးဖြစ်နေလေသည်။ ချစ်သော နှစ်သက်ရာနှင့် လက်တွဲဖို့ ဘဝကို တည်ဆောက်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေလေသည်။ သူ နောက်မဆုတ်တော့ဘူး။ နှစ်သက်ရာကို လက်လွှတ်ဆုံးရှုံးမှာ အကြောက်ဆုံးပင်။ နှစ်သက်ရာအနား တိုးကပ်သွားမိလေသည်။

"ရာ"

"ဟင်"

"ကိုယ် ဆုံးဖြတ်ပြီးပြီ၊ ရာ့ကို မစွန့်လွှတ်နိုင်တော့ဘူး"

"ဟင်"

"ရာ့ကိုချစ်တယ်"

"အို"

ရာ့လက်လေးကို သူ ဆုပ်ကိုင်ထားမိပြီး ရင်တွေ တလှုပ်လှုပ် တုန်ခါနေလေသည်။ မိန်းကလေးတစ်ယောက်နှင့် နီးနီးစပ်စပ် နေဖူးတာ ပထမဆုံးပင်။ တော်ရုံတန်ရုံ မိန်းကလေးဆို သူ လှည့်ပင်မကြည့်ခဲ့။ နန္ဒာပင် သူ စိတ်မဝင်စားပေ။ သူမက လက်လေးကိုပြန်၍ ရုန်းဖယ်ပစ်လေသည်။

"ကျွန်မကို အလွယ်တကူ မချစ်ပါနဲ့၊ ကျွန်မဘဝက် ရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ပဲ လေ့လာပါဦး၊ ကျွန်မ ရှင့်ကိုမချစ်ဘူး"

"ရာ"

"ဖယ်ပါ"

"မင်း မင်း ဘာဖြစ်လို့ ဒီလောက်အထိ မာနတွေ ကြီးနေရတာလဲ နှစ်သက်ရာ၊ ကိုယ့်ကို အရူးအမူးဖြစ်အောင် မလုပ်

ပါနဲ့ကွာ"

"ကျွန်မဘဝကို လေ့လာစေချင်လို့ပါ၊ ကျွန်မတို့က ဘဝ ချင်း ခြားနားနေတယ်လေ၊ ပြီးမှ ပြဿနာတွေ တက်လာတာမျိုး ရှာ မလိုလားလို့ပါ"

"ကိုယ်က အကြီးပဲ၊ ဘယ်သူ့အမိန့်မှ ခံစရာမလိုပါဘူး၊ ကိုယ့်မှာ မိဘအုပ်ထိန်းသူလည်း မရှိဘူး"

"ဦး စိတ်ပြောင်းသွားရင်ရော"

"မင်း မယုံဘူးလား၊ ကိုယ် ဘယ်လိုသက်သေပြရမလဲ၊ ငြင်းအတွက် ကိုယ် ဘာလုပ်ပေးရမလဲ၊ ကိုယ်တို့ အခုချက်ချင်းပဲ သက်ထပ်မလား"

နှစ်သက်ရာကတော့ သူ့ကို မုန်းတီးနာကြည်းနေလေသည်။ မချစ်ပါဘူး။ ကျွန်မအစ်မအတွက် လက်စားချေချင်တာ ပေ။ ရှင့်ကို အရမ်းမုန်းတယ်။ ရှင်ကြီး ကောင်းကောင်းဒုက္ခ ရောက်စေရမယ်။ စိတ်ဒုက္ခတွေ အမျိုးမျိုး ရောက်စေရမယ်။ နှာခမ်းသားလေးတွေကို တင်းကျပ်စွာ ကိုက်ထားမိလေသည်။

"ရာ"

"ဟင်"

အခန်း (၁၄)

သူမ အစီအစဉ်အတိုင်း ဦးချစ်မြတ်သူအား မိညိုတို့ အထိုင်ရာ ရပ်ကွက်စုတ်စုတ်လေးဆီ ခေါ်ဆောင်လာခဲ့လေသည်။ ရပ်ကွက်လမ်းတွေက ရွံဖွယ်တွေနှင့် တော်တော်လေး ဒုက္ခရောက်နေရ၏။ မီးမရှိသော ရပ်ကွက်လေးရဲ့ လမ်းကြားတွင် မိညိုတို့အိမ်ရှိသည်။ ရာတို့ အရင်ကနေခဲ့တဲ့ ရပ်ကွက်ပဲ။ တဲအိမ်လေးရှေ့ ရောက်တော့ ကားရပ်သွားတော့၏။ ဦးချစ်မြတ်သူရဲ့ မျက်နှာကြီးကို နှစ်သက်ရာ မသိမသာ အကဲခတ်နေမိသည်။

"ဦး"

"ဟင်"

"အားနာစရာကြီးနော်၊ ကျွန်မတို့က ဆင်းရဲတယ်"

"ကားပေါ်တက်လေ၊ ကိုယ်တို့ တစ်ခုခုသွားစားမယ် အမှတ်တရလေ"

"ဦးကို ကျွန်မ ချစ်တယ်လို့ မပြောရသေးပါဘူးနော်"

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့ မိတ်ဆွေဖြစ်ကြတဲ့ အမှတ်တရလေ"

သူမ လိုက်လျောလိုက်လေသည်။ မတတ်နိုင်ဘူးလေ၊ ကျွန်မက ရှင့်ကို လိမ်ညာလှည့်ဖြားပြီး ရင်းနှီးအောင် လုပ်ယူတာမှ မဟုတ်တာဘဲ။ ရှင့်ဆန္ဒပဲလေ။ ဦးချစ်မြတ်သူရဲ့ ကားပေါ် တက်လိုက်လေတော့သည်။

အကောင်းဆုံး စားသောက်ဆိုင်ကြီးမှာ စားကြပြီး နှစ်သက်ရာအိမ်အထိ လိုက်ပို့ပါရစေဟု တောင်းဆိုနေ၏။ နှစ်သက်ရာကလည်း သဘောတူ လက်ခံလိုက်သည်။

◆ ◆ ◆

"ကိစ္စမရှိပါဘူး နှစ်သက်ရာ၊ ကိုယ် ပျော်တောင် တော်ပါသေးတယ်"

"ဟုတ်လို့လား"

"အင်း"

"ကားပေါ်က ဆင်းပါဦးလား၊ ဦးလေးနဲ့ မိတ်ဆက်ပေးမလို့လေ"

"ကောင်းသားပဲ၊ နောက်ဆို ကိုယ်ပတ်သက်ရမယ့် ယောကျ်ားလောင်းကြီး မဟုတ်လား"

"အဟက်"

အိမ်လေးထဲဝင်သွားတော့ ဦးလေးသံချောင်းက မူးနေသည်။ လူမှန်းပင်မသိ။ မိညိလည်း ရှိနေ၏။ မိညိက အားနာပြီး မျက်နှာပျက်နေသည်။

"ဦးလေး"

"ဟင်"

"ဧည့်သည်ပါလာတယ်လေ၊ မိတ်ဆက်ပေးမလို့"

"ဟင် အင်း"

ဦးလေးသံချောင်းက မျက်လုံးတွေကို ပြူးပြဖွင့်ကြည့်

သည်။ ကိန်းခန်းကြီးလွန်းသော ဦးချစ်မြတ်သူသည် တဲလေးရဲ့ ခပ်သေးသေး ဖျာစုတ်လေးပေါ်မှာ ဝင်ထိုင်နေ၏။ ရာ ကျေနပ်လိုက်တာ။ ဝင့်ဆိုတာ လည်ရမယ်လေ။ ဘာတတ်နိုင်သေးလဲလို့။

"ဒါက ရာ့မိတ်ဆွေ ဦးချစ်မြတ်သူပါ ဦးလေး"

"ဩော် အင်း အားနာလိုက်တာဗျာ၊ ကျုပ်တို့အိမ်က ဆင်းရဲတယ်လေ"

"ရပါတယ် ဦးလေး၊ ရာ့ကိုခင်တော့ ဘယ်လိုနေရာပဲ ဖြစ်ဖြစ် ကျွန်တော် ခင်တွယ်ပါတယ်"

"ကျေးဇူးပါပဲ၊ ကျုပ်တူမလေးက အရမ်းလိမ္မာပါတယ်"

စကားတွေပြောပြီး ဦး ပြန်မယ်လုပ်တော့ မိညိက အားနာပြီး လိုက်ပို့ဖို့ပြောသည်။ ရာက လက်မခံ။ သူ့ကို တမင်ဒုက္ခတွေချားနေစေချင်၍ဖြစ်သည်။

"ဦး ပြန်တော့နော်၊ ရာ လိုက်မပို့တော့ဘူး၊ ရရဲ့လား ဟင်"

"ရပါတယ် ရာ၊ လိုက်မပို့နဲ့တော့နော်"

"ဟုတ်ကဲ့"

ဦးချစ်မြတ်သူ ပြန်သွားတော့သည်။ ရာ သဘောကျစွာ

တဟားဟား အော်ရယ်ပစ်လိုက်လေ၏။ ဘယ်လောက်များ သဘော
ကျဖို့ကောင်းလဲ၊ ရှင်ကြီး ကိန်းခန်းကြီးချင်ဦးလေ။

"ရှာ"

"ဟင်"

"နင် တော်တော်ဆိုးပါလား၊ လမ်းမှာ ပြဿနာတွေ
တက်တော့မယ်၊ ဒီအချိန် အမူးသမားတွေက အရမ်းသောင်းကျန်း
တာ၊ ဦးချစ်မြတ်သူလို လူကြီးလူကောင်းတစ်ယောက်ကို နင်
ဒီလိုမလုပ်သင့်ပါဘူးဟာ"

"ဘာဖြစ်လဲ၊ တမင်လုပ်တာလေ၊ သိပ်ပြီး ကိန်းခန်းကြီး
တာဟာ၊ မမကို သူညှဉ်နဲ့မတန်ဘူးတဲ့၊ ဘယ်လောက်နာကြည်းနေ
ကောင်းလဲ၊ မမကို ပိုင်းလုံးမတဲ့"

"ဒုက္ခပါပဲဟယ်"

"မသနားပါဘူး၊ ဒီထက်တောင် ဒုက္ခပေးဦးမယ်၊ မှတ်
လောက် သားလောက်အောင်လေ"

"ရှာ"

"ဟင်"

"တော်ကြာ သူ ဒုက္ခမရောက်ဘဲ ရှင် အရမ်းခံစား

မယ်နော်"

"ဘာဖြစ်လို့ ခံစားရမှာလဲ၊ ကျုပ်က သူ့ကိုမှမချစ်တာ၊
မုန်းတယ်၊ ရွံတယ်၊ အော့နလုံးနာတယ်"

"တော်ပါတော့"

ရှင်ကြီး တစ်ခါတည်း လန့်သွားပြီမဟုတ်လား။ ကောင်း
တယ်။ ရာကလည်း ရှင်ကြီးတို့ အသိုင်းအဝိုင်းတွေကို အထင်
ကြီးပါဘူးနော်"

"တစ်ခါတည်း လန့်သွားပြီထင်တယ်၊ ကောင်းပါတယ်၊
ငါက သိပ်ပတ်သက်ချင်တာမဟုတ်ဘူး"

"ရှာ"

"ဟင်"

"မမျက်နှာရှိသေးတယ်၊ တော်ကြာ သူတို့ချစ်သူ
နှစ်ယောက် သင့်မြတ်သွားကြရင် နင် ဟိုလူကို ဆွေမျိုးတော်ရ
မှာ"

"မသင့်မြတ်ပါဘူး၊ သူက မမကို ဘယ်တော့မှ လူရာ
သွင်းမှာမှ မဟုတ်တာ၊ သေတောင် သဘောမတူဘူး"

"လူစိတ်ဆိုတာ ပြောလို့ရမလား၊ နှင့်ကို ကြေပြီး အချစ်

ဆိုတာ သိသွားရင်''

''ငါကတော့ သူ့ကို ဘယ်တော့မှမချစ်ဘူး၊ ရန်သူပဲ ထာဝရမုန်းတယ်''

ပြောမယ့်သာ ပြောရတယ်၊ ရပ်ကွက်ထဲမှာ အမူးသမား တွေရှိသည်။ လူစိမ်းဆို ပြဿနာရှာချင်သည်။ ရာ လိုက်ပို့ရင်း ကောင်းသားပဲ။ အို မပူပါဘူး။ သူ့ကို ဒုက္ခရောက်စေချင်တာပဲ၊ အမူးသမားတွေ ပညာပေးပါစေ။ အချစ်ဆိုတာ ရှင်ကြီး ဘယ် တော့သိမှာလဲ။ အလကား ညာတာ။ အပျော်ကြံချင်တာပဲ၊ ရမလား။ မမနန္ဒာလို လုပ်ငန်းရှင် မမချောချောကိုတောင် ရှင်က ချစ်သူအဖြစ် မရွေးချယ်ဘူးဆိုတာ သိနေသည်။ ရာ့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားရတာလဲ။ မုန်းတယ်။ ဒီလူကြီးအတွက် စိတ် သောကတွေ မရောက်ချင်ပါဘူး။ တွေ့ပါစေ။ ဒုက္ခကောင်းကောင်း တွေ့ပါစေ။ ရာ ငြိမ်သက်သွားသည်။

''ရာ''

''ဟင်''

''ငြိမ်သွားလို့''

''မမကို သတိရလို့ပါ''

''မမလည်း သနားစရာကောင်းလိုက်တာ''

''ငါ ပြန်တော့မယ်''

''ငါ လိုက်ပို့ပေးမယ်''

''ရတယ်၊ ဒီရပ်ကွက်က ငါနေခဲ့ဖူးတဲ့ ရပ်ကွက်ပဲ၊ အားလုံးနဲ့လည်း သိနေတာလေ''

မိညို့ လိုက်ပို့နေကျကို ရာ ဘာဖြစ်လို့များ ငြင်းပယ်ခဲ့ ရသလဲ။ ပြီးတော့ ရာ အမြန်ဆုံးပြန်ဖြစ်တာ လမ်းမှာ ဦး ဒုက္ခ အက်အခဲ ရောက်နေမှာစိုးလို့လား။ ရာ ထွက်လာတော့ ဦးကို အမူးသမားတစ်စုက တားဆီးပြီး ပြဿနာရှာနေလေသည်။ ရာ အထိတ်တလန့်ဖြစ်သွားရ၏။ ဒီလောက် အချိန်အကြာကြီး ရှိနေ ပြီ။ ဦး ရပ်ကွက်ထဲက မထွက်ရသေးပေ။ ရာ စိတ်ပူတဲ့အတိုင်း ဖြစ်နေပြီ။ ဦး ကားကို ဝိုင်းပြီး ဖျက်ဆီးပစ်မယ်ဟု ခြိမ်းခြောက် နေပုံပင်။ ရာ ရှောင်ထွက်သွားလို့ရပေမယ့် သူမ ခြေလှမ်းတွေက ဦးရှိရာသို့ အပြေးကလေး လျှောက်လာခဲ့ပါသည်။

''ဦး''

''ဟင် ရာ''

''ဒီမှာ ဒါက ရာ့မိတ်ဆွေပါ၊ မနှောင့်ယှက်ကြပါနဲ့''

"သူတို့က နှောင့်ယှက်နေတာမဟုတ်ပါဘူး ရာ၊ အရက်ဖိုးနည်းနေလို့ပါ၊ မင်းတို့တောင်းတာ တစ်သိန်းနော်၊ ရော့ ယူကြပါ၊ ကိုယ်က နောက်လည်း ဒီရပ်ကွက်နဲ့ ပတ်သက်ရဦးမှာပဲ"

"ဟုတ်တယ် ဟုတ်တယ်၊ သဘောတူတယ်၊ နှစ်သက်ရာအသိတဲ့၊ အားလုံး ဘာမှမလုပ်ကြနဲ့တော့၊ ဖယ်ကြစမ်း"

အမူးသမားတွေ ဖယ်ပေးကြပြီး ထွက်သွားသည်။ ဦးက ကားကိုမှီပြီး ပြုံးကြည့်နေလေသည်။ ရာ စိတ်ပျက်စွာကြည့်မိနေ၏။ လူကို စိတ်မောသွားရတာပဲ။

"ရာ"

"ဟင်"

"ကားပေါ်တက်"

"ရှင်"

"ဒီလူတွေကို အရမ်းကျေးဇူးတင်တယ်ကွာ၊ ကိုယ်နဲ့ ရာ့ကို ထပ်တွေ့ဆုံမိအောင် အချိန်ဆွဲပေးထားလို့လေ"

သူမ ဘာမှပြောမနေတော့ဘဲ ကားပေါ်တက်လာခဲ့လေသည်။ ပြီးတော့ ရာ အသိဝင်သွားရ၏။ ရာ ဒီရပ်ကွက်ထဲမှာ နေတာဟု ပြောထားတာလေ။ ဦးနဲ့ ပြန်လိုက်ခဲ့သလို ဖြစ်နေ

သည်။

"ဟို ဟို ကားရပ်ပါတော့၊ ရာ လိုက်လို့မဖြစ်သေးဘူးဟေ့၊ ဦးကို စိတ်မချလို့ လာကြည့်တာပါ"

"ရာ ကိုယ့်အိမ်ကိုယ်ပြန်ဖို့ မဟုတ်ဘူးလား"

"ရှင်"

"မင်း ဒီရပ်ကွက်ထဲကနေ ပြောင်းသွားပြီတဲ့၊ ဟိုလူတွေကို မေးထားတာလေ"

"ရှင်"

"ကိုယ်ဆက်မေးနေတုန်း မင်း ရောက်လာတာလေ"

"ဟိုလူတွေက ဦးကားကို ဝိုင်းဖျက်ဆီးဖို့ ကြံစည်နေကြတာ မဟုတ်ဘူးလား"

"ပထမတော့ ဟုတ်တယ်၊ နောက်တော့ ပိုက်ဆံပေးချယ်ဆိုလို့ ငြိမ်သွားတာလေ"

သူ စိတ်မပျက်တဲ့အပြင် ကြည်နူးဝိတိတွေပင် ဖြစ်နေသေးသည်။ သည်ကောင်မလေးရဲ့ဘဝထဲ သူ တိုးဝင်နိုင်၍ဖြစ်၏။ သူ့ရဲ့ လေးစားနှစ်သက်မှုတွေကို သူ အလိုလားဆုံးပင်။ ရာ့ဘက်လေးကိုဆွဲပြီး ကားပေါ်ထိုင်စေသည်။

"ဦး"

"ဟင်"

"ကျွန်မ အဲဒီဘဝပဲ၊ မိဘလည်း မရှိဘူး၊ အဲဒါ ကျွန်မ ဦးလေးပါ"

"မင်း ဘယ်မှာနေလဲ"

"ဦးကို အသိမပေးနိုင်ဘူး၊ ကျွန်မကို မေ့ပစ်လိုက်ပါ၊ ဦးနဲ့မတန်ပါဘူး"

ရာရဲ့ ပျော့ညံ့ညံ့စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ပစ်လိုက်သည်။ ဦးချစ်မြတ်သူက မမကို အဖက်မတန်သလို ဆက်ဆံခဲ့တဲ့လူပဲ။ နှိမ့်ချပြောဆိုနေခဲ့သည်။ ရာ ထပ်ငိုးမပတ်သက်ချင်တော့ပါဘူး။

"ကျွန်မကို ဒီဘတ်စ်ကားမှတ်တိုင်မှာပဲ ချပေးပါ ဦး ဒီကပဲ သွားတော့မယ်"

"နှစ်သက်ရာ"

"လိုက်မပို့ပါနဲ့"

"ပို့မယ်ကွာ"

"ကျွန်မကို စိတ်မပျက်သေးဘူးလားဟင် ဦး"

"မင်းနဲ့နေရတာ ကိုယ်ပျော်တယ် ရာ"

သူ့အကြည့်တွေကို ရာ လွဲဖယ်ပစ်လိုက်လေသည်။ ခဏာပါပဲ။ နောက်တော့ မမလိုပဲ ရာနဲ့မတန်ဘူး ဖြစ်ဦးမယ်။ ရှင့်ကို ရာ မချစ်ဘူး။ ရှင်ကြီး ဒုက္ခရောက်နေတာပဲ မြင်ချင်တာ။ သူက ရာ့ခင်တော့ ဒီလိုပဲ သည်းခံနေမှာပါလေ။

"ကျွန်မနောက်ကို မလိုက်ပါနဲ့၊ ကျွန်မနေတာကလည်း ဒီရပ်ကွက်နဲ့ မခြားပါဘဲ၊ ဦးကို မချစ်ဘူး"

နှစ်သက်ရာ ဘတ်စ်ကားပေါ် တက်လာခဲ့လေသည်။ ဘတ်စ်ကားဂိတ်မှာ ဦးချစ်မြတ်သူ ယောင်တောင်တောင်နှင့် နေခဲ့၏။ မမရဲ့ ကြေကွဲဝေရီနေတဲ့ မျက်ဝန်းတွေကို မြင်ယောင်နေမိသည်။

◆ ◆ ◆

အခန်း (၁၅)

သူ အိပ်စက်လို့မရအောင်ပင် နှစ်သက်ရာကို သတိရ တမ်းတနေမိလေသည်။ မြတ်နိုးရာကိုလည်း ညီ သူလိုပဲ စွဲလမ်း နှစ်သက်နေမှာပါပဲ။ သူ မှားတယ်။ အရမ်းကို မှားသွားတယ်။ ဝုဏ်တွေ ပကာသနတွေက လူဘဝကြီးကို ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အဝ ပေးနိုင်တာမျိုးမဟုတ်ပါဘူး။ အပြင်မှာ ညီ အရက် သောက်နေ၏။ လန်းဆန်းတက်ကြွပြီး အလုပ်ကို ကြိုးစားနေတဲ့ ညီဘဝ သူ့ကြောင့် ကြေကွဲဝမ်းနည်းရက္ကာ အရက်သမားပင် ဖြစ် နေသည်။

စင်ဒီက တစ်မျိုး။ ညီ့ကို လက်ထပ်ဖို့ နောက်မဆုတ် ဘူးတဲ့။ သူမ အရှက်သိက္ခာတွေကို ငဲ့ကွက်တဲ့အနေနဲ့ လက်ထပ်

ပါတဲ့။ သူ ဆတ်ဆော့တာ။ ညီက မချစ်မနှစ်သက်တဲ့ မိန်းကလေး
နဲ့ လက်ထပ်ရတော့မည်။

"ကိုကို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ အရာ
သိက္ခာမဲ့စရာ ဖြစ်နေရင်လည်း ညီ လက်ထပ်မယ်၊ ဘာပဲဖြစ်ဖြ
ညီ့ကို ငယ်စဉ်လေးကတည်းက တယုတယ စောင့်ရှောက်လေ
မွေးခဲ့တဲ့ ကိုကို့ကျေးဇူးတွေ ပေးဆပ်ပါ့မယ်"

ညီ့ကို သူ ကိုယ်ချင်းစာမိနေလေသည်။ သူကိုယ်တိုင်
ဆင်းရဲနွမ်းပါးတဲ့ နှစ်သက်ရာကို ချစ်မြတ်နိုးနေပြီမဟုတ်လား
မြတ်နိုးရာ၊ နှစ်သက်ရာ တဲ့။ ကိုကို့နဲ့ ညီ ဘဝတူတွေပဲ။ ကံကြ
က သူ့ကို ဝဋ်လည်စေပြီလား။ ကိုယ်ချင်းစာတတ်လာအော
နှစ်သက်ရာနဲ့ ဆုံတွေ့ပေးခဲ့တာလား။ သူလို ကိန်းခန်းကြီးတ
တဲ့လူက ရပ်ကွက်လေးထဲက အိမ်စုတ်လေးထဲ ဝင်ထိုင်ခဲ့သည်
သူ စိတ်ပျက်မသွားပေ။ ဘယ်လောက်ပဲ အဆင့်မြင့်နေပါ
သူက ဇီဇာကြောင်စွာ စိတ်ကူးထဲဗင် မထည့်ခဲ့။ ကိုကို ချစ်မြ
နိုးတဲ့ ကောင်မလေးက မင်းလိုပဲ ဆင်းရဲနွမ်းပါးပြီး ဂုဏ်ဒြပ်
လွန်းတဲ့ ကောင်မလေးလို့ ညီ့ကို ဘယ်လိုပြောပြရမလဲ။ ရှက်စ
နေမိသည်။ ဒါပေမဲ့ သူ ရှာကိုချစ်သည်။ လက်ထပ်ဖို့ပဲ ဆုံးဖြ

းအား၏။ ရှာဘဝလေးကို ပျော်ရွှင်ချမ်းမြေ့အောင် ဖြည့်စွမ်းပေး
ိုသည်။

"မြတ်နိုးရာက ရုပ်ချောတယ်၊ ပညာတတ်တယ်၊ နူးညံ့
ိမ်မွေ့တယ်၊ ဆင်းရဲတာလေးတစ်ခုတည်းပါ ကိုကိုရာ"

"ဟုတ်တယ်၊ ကိုကို လက်မခံနိုင်တာလည်း အဲဒီ
ဆင်းရဲတာပဲ၊ မင်းလို ဝုဏ်ဒြပ်တွေပြည့်နေတဲ့ စီးပွားရေးလုပ်ငန်း
ုပ်ဘစ်ယောက် လက်ထပ်မယ့် မိန်းကလေးက ဒီလိုအသိုင်းအဝိုင်း
ာတ ဖြစ်သင့်ရဲ့လားကွာ"

"ဘာဖြစ်လဲ ကိုကို၊ ညီ ချစ်မြတ်နိုးဖို့က အဓိက မဟုတ်
ူးလား၊ ပတ်ဝန်းကျင်က ညီ့ဘဝ ပျော်ရွှင်ချမ်းမြေ့မှုကို ဖြည့်စွမ်း
းနိုင်လို့လား၊ ညီက ကိုယ်နဲ့ပခုံးချင်းယှဉ်မယ့် မိန်းမမျိုးကို မလို
ားဘူး"

"လက်မခံနိုင်ဘူး၊ ဘယ်နည်းနဲ့မှ ဒီလို အဆင့်နိမ့်နိမ့်
ိုအတစ်ယောက်နဲ့ လုံးဝသဘောမတူနိုင်ဘူး၊ မင်းဟာမလေးက
ိုးလုံးပဲ၊ မင်းဆီက အထောက်အပံ့တွေ ယူထားတယ်ဆို၊ မင်း
ိုက်ခန်းဝယ်ပေးထားတယ် မဟုတ်လား ညီ၊ မဖြစ်နိုင်ဘူး၊ မင်း
ိုလွတ်ရမယ်၊ မစွန့်လွှတ်ရင် မင်းဟာမလေးကို ပေးထားတဲ့

ပစ္စည်းတွေ ကိုကို ပြန်ယူမယ်''

''ကိုကို''

''ကိုကို ကိုယ်တိုင်သွားပြီး ပြဿနာရှာပစ်မယ်၊ ကိုကို့ညီကို ဒီလို အဆင့်နိမ့်ကျတဲ့ဘဝကို မခံယူစေရဘူး''

''ပစ္စည်းတွေက မြတ်နိုးရာ တောင်းတာ တစ်ခုမှမရှိပါဘူး ကိုကိုရာ၊ ညီ ပေးတာပါ၊ ညီ အတင်းအကျပ် ပေးခဲ့တာပါ''

''မင်းဘာမှပြောစရာမလိုပါဘူး ညီ၊ ကိုကို သဘောတူဘူး၊ မင်းနဲ့ထိုက်တန်တဲ့ မိန်းကလေးတစ်ယောက်ကို ရှာမယ်၊ ဒီကောင်မလေးကို မင်း အဆက်ဖြတ်ပါ၊ မဖြတ်ရင် ကိုကို့အဆိုး မဆိုနဲ့နော်''

ညီ့ကို သူ ခါးခါးသီးသီးပင် ငြင်းဆန်ခဲ့လေသည်။ မြတ်နိုးရာကို ပြဿနာရှာမည်ဆို၍ ညီ အသည်းတွေ ကွဲအက်ကြေစွာ လမ်းခွဲခဲ့၏။ ကိုကို့အတွက် မချစ်မနှစ်သက်သော မိန်းတစ်ယောက်ကိုပင် လက်ထပ်ပါ့မယ်ဟု ပြောနေလေသည်။ ကိုကို့မှားသွားပြီ။ သူ့ရင်ထဲမှာ ကြေကွဲနေရ၏။ ညီ့ကို ဘယ်လိုပြောရမလဲ။

နှစ်သက်ရာက သူ့ကိုချစ်ပါတယ်လို့ မပြောသေးပေ။ ဘယ်အရာမှလည်း မတောင်းဆိုခဲ့။ သူမဘဝအမှန်ကိုပင် ဖွင့်ပြောခဲ့သည်။ ညီ့ရဲ့မြတ်နိုးရာလည်း ဒီလိုပဲနေမှာပါ။ ဒါပေမဲ့ ကိုကို သဘောတူပါပြီဟုလည်း မပြောလိုပေ။

ချစ်မြတ်သူ အိပ်စက်ဖို့အတွက် ကြိုးစားနေမိလေသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။ နှစ်သက်ရာကို သူ မေ့ပစ်လို့မရ။ သူ့ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖို့ဆုံးဖြတ်ထားမိလေသည်။ မိုးလင်းခါနီးမှ သူ အိပ်ပျော်သွား၏။ အိပ်မက်ထဲမှာ နှစ်သက်ရာနှင့် တွေ့လေသည်။ နှစ်သက်ရာက ဦးကိုချစ်သည်ဟုပြောပြီး သူ့ရင်ခွင်ထဲ တိုးဝင်ဖက်ထား၏။ သူ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

''ရာ ဦးကိုချစ်တယ်၊ ဦးနဲ့မခွဲနိုင်ဘူး''

သူကလည်း နှစ်သက်ရာရဲ့ ကိုယ်လုံးလေးကို တင်းကျပ်စွာ ပြန်၍ဖက်ထားလိုက်လေသည်။ သူမမျက်နှာလေးက မော့နေ၏။ နှုတ်ခမ်းဖူးဖူး ထူထူအမ်းအမ်းလေးက အနမ်းပွင့်လေးတွေ ချေချရန် မျှော်လင့်စောင့်စားနေသည်။ သူ့ရင် တုန်ရီလှုပ်ခတ်နေပြီး နှုတ်ခမ်းလေးကို မထိမတို့ရဲ့။

"ကိုကို"

"ဟင်"

"ရှာကို တကယ်ပဲ ချစ်ရဲ့လားဟင်"

"ချစ်တယ် ရာ၊ ကိုကို အရမ်းပဲချစ်တယ်၊ ကိုကိုလည်း ရှာကို မခွဲနိုင်တော့ဘူးကွာ"

"ကိုကိုရယ်"

သူလက်တွေက ရှာခန္ဓာကိုယ်လေးအား ပွတ်သပ်ချော့မြူနေသည်။ နမ်းဖို့ ကြိုးစားလိုက်၏။ သူမျက်နှာက သူမမျက်နှာလေးပေါ် အုပ်မိုးကျသွားပြီး သူမ နူတ်ခမ်းဖူးဖူးလေးနှင့် ထိလုတွင် အပြင်မှ အသံတွေကြောင့် သူ လန့်နိုးသွားရတော့သည်။

"ကိုကို"

"ဒုန်း ဒုန်း"

"ကိုကို...ကိုကို"

"ဟင်"

"ကိုကို"

"ဒုန်း ဒုန်း"

အပြင်မှ ညီက တဒုန်းဒုန်းနှင့်ထုပြီး အော်နေသည်။ သူ

အထိတ်တလန့်ဖြစ်သွားရကာ မတ်တတ်ရပ်နိုင်ဖို့ပင် ကြိုးစားနေရသည်။

"ကိုကို"

"ထတော့လေ၊ နေမြင့်နေပြီ၊ ကိုကို"

"ထပြီ"

သူ အော်ပြီး တံခါးဖွင့်ပေးလိုက်သည်။ ညီမျက်နှာကို ကြည့်ဖို့ပင် မျက်နှာပူပြီး ဝန်လေးနေသလို ဖြစ်နေရ၏။ ညီ့အကြည့်တွေက ပြီးစစနှင့် ကိုကို ဘာဖြစ်နေတာလဲဆိုတဲ့ အကြည့်တွေပါ။

"ကိုကို"

"ဘာလဲကွာ"

"တစ်ခါမှ အိပ်ရာထ နောက်မကျဖူးပါဘူးဗျာ၊ ကိုကို ဘာတွေဖြစ်နေလဲ၊ စိတ်တွေညစ်နေလား၊ ညီ့ကြောင့်လားဟင်၊ စင်ဒီနဲ့ကိစ္စလား"

"မဟုတ်ပါဘူးကွာ၊ ကိုကို့ကိစ္စနဲ့ ကိုကိုပါ၊ ညက အလုပ်တွေများသွားလို့"

"ကိုကို"

ချစ်တယ်တဲ့။ အပြင်မှာ အဲဒီလိုဖြစ်ရင် ဘယ်လောက်များကောင်းမလဲ။ ရင်တွေလှိုက်ခုန်နေသည်။ အလုပ်သွားဖို့ပင် မဖြစ်ချင်။ နှစ်သက်ရာ မင်း ငါ့ကို အရမ်းပဲ လွမ်းမိုးနေနိုင်တယ်။ မင်းကို ငါ အရမ်းပဲ ချစ်မြတ်နိုးနေမိပြီ။ ငါ ဘယ်လိုလုပ်ရမလဲ။ အချိန်တိုင်း စက္ကန့်တိုင်း မင်းပဲဖြစ်နေတယ်။ ဘယ်လိုမှ မေ့ပစ်လို့မရတော့ဘူး။ ကုမ္ပဏီသွားဖို့ပြင်ရင်း မနေ့က ရာတို့ရပ်ကွက်ထဲက သွားခဲ့ရတဲ့ အတွေ့အကြုံတွေကို သတိရမိနေလေသည်။ သူ့ကို တမင်ခေါ်သွားတာပဲဖြစ်၏။ နှစ်သက်ရာရဲ့ ပွင့်လင်းတဲ့အချက်လေး ဖြစ်နေသည်။

"ဆရာကြီး"

"ဟင်"

ထမင်းချက်အဒေါ်ကြီးအသံ ဖြစ်လေသည်။ သူ နောက်ကျနေလို့ ညီက အခေါ်ခိုင်းလိုက်တာပဲဖြစ်နိုင်သည်။

"ကျုပ် လာပါပြီ"

"ဆရာလေးက မနက်စာစားဖို့ စောင့်နေပါတယ်"

"အင်း"

သူ ကပျာကယာပြင်ဆင်ပြီး အောက်မှာစောင့်နေတဲ့

"ဟင်"

"ညီ စင်ဒီကို လက်ထပ်ပါ့မယ် ကိုကို"

"မလိုတော့ဘူး၊ ညီ လက်မထပ်ပါနဲ့ကွာ၊ ကိုကို့ကိစ္စ ကိုကို ကြည့်ပြီးရှင်းပါ့မယ်"

"ကိုကိုက စင်ဒီကို လက်ထပ်တော့မလို့လား"

"ဟာ မဟုတ်ပါဘူး ညီ၊ ကိုကို အပြတ်ရှင်းမလို့ပါ၊ တော်ပြီ၊ ဒီလိုလူတွေနဲ့လည်း ကိုကို မပတ်သက်ချင်တော့ပါဘူး၊ ဦးနှောက်အစားမခံနိုင်လို့"

"တကယ်လား ကိုကို့"

"အေး"

"ကောင်းတယ် ကိုကို၊ ညီနဲ့ဖြစ်မှာမဟုတ်ဘူး။ ညီ ဘယ်သူနဲ့မှ လက်မထပ်ပါဘူး၊ ကိုကို့ဆန္ဒ မပါဘဲနဲ့ပေါ့"

"ညီရယ်"

ညီ ပြန်ထွက်သွားတော့ သူ စိတ်ဓာတ်တွေကျပြီး ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားရသည်။ အလုပ်တွေ ပစ်မလုပ်ချင်တော့။ သူ အိပ်မက်အကြောင်းတွေ စဉ်းစားမိရင် ရင်တွေခုန်နေဆဲပင်။ ညီ့ကြောင့်ကွာ၊ နှုတ်ခမ်းဖူးဖူးလေး။ ကိုကို့ကို

ညီဆီရောက်လာသည်။

"ကိုကို ဘာတွေဖြစ်နေတာလဲ၊ နက်တိုင်က ပြောင်းပြန်ကြီး"

"ဟာကွာ"

"အမြဲတမ်း သေသေသပ်သပ် အမှားအယွင်းမရှိ နေခဲ့တဲ့ ကိုကို ဘယ်လိုဖြစ်နေတာလဲ၊ စိတ်တွေဗျာများနေပြီထင်တယ်"

"အေးကွာ၊ အခုတလော ကိုကို့စိတ်တွေ မငြိမ်တာတော့ အမှန်ပဲ"

"စင်ဒီကြောင့်လား"

"ညီ"

"ပြောလေ ကိုကို"

"ဘာမှမဟုတ်တော့ပါဘူးကွာ"

မြတ်နိုးရာမှာ နှစ်သက်ရာဆိုတဲ့ ညီမလေးကစ်ယောက်ရှိလားလို့ မေးချင်ပေမယ့် သူ့စကားသံတွေက မထွက်။ လည်ချောင်းဝမှာ တစ်ဆို့နေသည်။ နှစ်သက်ရာလို မိန်းကလေးတစ်ယောက်နှင့် ပတ်သက်နေတာပင် သူ ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေ၏။ သူ့စိတ်တွေ မလုံမလဲဖြစ်ရသည်။

"ကိုကို ဘာပြောမလို့လဲ၊ ပြောလေ၊ အားမနာပါနဲ့ဗျာ၊ ကိုကို့ဆန္ဒက ညီ့ဆန္ဒပါပဲ"

"မင်းကို ကိုကို မတရားများ လုပ်ထားမိလားလို့ တစ်ခါတစ်ခါ တွေးမိနေတယ်၊ တကယ်တော့ ညီ့အတွက်ပါ၊ ကိုယ်ချင်းမစာတတ်ခဲ့ဘူး၊ ကိုကို မှားနေပြီလားကွာ"

"ကိုကို ဘာမှမမှားပါဘူး၊ ဒါဖြစ်တတ်ပါတယ်၊ ညီ့ကိုလည်း ခွင့်လွှတ်ပေးပါ၊ ညီ အနေအထိုင် ဆင်ခြင်ပါ့မယ်"

ညီက စကားလမ်းကြောင်းလွဲကာ အလုပ်ကိစ္စတွေပဲ ပြောနေသည်။ သူ အမှန်အတိုင်း ဝန်ခံဖို့လည်း သတ္တိမရှိပြန်။ ကြာခင် မင်းကို မြတ်နိုးရာနဲ့ သဘောတူပါဦးလို့ ကိုကို ပြောဖြစ်မှာပါ။ သူ့စိတ်တွေ လေးလံရှုပ်ထွေးနေတာတော့ အမှန်ပဲ ဖြစ်သည်။

◆ ◆ ◆

အခန်း (၁၆)

"မမ"

"ဟင်"

"အားရှိရဲ့လားဟင်၊ ကိုသင့်မြတ်သူဆီ ဖုန်းဆက်ပေး ရမလား၊ မမ တွေ့ချင်တွေ့လေ"

"ဟင့်အင်း၊ မမ သူနဲ့မပတ်သက်ချင်တော့ပါဘူး ရာ၊ မေ့ပစ်နိုင်အောင်ပဲ ကြိုးစားမယ်၊ ဖြစ်မှမဖြစ်နိုင်တာဘဲ၊ ဘာဖြစ်လို့ တွေ့နေတော့မှာလဲ ရာရယ်၊ မမစိတ်တွေကိုပဲ ပုံမှန်ဖြစ်အောင် ကြိုးစားပါတော့မယ်လေ"

မြတ်နိုးရာ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်နေမိလေသည်။ မောင့်ကို ဘာဖြစ်လို့များ မေ့ပစ်လို့မရတာလဲ။ ချစ်နေသေးတာလဲ။

ဖြစ်မှမဖြစ်နိုင်တော့တာ။ အဓိက ဒီတိုက်ခန်းမှာနေရတာပင် မြတ်နိုးရာ စိတ်တွေ မလုံမလဲ ဖြစ်နေရသည်။ မောင် ဝယ်ပေးထားသော မောင့်အထောက်အပံ့တွေကို အတော်များများ လက်ခံခဲ့မိတာ မောင့်ကိုကိုမှာ အပြစ်မရှိပါဘူး။ ဒီလိုပဲ ဖြစ်မှာပဲလေ၊ မြတ်နိုးရာလို မိန်းကလေးတစ်ယောက်နဲ့ ဘယ်သဘောတူပါ့မလဲ၊ ညီမလေးကိုလည်း သနားသည်။ အားကိုးရာအစ်မက ပျော့ညံ့ခွေယိုင်နေ၍ ဘယ်လောက်များ စိတ်အားငယ်နေရှာမလဲ။

"ရာ"

"ရှင်"

"ခဏလေး စောင့်ပေးပါ၊ မမကို အချိန်လေး နည်းနည်းပေးပါကွယ်"

"အချိန် ဟုတ်လား၊ ရာက အခုချက်ချင်းပဲ နာလန်ထူစေချင်တာပါ၊ ဒါပေမဲ့ ပေးပါတယ်၊ မမ လိုအပ်တဲ့အချိန်အထိ အေးအေးဆေးဆေး နားပါ"

"မမ မှားတာပါ၊ မမ အပြစ်တွေပါပဲ"

"မမ"

"ဟင်"

"ရာ တိုက်ခန်းငှားနိုင်ပြီ၊ ဒီနေ့ သွားကြည့်မယ်လေ၊ သူတို့ တိုက်ခန်းကို ပြန်အပ်လိုက်ပါတော့၊ မမနဲ့ ရာ စိတ်သစ်ထုသစ်နဲ့ နေရာသစ်လေးမှာ ဘဝကို ပြန်စကြရအောင်နော်"

"အင်းပါကွယ်"

မြတ်နိုးရာ ဒီအခန်းမှာ မနေတော့မှ စိတ်လုံမှာပါ။ ပြန်အပ်လိုက်မှ စိတ်သန့်မှာပါ။ ညီမလေး ပြောတာ မှန်တယ်။ ဆောစောကတော့ မောင့်အငွေ့အသက်လေးတွေ ရှိနေတဲ့ ဒီအခန်းမှာ နေချင်သည်။ ဒါပေမဲ့ မြတ်နိုးရာ ဆုံးဖြတ်ထားပြီးပြီ။ ပြောင်းတော့မည်။ ဒီအခန်းကို ပြန်အပ်တော့မည်။ မောင့်ကိုလည်း သံယောဇဉ် ဖြတ်တော့မယ်။ ဖြစ်မှ မဖြစ်နိုင်တာဘဲလေ။ ညီမလေးအတွက် မြတ်နိုးရာ မားမားမတ်မတ် ရှိနေပေးရမယ်။ မောင့်အရိပ်အငွေ့တွေနဲ့ ဝေးရာကို ထွက်သွားလိုက်တာ အကောင်းဆုံးပါပဲလေ။

"မမ"

"ဟင်"

"ရာ သွားတော့မယ်၊ တိုက်ခန်းကြည့်ပြီးရင် မမကို အကြံပြမယ်လေ"

"ရှာသဘောပါပဲကွယ်၊ မမက ရှာဆန္ဒအတိုင်းပဲ ဖြစ်စေချင်တာပါ နော် ရာ"

"ဒါဆို ရာ သွားပြီ"

"ရှာ"

"ရှင်"

"မောင်နဲ့ သူ့အစ်ကိုကို မမုန်းပါနဲ့ကွယ်၊ မနာကြည်းနေပါနဲ့၊ ဒီလိုပဲ ဖြစ်တတ်တယ်လေ၊ ဘယ်သူက မမလို နိမ့်ကျတဲ့ မိန်းကလေးနဲ့ သူညီကို သဘောတူမှာလဲ"

နာကြည်းတယ်။ ရာကတော့ အရမ်းမုန်းတာပဲ။ မုန်းတယ်။ အခု ရှာကို ဟိုလူကြီး စွဲလမ်းနှစ်သက်နေပြီလေ။ ရာ ပုံစံပေးမလို့။ ဒီလူကြီးကို အရှက်ခွဲပစ်မယ်။ ကိန်းခန်းကြီးချင်တဲ့ လူကြီး။ မမချစ်သူကို ဂုဏ်ဒြပ်တွေပြည့်ဝနေတဲ့ မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ပေးတောမလို့လေ။ မမ သိရဲ့လား။

"မမကိုက မစဉ်းစားတာပါ၊ မောင့်ကို မချစ်သင့်ဘူးရာလည်း မမကို သင်ခန်းစာယူနော်"

"ရှာကို ဒီလိုလာလုပ်လို့ရမလား"

"သွားတော့လေ ရာ၊ ညီမလေးကို မမယုံတယ်၊ အမှား

လုပ်ဘူးဆိုတာ မမ သိပါတယ်လေ"

ညီမလေး ထွက်သွားလေသည်။ မြတ်နိုးရာ အိပ်ရာပေါ် ပြန်လဲနေမိ၏။ မဖြစ်သေးပါဘူး။ မြတ်နိုးရာ ဘာဖြစ်လို့များ ဒီလောက်အထိ ပျော့ညံ့နေရတာလဲ။ မြတ်နိုးရာ ထဖို့ကြိုးစားသည်။ ခေါင်းတွေက မူးနောက်နေလေသည်။ ထလို့မရ။ ဘာမှမစားရသေးရှာလည်း မြတ်နိုးရာ ခေါင်းမူးနေတာပဲဖြစ်နိုင်သည်။ ထကြည့်သည်။ မရပေ။

"အား ကျွတ် ကျွတ် ရှာဆီ ဖုန်းဆက်ရင် ကောင်းလား"

ရင်ထဲမှာ တလှပ်လှပ်နှင့် တုန်ရီလှိုက်မောနေလေသည်။ ချက်လုံးတွေက ပြာဝေနေ၏။ မြတ်နိုးရာ တစ်ခုခုဖြစ်တော့မယ် ထင်တယ်။ နှစ်သက်ရာဆီ ဖုန်းဆက်ဖို့ပင် အင်အားမဲ့နေလေသည်။

"မူးလိုက်တာ၊ မျက်ဝန်းတွေတောင် ပြာနေပြီ"

သူမ အိပ်ရာပေါ်မှာ လှဲချလိုက်ရသည်။

"မြတ်နိုးရာ"

"ဟင် မောင် မောင်"

မောင် ဟုတ်ရဲ့လား။ သူမအနား ရောက်လာတာ မောင်

ပါပဲ။

"ကံကောင်းလို့ကွာ၊ မောင် ရောက်လာလို့ပေါ့၊ အပြင်ကနေ လူခေါ်ဘဲလ်တီးတာ မရလို့ မောင့်မှာရှိနေတဲ့ သော့အပိုနဲ့ ဖွင့်ဝင်ခဲ့တာလေ"

"ဟင်"

"ဒီရောက်တော့ မြတ်နိုးရာ သတိမေ့နေလို့ မောင် စိတ်ပူပြီး ဆေးခန်းတစ်ခုကို ဖုန်းဆက်အကြောင်းကြားလိုက်တာလေ"

"မောင့်ပိုက်ဆံတွေ အရမ်းကုန်တော့မှာပဲ"

"ကုန်ပါစေကွာ၊ ဘာဖြစ်လဲ၊ မြတ်နိုးရာလောက် မောင် ဘာကိုမှ တန်ဖိုးမထားပါဘူး၊ မနေ့က မြတ်နိုးရာ နေမကောင်းဘူး မဟုတ်လားကွာ"

မြတ်နိုးရာရဲ့ လက်ကလေးကို သူ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေသည်။ ရိုးသားဖြူစင်တဲ့ ချစ်သူလေးကို သူ ဘယ်လို မှ ဥပေက္ခာပြုမထားရက်ပေ။ သူ့စိတ်တွေ ထိန်းချုပ်မရ။ ချစ်သူ ချက်နာလေးက ပိန်လှီဖျော့တော့နေသည်။

"မောင် ပြန်တော့လေ"

"နှစ်သက်ရာ ပြန်လာမှပဲ ပြန်မယ် မြတ်နိုးရာ"

လား။ မြတ်နိုးရာကို စိုးရိမ်တကြီး ကြည့်နေတာ မောင်လား၊ ဒီကို ရောက်လာစရာ အကြောင်းမရှိပါဘူး။ ကျွန်မ မျက်လုံးတွေ ပြာနေတယ်။ မောင့်ကိုတောင် ဝေဝါးနေသလိုပဲ။ သူ မျက်တောင် ကော့လေးက မတင်လို့ပင် မရတော့။

"မြတ်နိုးရာ ဘယ်လိုဖြစ်ရတာလဲ၊ မောင် အရောက် မြန်ပေလို့ပဲ"

မောင့်ရဲ့ တင်းကျပ်စွာ ပွေ့ဖက်ထားမှုကို သူမ အားအင် ရှိသ၍ ရုန်းကန်ဖယ်ရှားနေမိလေသည်။ မောင် ဘာဖြစ်လို့ ရောက်လာရတာလဲ။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မရဲ့ အဝေးဆုံးမှာနေပါ။ မဖြစ်ဘူး မောင်။ ကျွန်မ မောင်နဲ့အတူ မနေနိုင်ဘူး။ မောင် ပြန်ပါ။ မောင် သွားပါ။ သူမ တအားပဲ ရုန်းကန်ဖယ်ရှားပစ်နေမိလေသည်။

"မြတ်နိုးရာ မြတ်နိုးရာ"

"ဟင်"

သူမ သတိပြန်ရလာပြီး မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ အနားမှာ မောင်ရှိနေသည်။ သူမလက်မှာ ဒရစ်တွေချိတ်ထား၍ ဆေးရုံရောက်နေပြီလားဟု ကြည့်တော့ သူမ အိပ်ခန်းမှာ

"ကျွန်မ နေကောင်းပါပြီ၊ အားပဲ မရှိတာပါ၊ အခု ဆေးသွင်းလိုက်တော့ အားပြည့်သွားပါတယ်။ မောင်က အလုပ်တွေ များတယ်မဟုတ်လား၊ ပြန်ပါ"

မောင် ကျွန်မကို စိမ်းကားပစ်လိုက်ပါ။ ကျွန်မဆီ ပထမဆုံး ရောက်လာပြီး စိမ်းကားရက်စက်တဲ့ မျက်ဝန်းတွေနဲ့ ကျွန်မနာကြည်းမုန်းတီးသွားအောင် ဟန်ဆောင်ပြပေးပါလား မောင်ရယ်။ ကျွန်မကို ထပ်ပြီး ပတ်သက်မနေချင်ပါနဲ့တော့။ ကျွန်မက မောင့်ဘဝကို နှိမ့်ကျသွားစေမယ့် မိန်းမတစ်ယောက်ပါပဲလေ။

"မောင် မြတ်နိုးရာဆီလာတာ ဘာအခွင့်အရေးမှ တောင်းဆိုဖို့ မဟုတ်ဘူးနော်၊ မိတ်ဆွေကောင်းတစ်ယောက်အဖြစ် မောင် ရောက်လာခဲ့တာပါ။ မြတ်နိုးရာ မောင့်ကို မောင်းမထုတ်ပါနဲ့၊ အခု ကိုကိုလည်း အရင်လို အတွေ့တွေမကြီးတော့ပါဘူး၊ နောင်တတွေ ရနေပါပြီ"

"ဟင်"

"မနက်က မောင့်ကို တောင်းပန်တယ်၊ သူ အတွေ့တွေကြီးသွားတယ်တဲ့"

"ဘာပဲဖြစ်ဖြစ် မောင်နဲ့ ထပ်ပြီး မပတ်သက်ချင်တော့

ဘူး၊ မှေပစ်လိုက်ပါ၊ ထပ်ပြီးလည်း စိတ်သောကတွေ မခံစားချင်တော့လို့ပါ၊ မောင့်ကိုကိုက နိုးကို လက်ခံနိုင်မှာမဟုတ်ပါဘူး၊ ဆေးဝေးမှာ နေကြရတာ အားလုံးအတွက် အကောင်းဆုံးပဲနော်"

မောင်က သူမခန္ဓာကိုယ်လေးအား တင်းကျပ်စွာ ဖက်တွယ်ထားသည်။ မြတ်နိုးရာ ရုန်းဖယ်၍မရ။ မောင် ဘယ်လိုမှ စွန့်လွှတ်နိုင်ဘူးဟု ပြောနေ၏။ သူမကတော့ ငြင်းဆန်နေဆဲပင်။ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီနေသည့် မောင့်ကို ကြည့်ပြီး မြတ်နိုးရာ ရင်ကွဲတော့မယ်ထင်တယ်။

"မောင် ဘယ်လိုမှ တင်းထားလို့မရဘူး မြတ်နိုးရာ၊ မောင့်ကိုကိုက မင်းကိုလာပြီး ပြဿနာရှာမှာစိုးလို့ မောင် စိမ်းကားရက်စက်တဲ့ အရိပ်အယောင်တွေ တမင်တကာ လုပ်ယူထားတာတောင် ခဏလေးပဲ လုပ်နိုင်တာပါ"

"မောင် ပြန်ပါတော့၊ နှစ်သက်ရာက မကြိုက်ဘူး၊ သူ ဂုဏ်သိက္ခာတွေ ညှိုးနွမ်းအောင် မမ လုပ်နေတာလားတဲ့၊ မြတ်နိုးရာ တို့နှစ်ယောက်က ဘယ်လိုမှ မနီးစပ်နိုင်တော့လို့ပါ၊ မဖြစ်နိုင်တော့ပါဘူး ကိုသင့်မြတ်သူ၊ ရှင်ပြန်ပါတော့"

မောင်ဆိုတဲ့ အသုံးအနှုန်းကို မြတ်နိုးရာ နာကြည်းစွာ

နော်''

သူမငြင်းဆန်ရန် အင်အားတွေမရှိတော့။ မျက်ဝန်းလေးတွေကို မှိတ်ထားလိုက်လေသည်။ ချစ်သူအပေါ် ယုယကြင်နာတတ်ပြီး တန်ဖိုးထားတတ်သော မောင့်လို ယောကျ်ားတစ်ယောက်ကို မြတ်နိုးရာလည်း မစွန့်လွှတ်နိုင်ပါဘူး။ ကံကြမ္မာကိုပဲ စောင့်မျော်နေရတော့မည်ဖြစ်သည်။

◆ ◆ ◆

စွန့်လွှတ်လိုက်မိသည်။ သူစိမ်းဆန်စွာ ကိုသင့်မြတ်သူဟု သုံးနှုန်းလိုက်တော့ သူမျက်ဝန်းတွေက အံ့သြတုန်လှုပ် ချောက်ချားသွားသည်။

''မင်း ဘယ်လိုသုံးနှုန်းလိုက်တာလဲ မြတ်နိုးရာ၊ မင်းဘက်က စိမ်းကားပြလိုက်တာလား၊ မောင် လက်မခံနိုင်ဘူး၊ မင်းကိုလည်း မစွန့်လွှတ်ဘူး၊ ခဏလေး စောင့်ပေးပါ၊ ကိုကို နားလည်ခွင့်လွှတ်လာတဲ့အထိလေ၊ နော် မြတ်နိုးရာ၊ တစ်နှစ်လား နှစ်နှစ်လား မောင်တို့ စောင့်ကြရအောင်နော်''

ငြင်းဆန်တော့မည့် သူမနှုတ်ခမ်းလေးကို မောင်က သူ့ပါးပြင်နှင့် ထိကပ်ပစ်လိုက်လေသည်။ နေမကောင်းသေးဘူး။ အသာလေး ငြိမ်ငြိမ်နေပါဟု ပြောနေ၏။ မောင်က မြတ်နိုးရာကို စကားဆက်ပြောခွင့် မပြုတော့။

''မင်း ဘာပဲပြောပြော မောင် လက်မခံပါဘူး၊ မောင် လုပ်ချင်တာ လုပ်မှာပဲ၊ မင်းကလွဲပြီး မောင် ဘယ်သူ့ကိုမှ လက်မထပ်ဘူး၊ မောင်တို့နှစ်ယောက် ကိုကို လက်မခံလို့ သဘောမတူလို့ လက်မထပ်ရလည်း ဘာဖြစ်လဲကွာ၊ သူငယ်ချင်းမိတ်ဆွေတွေအဖြစ် တစ်ယောက်ကိုတစ်ယောက် ရိုင်းပင်းကူညီကြမယ်လေ

အခန်း (၁၇)

နှစ်သက်ရာကိုတွေ့လိုက်သည်နှင့် ချစ်မြတ်သူ ရင်တွေ ဆောက်တည်ရာမရအောင် တဒိန်းဒိန်း ခုန်လာသည်။ လှပဖူးစင် နုထွတ်နေတဲ့ ကောင်မလေးကို သူ ငေးကြောင်စွာ ကြည့်မိနေ၏။ ဘယ်လိုနှုတ်ဆက်ရမလဲ။ တဆတ်ဆတ်မျက်ဝန်းလေးတွေနှင့် ဆတ်ဆတ်ထိမခံ ကောင်မလေးဖြစ်၍ သူ နည်းနည်းတော့ တွန့်ဆုတ်နေမိလေသည်။ ဘတ်စ်ကားပေါ်က ဆင်းလာတဲ့ ကောင်မလေးကို သူ ဘယ်လိုဖြစ်ပြီး နှစ်သက်မြတ်နိုးနေမိမှန်း မသိပေ။ ဘတ်စ်ကားဂိတ်ကနေ နည်းနည်းလျှောက်သွားလျှင် နှုန်ဘိုင်တဲ့ စူပါမားကက်ကို ရောက်၏။ သူကို နုန္ဒာ မြင်တွေ့သွားရင် ဒုက္ခပဲ။ ပတ်ဝန်းကျင်မှာ လမ်းကြောင်းရှင်းနေ၍ စိတ်

သက်သာရာရသွားပြီး ကားပေါ်မှဆင်းလိုက်၏။ နှစ်သက်ရာရှိနေတဲ့အနား လျှောက်သွားဖို့ပြင်လိုက်စဉ်မှာပင် မထင်မှတ်ဘဲ နန္ဒာက ကားနှင့်ရောက်လာလေသည်။

"အချစ် ဘာလုပ်နေတာလဲ၊ ရှင့်ကားကိုမြင်လို့လေ၊ နန္ဒာ့ဆီ လာတာလား"

"အင်း ဟုတ်တယ်၊ ကိုယ့်ကား ဆီပိတ်သွားလို့ ခဏ ရပ်ပြီး ကားပြင်သမား ရှာနေတာလေ"

"ဒီနားမှာ မရှိဘူးလေ၊ တော်သေးတာပေါ့ အချစ်ရယ်၊ နန္ဒာ ရောက်လာလို့လေ၊ လာ နန္ဒာတို့ ဝပ်ရှော့သမား ရှာကြမယ်"

"အင်း"

သူ့အကြည့်တွေက ကောင်မလေးဆီ ရောက်သွားတော့ မျက်စောင်းဝဲဝဲလေးနှင့် စူတင်းတင်းအကြည့်တွေ ဆုံမိသွားရလေသည်။ သူ့ရင်ထဲမှာ နာကျင်စူးသွားရ၏။ သူ သတ္တိကြောင်တာလား။ နှစ်သက်ရာက သူ့ကို အထင်ကြီးမှာမဟုတ်တော့။ မင်းလိုချင်တာက သတ္တိရှိရဲ့ ကိုယ့်အသိုင်းအဝိုင်းထဲ မင်းကို ခေါ်ဆောင်သွားစေချင်တာမဟုတ်လား။

"အချစ်"

"ဟင်"

"ကားပြင်ဖို့ ဝပ်ရှော့ရှာကြမယ်လေ"

"နေပါဦး၊ ကိုယ် ပြန်နှိုးကြည့်ဦးမယ်"

"ကြည့်လေ"

သူ ကားစက်ကို ဟန်ဆောင်ပန်ဆောင် နှိုးကြည့်လိုက်သည်။

"ဂူး"

"ဂူး"

"ရလား အချစ်"

"ခဏလေး၊ ကြိုးစားကြည့်ဦးမယ်"

"ဂူး"

ကားက စက်နိုးသွားလေသည်။ သူ နန္ဒာ့ကိုနှုတ်ဆက်ဆော့ နန္ဒာက ဇွတ်အတင်းပဲ မနက်စာ စားဖို့ ခေါ်နေသည်။

"ခဏလေးပါ အချစ်ရာ၊ ရှင် ဒီကိုလာတာ နန္ဒာ့ဆီ လာတာမဟုတ်လား၊ အဝေးကြီးမသွားပါဘူး၊ နန္ဒာတို့ကုန်တိုက်ဆိုင်မှာပဲ စားကြမှာပါ"

သူ နန္ဒာနှင့်တွဲပြီး ကုန်တိုက်ထဲ မဝင်ချင်ပေ။ နှစ်သက်ရာ တစ်မျိုးထင်မှာပဲ စိုးမိနေ၏။ ဒုက္ခပါပဲ။ နန္ဒာ တော်တော်နှောင့်ယှက်တာပဲ။ သူကိုယ်တိုင် သတ္တိမရှိတာပါ။ နန္ဒာ ဇွတ်အတင်း ခေါ်နေပေမယ့် ချစ်မြတ်သူ မလိုက်တော့။ နန္ဒာက အချစ် အချစ်နှင့် ခေါ်နေ၍ သူ စိတ်ပျက်မိလေသည်။

"ကိုယ်သွားတော့မယ်၊ ကျေးဇူးပြုပြီး ကိုယ့်ကို အချစ် အချစ်နဲ့ မခေါ်စမ်းပါနဲ့ နန္ဒာရာ"

"ဘာဖြစ်လဲ အချစ်၊ တစ်သက်လုံး နန္ဒာခေါ်လာတာ ခေါ်မယ်"

"သွားပြီနော်"

နန္ဒာနှင့် ဝေးဝေးကိုရောက်မှ စိတ်မောသက်သာသွားရလေသည်။ သူကုမ္ပဏီကိုရောက်တော့ သူ စိတ်မောသွားရ၏။ နှစ်သက်ရာရဲ့ မျက်ဝန်းအကြည့်တွေက မာထန်လွန်းနေသည်။ ဆင်းရဲတဲ့ ကောင်မလေးတိုင်း ငွေကို ငမ်းငမ်းတက်မက်ပြီး ချမ်းသာတဲ့ ယောကျ်ားတွေကို အပိုင်ချိုင်တတ်ကြတာ မဟုတ်ပေ။ သူ့အထင်တွေ မှားနေပြီ။ နှစ်သက်ရာက တန်ဖိုးကြီးမားတဲ့ မိန်းကလေးပဲ။ ညီရဲ့မြတ်နိုးရာကလည်း နှစ်သက်ရာလိုပဲ ဖြစ်နေ

နာပါလေ။ စင်ဒီက ငွေကြေးချမ်းသာပေမယ့် စိတ်ဓာတ်က ဆောက်မာလွန်းသည်။ သူလိုယောကျ်ားတွေကိုတောင် အထင်သေးနှိမ်ချင်သည့် မိန်းကလေးဖြစ်နေ၏။ ညီပြောသလိုပဲ ကိုယ့်ကို ဩစုယုယမယ့် မိန်းကလေးမျိုးပဲ တကယ်တမ်း လိုအပ်နေတာပါလား။

"ဆရာ"

"ဟင်"

"အပြင်မှာ ဥည့်သည်ရောက်နေပါတယ်"

"ဟင် ဘယ်သူလဲ"

"စင်ဒီ တဲ့"

နာမည်ကြားရုံဖြင့် သူရင်ထဲမှာ အထိတ်တလန့် ဖြစ်သွားရသည်။ စင်ဒီ ဘာလာလုပ်တာလဲ။ ညီနှင့်လက်ထပ်တဲ့ကိစ္စ ဖျက်လိုက်ကြောင်း ပြောထားပြီးပြီပဲ။ စင်ဒီ့ကို ရင်ဆိုင်ရန် လန့်နေမိသည်။

"ဆရာ"

"ဟင်"

"ဥည့်သည်"

"သြော် အင်း၊ ဝင်လာခိုင်းလိုက်ပါ"

စင်ဒီ့ကိုတွေ့ရင် ဘယ်လိုအကြောင်းပြချက်နှင့် ငြင်းဆန်ရမလဲဆိုတာ စဉ်းစားနေရသည်။ သူ ဆတ်ဆော့လို့ အခုလို ပြဿနာတွေ ဖြစ်ရတာပါ။ စင်ဒီ ဝင်လာသည်။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

ခွာမြင့်ဖိနပ်သံက အခန်းထဲမှာ ဟိန်းထွက်နေသည်။ အမြဲတမ်း မောက်မောက်မာမာနှင့် ထိမထင်တဲ့ မျက်နှာထားက နှစ်သက်ရာလို အပြစ်ကင်းစင်မနေပေ။ နှစ်သက်ရာ ဘဝမှာ တန်ဖိုးကြီးမားသည်ဟု သူစိတ်က တွက်ချက်နေမိသည်။

"ကိုကို"

"စင်ဒီ"

"ညီရော"

"ညီ မရှိဘူး စင်ဒီ၊ နိုင်ငံခြားထွက်ဖို့ ကိစ္စတွေလုပ်နေတယ်၊ မအားဘူးထင်တယ်"

"ညနေကျရင် ကိုကိုနဲ့ညီ စင်ဒီတို့အိမ်ကို ထမင်းစား

ကြပါ၊ ဒက်ဒီက ဖိတ်ခိုင်းလို့"

ဒုက္ခပါပဲ။ ရှေ့နေကြီး ဦးအောင်ချိန် ဘာမှမပြောရသေးဘူးလား။ ညီက လိုက်မှာမဟုတ်။ သူလည်း မသွားချင်။ ညနေနှစ်သက်ရာကို သွားတွေ့ရမယ်။ စင်ဒီ့အဖေကို ပိုပြီးလန့်နေရသည်။

"ကိုယ်တို့မအားဘူး စင်ဒီ၊ အစည်းအဝေးတွေ ရှိတယ်၊ တကယ်ကို မအားလို့ပါ၊ နောက်နေ့မှနော်"

"တကယ်လား"

"တကယ်ပါ"

"ဒက်ဒီက လက်ထပ်ဖို့ကိစ္စ ဆွေးနွေးမှာလေ၊ ကိုကိုတို့ ပျောက်သွားလို့တဲ့၊ ဒေါကန်နေတယ်"

"ဟင်"

ရှေ့နေကြီး ဦးအောင်ချိန် ဘာမှမပြောရသေးပါလား။ ပြဿနာပဲ။ စင်ဒီ့ကို လှည့်ပတ်၍ ပြန်ခိုင်းရသည်။ စိတ်မောလိုက်တာ။ စင်ဒီနဲ့က တကယ့်ကို ပြဿနာပဲ။ မဖြစ်ဘူး။ ခပ်ပြတ်ပြတ်ပဲ ငြင်းဆန်ပစ်ရမယ်။ ညီ့ အိမ်ထောင်ဖက်ကို ညီ့ စိတ်တိုင်းကျပဲ ရွေးချယ်တာ ကောင်းပါတယ်လေ။ သူကိုယ်တိုင်ပင် နှစ်သက်ရာကို ချစ်မိနေပြီး ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ချင်နေ

"မဟုတ်ပါဘူး နှစ်သက်ရာ၊ ဟိုလေ ကိုယ် ရုတ်တရက် ကြောင်ပြီး လုပ်မိလုပ်ရာ လုပ်မိတာပါ"

"မုန်းလိုက်တာ"

"ကိုယ်တောင်းပန်ပါတယ် နှစ်သက်ရာ၊ မင်း ဘာဖြစ်ချင် တာလဲ၊ ကိုယ် အခုပဲ နန္ဒာဆီ မင်းလက်ဆွဲပြီး ခေါ်သွားပြရမလား"

"ပြလေ"

"ဟင် ..."

"ဦးရဲ့ ပတ်ဝန်းကျင်၊ ဦးအသိုင်းအဝိုင်းမှာ ကျွန်မဟာ ဦး ချစ်မြတ်နိုးတဲ့ မိန်းကလေးပါ၊ ဦး ဘဝလက်တွဲဖော်ပါလို့ ပြောရဲတဲ့သတ္တိ လိုအပ်တယ်၊ ကျွန်မကို အချောင်ကြိုးစည်လို့တော့ မရဘူးနော်"

"မဟုတ်ပါဘူး နှစ်သက်ရာ၊ ကိုယ် အဲဒီလို သဘောမျိုး တော့ မဟုတ်ပါဘူး၊ ကိုယ်က လူကြီးဆိုတော့ ..."

"ကျွန်မ အဆင့်အတန်းခွဲခြားတဲ့ လူတွေကို အရမ်းမုန်း တာပဲ ဦးချစ်မြတ်သူ၊ ကျွန်မက ဘဝ အောင်မြင်အောင် ကြိုးစားနေ တဲ့ မိန်းကလေး၊ အညွှန့်မချိုးချင်ပါနဲ့နော်"

ဦးချစ်မြတ်သူက နှစ်သက်ရာအပေါ် အလွန်အမင်း

သေးတာပဲ။ သူရုံးဆင်းတော့ နှစ်သက်ရာ ဘတ်စ်ကားစီးတတ်တဲ့ မှတ်တိုင်မှာ သွားစောင့်နေမိသည်။

နန္ဒာ့ ရုံးစောစောဆင်းတတ်တာ သူသိနေသည်။ ခဏကြာ တော့ နှစ်သက်ရာ ရုံးဆင်းလာ၏။ မျက်နှာထားလေးက တင်းမာ နေဆဲပင်။

"နှစ်သက်ရာ"

"ဟင် ..."

"ကိုယ် မင်းနဲ့အတူ ဘတ်စ်ကားစီးမလို့လေ"

"ရှင် ..."

"မင်းနဲ့ ဘဝတူချင်လို့"

"မနက်က သူဌေးရှေ့မှာ ဦးက နှစ်သက်ရာကို မနှုတ်ဆက်ရဲဘူး မဟုတ်လား၊ အဲဒါကို ကျွန်မ မုန်းတယ်"

"ဟင်"

"ကျွန်မကို ဦး ချစ်မြတ်နိုးတဲ့ မိန်းကလေးပါလို့ ဘာ ဖြစ်လို့ မပြောပြရဲတာလဲ၊ ကျွန်မက နိမ့်ကျတဲ့ မိန်းကလေးပါလို့ ပြောထားပြီးသားပဲဟာ၊ သတ္တိမရှိဘဲနဲ့ ခိုးကြောင်ခိုးဝှက် ကြိုစည် ချင်တာလား ဟင်"

ကြွေနေပြီဆိုတာ သူမ သိလိုက်လေသည်။ အကွက်ပဲ။ မမနှင့်ရှေ့မှာ ရှင်ကြီးက ကျွန်မကို မပတ်သက်ရဲဘူး မဟုတ်လား။ ဂုဏ်ငယ်မှာ ကြောက်လို့ထင်တယ်။ ရမလား။ နှစ်သက်ရာက မြတ်နိုးရာ မဟုတ်ဘူးနော်။ အံသွားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

"နှစ်သက်ရာ ဘာဖြစ်ချင်လဲ၊ ဘယ်လိုအနေအထားမျိုး ကိုယ့်အချစ်တွေကို လက်ခံမှာလဲ၊ ကိုယ် ဝန်ခံပါတယ်၊ မင်းကို အရူးအမူး ချစ်နေမိပါပြီ"

နှစ်သက်ရာ လက်လေးကို ဆက်ကနဲ ဆွဲကိုင်လိုက်သည်။ သူမ မျက်လုံးပြူးလေးများဖြင့် ငြင်းဆန်ဖို့ ပြင်လိုက်စဉ် သူက ပေါ် ရောက်သွား၏။ တံခါးတွေကို လော့ခ်ချပြီး ကားစက်နှိုးသည်။

"ဦး ဘာလုပ်တာလဲ၊ ကျွန်မကို ဒီလို နိုင့်ထက်စီးနင်း မလုပ်ပါနဲ့"

"မင်း သဘောဆန္ဒတွေအတိုင်း ကိုယ့်ပတ်ဝန်းကျင်မှ ကိုယ့်ချစ်သူပါလို့ ကြေညာမလို့လေ"

"ရှင်"

"ကိုယ့်မှာ သတ္တိရှိတယ်ဆိုတာ သက်သေပြမည်

နှစ်သက်ရာ၊ မင်းကို ကိုယ် လုံးဝ မစွန့်လွှတ်နိုင်တော့ဘူး"

"အို"

သူမ အထိတ်တလန့် ဖြစ်သွားရလေသည်။ မဖြစ်သေးဘူး။ ပတ်ဝန်းကျင်သိလို့ မဖြစ်သေးဘူး။ ကိုသင့်မြတ်သူ သိသွားလျှင် မြတ်နိုးရာ ညီမမှန်း သိနိုင်လေသည်။ နှစ်သက်ရာက သူ့ကိုချစ်မှာ မဟုတ်။ ဒုက္ခပေးရုံလောက်ပဲ။

"ကျွန်မကို ဒီလိုမလုပ်ပါနဲ့၊ ဘာမှန်းမသိ ညာမှန်းမသိ ပတ်ဝန်းကျင်ကို အသိမပေးနိုင်သေးပါဘူးနော်"

သူကတော့ ကားကို ဆက်မောင်းနှင်နေလေသည်။

◆ ◆ ◆

အခန်း (၁၈)

"အမိ"

"ဟင်"

"ကိုယ်က သတ္တိအပြည့်နော်"

"မယုံဘူး"

"ဘာကိုလဲ"

"ဦး သတ္တိကို"

"ဟာကွာ၊ ဦးလို့ မခေါ်စမ်းပါနဲ့၊ ကိုယ်က ဦးအရွယ်ကြီး ဟုတ်ပါဘူး နှစ်သက်ရာရယ်"

သူ ပျော်ရွှင်ကျေနပ်နေမိလေသည်။ နှစ်သက်ရာက သူ့ဘေးမှာရှိနေ၏။ လူရှင်းတဲ့ စားပွဲလေးတစ်လုံးမှာ နှစ်ယောက်

မင်းအပြုံးလေးတွေက အရမ်းစွဲမက်နှစ်သက်ဖွယ်ပါပဲ နှစ်သက်ရာ။ ကိုယ်ပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေ၊ ဂုဏ်သိက္ခာတွေထက် မင်းအပြုံးလေးက တန်ဖိုးပိုကြီးမားနေပြီထင်တယ်။ ကိုယ့်ရဲ့အတ္တတွေ ဂုဏ်ဒြပ်မောက်မာမှုတွေကို ဖယ်ရှားပစ်နိုင်လောက်အောင် တန်ဖိုးကြီးမားနေပြီကွာ။

"ကိုယ်နှစ်သက်ရာကို လက်ထပ်ချင်တယ်၊ မင်းကို ဘယ်လိုကြိုးကျယ်ခမ်းနားမှုတွေနဲ့ လက်ထပ်ပေးရမလဲ၊ ကိုယ့်အချစ်တွေကို မင်းယုံကြည်အောင် ဘယ်လိုသက်သေပြပေးရမလဲ နှစ်သက်ရာ ပြောပါ"

နှစ်သက်ရာကတော့ မျက်တောင်ကော့လေးတွေကို တဖျပ်ဖျပ်လှုပ်ခပ်ကာ မခို့တရို့လေးကြည့်ရင်း ဒီလူကြီးကို ဘယ်လို ညာပေးမလဲဆိုတာ စဉ်းစားနေမိလေသည်။ မမကြောင့် သူ့ကို တတ်သက်မိတာပါ။ ကြည့်ပါဦး၊ သူ့ကျတော့ ဆင်းရဲနွမ်းပါးပြီး ခိုမှီကျတဲ့ နှစ်သက်ရာကို လက်ထပ်မည်ဟု တောင်းဆိုနေပြီး ဓမ္မနဲ့ကျတော့ ခုထိ သဘောမတူသေးပေ။ သူ့စကားကိုရော နှစ်သက်ရာ ယုံရမှာလား။ အလကားလူကြီး၊ ဘာချစ်တာလဲ။ ငွေးစိမ်ဥစ္စာ ငွေတွေနဲ့ ဘမ်းပြီး ကျွန်မဘဝကို ဝါးမျိုးဖျက်ဆီး

အတူ ညစာ စားသောက်ခွင့် ရနေသည်။ သူမရဲ့ နှုတ်ခမ်းဖူးဖူး စင်စင်လေးက ချိုအီစွာ ပြုံးယောင်သမ်းနေ၏။ ကိုယ်အိပ်မက်လား မျော်ရွှင်ကြည်နူးဖွယ် အတိပဲ။ သူမနှုတ်ခမ်းဖူးဖူးလေးကို မေ့ပစ်၍ မရပေ။ ရင်ထဲမှာ နွေးထွေးလာလေသည်။ သူ နှစ်သက်ရာကို ဘယ်လိုနည်းနှင့်မှ လက်လွတ်အဆုံးရှုံး မခံနိုင်ပေ။ သတ္တိရှိရမယ်။ ညီရေ မတတ်နိုင်တော့ဘူး။ မင်းကို ကိုယ်ချင်းစာပါဦးကွာ။ ကိုကိုတော့ နှစ်သက်ရာကို အရမ်းပဲ ချစ်မိနေပြီ။ မင်းလည်း မြတ်နိုးရာကို လက်ထပ်ချင် လက်ထပ်ပေတော့။

"ဦး"

"ဟင် ..."

"ဘာတွေစဉ်းစားနေတာလဲဟင်"

"နှစ်သက်ရာ အကြောင်းတွေလေ"

"နှစ်သက်ရာကို လူမသိ သူမသိ ဘယ်လိုဖုံးကွယ်ဦးလိမ်ညာလှည့်ဖြား..."

"တော်ပါတော့ကွာ၊ ကိုယ့်မှာ အဲဒီလို အကြံအစည်တွေ မရှိပါဘူး၊ နှစ်သက်ရာကို ဘယ်လိုလက်ထပ်ရမလဲဆိုတာပဲ စဉ်းစားနေတာပါ"

ရိုးနေပြီ ထင်တယ်နော်၊ ဒါတွေမလိုပါဘူး။ တကယ်လို့သာ ကျွန်မကို သက်သေပြချင်ရင် ကျွန်မနဲ့အတူတူ ဘတ်စ်ကားလိုက်စီးလေ''

နှစ်သက်ရာရဲ့ တောင်းဆိုမှုကြောင့် နည်းနည်းတော့ တွန့်သွားရသည်။ ဘယ်လိုကောင်မလေးလဲ။ ချစ်မြတ်သူ ဘယ်လို လုပ်ရမှန်းပင် မသိတော့။ ကောင်မလေးက ထနေပြီ။ သူ လက်ဆောင်ပေးထေားတဲ့ ပစ္စည်းကို မကြည့်ပေ။ မင်း မာယာများ တာလား၊ အိုက်တင်ခံတာလား၊ ဒုက္ခပါပဲကွာ။ ကိုယ့်တစ်သက်တာ ဘယ်တုန်းကမှ ဘတ်စ်ကား မစီးဖူးပါဘူး။ အသိတွေ မြင်တွေ့သွားရင်လည်း သိက္ခာကျရဦးမည်။ ချစ်မြတ်သူ မင်းဘာဆက်လုပ်မှာလဲ။ ဘယ်လိုဆုံးဖြတ်မှာလဲ။ ကိုယ့်အချစ်တွေကို စမ်းသပ်တာလားကွာ။

''ဦးချစ်မြတ်သူက နှစ်သက်ရာဘဝထဲကို မတိုးဝင်ရဲပါဘူး။ သတ္တိဆိုတာ အဲဒါပါပဲ၊ ကျွန်မက ကျွန်မဘဝထဲကို တိုးဝင်ရင်ဆိုင်ဖြတ်သန်းရဲတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ရွေးချယ်မှာပါ။ ဘိုင့်ဘိုင်''

''ဟေ့''

နှစ်သက်ရာ ထွက်သွားလေသည်။သူ တွေဝေတုံ့ဆိုင်းစွာ

ပစ်မလို့ မဟုတ်လား။ သူမျက်နှာငယ်လေးနှင့် တောင်းဆိုနေတာ နှစ်သက်ရာ ဟားတိုက်ရယ်မောပစ်ချင်လာရသည်။

''မင်းကို ကိုယ်လက်ဆောင်တစ်ခု ပေးချင်တယ် နှစ်သက်ရာ၊ ဘာရယ်မဟုတ်ပါဘူးကွာ၊ ဟမ်းဖုန်းလေး တစ်လုံးပါ။ မင်းဆီ အမြဲတမ်း ဆက်သွယ်လို့ရအောင်ပါ''

ဘော်ဒွေရောင် လက်လက်ထနေတဲ့ လက်ကိုင်ဖုန်းလှလှလေးတစ်လုံးက သူမရှေ့ တိုးရွေ့လာသည်။ နောက်ဆုံးပေါ် ဒီဇိုင်းလေးနှင့် နှစ်သက်စရာ။ တန်ဖိုးကြီးမားတဲ့ ပစ္စည်းလေးတစ်ခုပါပဲ။ ဒါပေမဲ့ နှစ်သက်ရာကတော့ မမက်မောမိပေ။ ဒါတွေနဲ့ မမျှားစမ်းပါနဲ့ ဦးချစ်မြတ်သူ။ ကျွန်မက ရှင်ထင်ထားသလို မိန်းကလေး မဟုတ်ပါဘူး။ မုန်းလိုက်တာ။ အဲဒီလိုလူမျိုးတွေကို အရမ်းမုန်းတာပဲ။ ကျွန်မက ကျွန်မရဲ့ အပျိုစင်ဘဝလေးကို တန်ဖိုးထားတတ်တဲ့ မိန်းကလေးပါ။ သူမ မျက်ဝန်းလေးတွေက တင်းမာသွားလေသည်။

''ကျွန်မ ပြန်တော့မယ်''

''နှစ်သက်ရာ''

''အဲဒီလို ပစ္စည်းတွေနဲ့ မြူဆွယ်ဖြားယောင်းတာမျိုး

ဓောလျှေးတွေပင် ပျံချင်လာရ၏။ နှစ်သက်ရာရေ။ အရေးကြီးတာက သူ ဘတ်စ်ကားပေါ် တက်စီးလာကြောင်း နှစ်သက်ရာ သိဖို့ပဲ။

"သိပ်မတိုးနဲ့လေ၊ ဒီမှာ အရမ်းကြပ်နေတယ်"

"ဆောရီးနော်"

"ဘာဆောရီးလဲ၊ လူပုံက အဌားကားစီးနိုင်ရက်သားနဲ့ ကပ်စေးနည်းပြီး ဘတ်စ်ကား တိုးစီးနေတယ်၊ ဒီလိုလူတွေကလည်း ရှိသေးတယ်"

သူ ရုက်သွားမိလေသည်။ စတိုင်လ်ကျကျ ဝတ်စားထားပြီး သူခါးမှာ လက်ကိုင်ဖုန်းက ချိတ်ထားသေး၏။ စိန်လက်စွပ်ကြီး တစ်ဖျပ်ဖျပ်ခါအောင် ဝတ်ထားဘဲ့ သူ့ပုံစံက ဘတ်စ်ကား တိုးစီးနေတယ်ဆိုတော့ သူများအမြင်ကတ်စရာပင်။ ရှေ့ဆက်မတိုးရဲတော့။ နှစ်သက်ရာရော။ ဒီဘတ်စ်ကားပေါ် ပါလာတော့ သေချာသည်။ သူကိုယ်တိုင် ဒီဘတ်စ်ကားပေါ် တက်သွားတာ မြင်လိုက်ရတာပဲ။ ရှာမရ။ ပတ်ဝန်းကျင်က ပြောဆိုမှာလည်း ကြောက်ရသေးသည်။ ကုမ္ပဏီမှာဆို သူ့ကို ဝန်ထမ်းတွေအားလုံးက ဖိနှိပ်တုန်အောင် ကြောက်ကြရလေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးစေးတွေ ပျံလာရ၏။ နှစ်သက်ရာကိုလည်း ရှာမတွေ့ပေ။

ရပ်နေမိပြီးမှ ကျသင့်ငွေကို ကဗျာကယာရှင်းကာ သူမနောက်သို့ လိုက်လာမိခဲ့၏။ တော်တော်မြန်တဲ့ ကောင်မလေးပဲ၊ ဘတ်စ်ကား ဂိတ် ရောက်နေပြီ။ ဒီကောင်မလေး ဘတ်စ်ကားပေါ်တက်ပြီး သူ့ရှေ့ကနေ ပျောက်ကွယ်သွားမှာ အကြောက်ဆုံးပင်။ မဖြစ်သေးပါဘူး။ သူ နှစ်သက်ရာ အလိုကျပဲ ဖြည့်စွမ်းပေးချင်နေသည်။ ဘယ်လိုနည်းနဲ့မှ လက်လွတ်အဆုံးရှုံး မခံချင်တော့ပေ။ ဖြစ်ချင်ရာဖြစ်ပဲ။ ကိုယ့်ကို ရွေးချယ်ဖို့အတွက် ကိုယ်သတ္တိရှိရှိ ရင်ဆိုင်ပြရမှာဘဲ။ နှစ်သက်ရာရယ် ကိုယ် မင်းကိုအရမ်းချစ်တယ်၊ သူ ဘာမှစဉ်းစားမနေတော့ဘဲ နှစ်သက်ရာတက်သွားတဲ့ ဘတ်စ်ကားပေါ် တက်လိုက်လာခဲ့လေသည်။

"အား...ကြပ်လိုက်တာ"

သူ အနံ့တွေ မခံနိုင်ဘူး။ အမြဲတမ်း သန့်ရှင်းမွေးကြိုင်နေမှ သဘောကျ နှစ်ခြိုက်တတ်သည်။ အစားအသောက် အဝတ်အစားကအစ သန့်ရှင်းလတ်ဆတ်နေမှ နှစ်သက်ခဲ့၏။ ဖုန်တွေကို အရမ်းမုန်းတီး ရွံရှာတဲ့သူပဲ။ ဘတ်စ်ကားပေါ်မှာ လူတွေ ကြပ်ပိတ်သိပ်နေသည်။ ဒီကောင်မလေး နေ့စဉ် စီးနေ၏။ သူ ကောင်မလေးကို ရှာပါသည်။ ပတ်ဝန်းကျင်က လူတွေ တွေ့မှာလည်း စိုးရိမ်ပြီး

နေတဲ့နေရာကို သွားမယ့် ဘတ်စ်ကားကြီးပေါ်တက်ပြီး စီးလာခဲ့သည်။ သူမအခန်းရောက်တော့ မမကို ဒရစ်ပိုက်တန်းလန်းနှင့် တွေ့ရတော့ သူမ အထိတ်အလန့် ဖြစ်သွားရ၏။ မမအနားမှာ ဘယ်သူမှ ရှိမနေပေ။

"မမ ဘာဖြစ်တာလဲ၊ ဒါတွေက၊ ရာ့ဆီ ဘာဖြစ်လို့ ဒုန်းမဆက်ရတာလဲ"

"ရာ"

"ရှင်"

"ဘာမှ မမေးနဲ့တော့၊ မမတို့ မနက်ဖြန်ပဲ ပြောင်းကြရအောင်"

"ဟင်"

"မမ ဒီမှာနေလို့ မရတော့ဘူး၊ ပြောင်းကြရအောင်"

"ကိုသင့်မြတ်သူ ရောက်လာလို့လားဟင်"

"အင်း"

"ဒီဆေးတွေက"

"မမ သတိလစ်မတတ်ဖြစ်နေတုန်း သူရောက်လာလို့ပေါ့၊ အိမ်ခေါ်ပြီး ဆေးသွင်းပေးတယ်၊ ကုန်ကျစရိတ်လည်း သူပဲ

စိတ်မောလူမော ဖြစ်နေရသည်။

နှစ်သက်ရာကတော့ ဦးချစ်မြတ်သူ ဘတ်စ်ကားပေါ် တက်လိုက်လာပြီး ပတ်ဝန်းကျင်က ပွစိပွစိ ပြောနေသံတွေ ကြားရလေသည်။ အရမ်းပဲ ပျော်ရွှင်ကျေနပ်သွားရ၏။ ကောင်းတယ်။ အရမ်းပျော်တာပဲ ဒီလောက်တောင် ကိန်းခန်းကြီးနေတဲ့လူ။ နှစ်သက်ရာတို့လို လူတန်းစားတွေကို အထင်သေးနိမ့်ချချင်ဦး။ သူမ ဘတ်စ်ကားကြီးပေါ်ကနေ ဆင်းလိုက်လေသည်။ ဘတ်စ်ကားကြီးက ပြန်လည်ထွက်ခွာတော့၏။ သူမတစ်ယောက်တည်း သဘောကျ ကျေနပ်စွာ ရယ်မောနေမိသည်။

"ဟား...ဟား...ဟား...ဟင်....ဟင်း၊ ဒီဘတ်စ်ကားက ကျွန်မတို့ နေတဲ့နေရာနဲ့ လုံးဝဆန့်ကျင်ဘက်ပဲလေ ဦးချစ်မြတ်သူ၊ ရှင်ကြီး ဒုက္ခကောင်းကောင်း ရောက်ပြီသာ မှတ်တော့"

သူမကိုတော့ ဦးချစ်မြတ်သူ စိတ်ကုန်လောက်ပြီ ဖြစ်သည်။ ကောင်းပါတယ်။ နှစ်သက်ရာကလည်း ဆက်ပြီး မပတ်သက်ချင်တော့ပါဘူး။ ဦးချစ်မြတ်သူကို စိတ်ဒုက္ခပေးချင်တာ တစ်ခုလောက်ပါပဲလေ။ နှစ်သက်ရာ သွက်လက်စွာဖြင့် သူမ

ပေးတယ်၊ မမတို့ ပြန်ဆက်သွယ်လို့ မဖြစ်တော့ဘူးထင်တယ်''

မမပြောတာလည်း ဟုတ်တာပဲ။ ကိုသင့်မြတ်သူက စင်ဒီဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်တော့မည်ဖြစ်သည်။ မမသိရင်ပို၍ ခံစားရမည်ဖြစ်၏။ ကိုသင့်မြတ်သူကတော့ မမကို ချစ်မြတ်နိုးတာ နှစ်သက်ရာ လက်ခံနိုင်လေသည်။ ဟိုလူကြီးပဲ၊ အခုထိတောင် မမနှင့် သူညီကို သဘောတူပါတယ်လို့ မပြောသေးပေ။ ရှင်ကြီး သဘောမတူသေးဘူး မဟုတ်လား။ ရှင်ကြီး အလကား ဟန်ဆောင်နေတာပါ။ မမသည် အင်အားတော့ နည်းနည်းပြည့်ပုံပင်။

''ရာ''

''ရှင်''

''မမကို သူက နှာ့စ်နဲ့ ထားခဲ့တာပါ။ အခု အောက်ကို ခဏလေး ဆင်းသွားတယ်။ ဒီဆေးတွေကုန်ရင် ဖြူတ်တော့မှာပါ။ နှစ်သက်ရာ ပြန်လာခါနီးလို့ မမပြန်ခိုင်းရတယ်။ မောင်ကတော့ မမအပေါ် ချစ်မြတ်နိုးပြီး တာဝန်ကျေပါတယ်ကွယ်''

''ရာလည်း ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး မမရယ်၊ နေထိုင်ဖို့လည်း စီစဉ်ထားပြီးပါပြီ၊ မနက်ဖြန်ပဲ ပြောင်းချင်တယ်ဆိုရင် ရာ စီစဉ်လိုက်ပါ့မယ်''

မမကိုတော့ ရာ စိတ်ချမ်းသာစေချင်မိလေသည်။ ကိုချစ်မြတ်သူပဲ တရားခံပါ။ မမသာ တစ်ခုခုဖြစ်သွားရင် ရှင်ကြီးကို လုံးဝခွင့်မလွှတ်ဘူး။ ဒီနေ့ သူမလုပ်ခဲ့တဲ့ လုပ်ရပ်အတွက် နှစ်သက်ရာ ပီတိတွေ ဖြစ်နေခဲ့သည်။

''ရာ''

''ရှင်''

''မမကို ခွင့်လွှတ်ပါ။ မမ တောင်းပန်ပါတယ်ကွယ်၊ မောင်နဲ့ အဝေးဆုံးမှာပဲ မမ နေပါတော့မယ်။ မောင့်ကို ထပ်ပြီး ဒုက္ခရောက်အောင် မလုပ်ချင်တော့ဘူး၊ မမကြောင့် သူဘဝကိုလည်း မနိမ့်ကျစေချင်ပါဘူး''

မောင့်ကို စွန့်လွှတ်လိုက်ဖို့ပဲ မြတ်နိုးရာ ဆုံးဖြတ်ထားမိလေသည်။ ညီမလေး နှစ်သက်ရာ ဘဝရွေးအတွက်ပါပဲ။ ပြီးတော့ မောင်တို့ ညီအစ်ကိုအပေါ် ညီမလေးနှစ်သက်ရာ မမှန်းတီးနေစေချင်ပေ။

''မမအဖြစ်အပျက်တွေကို သင်ခန်းစာယူနော် ရာ''

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံချင်လာရသည်။ မြတ်နိုးရာ မျက်တောင်ကော့လေးတွေကို ပိတ်ပစ်လိုက်တော့

အခန်း (၁၉)

နှစ်သက်ရာကို သူ ရှာမတွေ့တော့ပေ။ လူက ချောင်သွားပြီ။ နှစ်သက်ရာရဲ့ အရိပ်အယောင်မျှပင် မတွေ့ရ။ ကောင်မလေး ဆင်းသွားပြီထင်တယ်။ ဒုက္ခပါပဲ။ သူ ကြောင်ဆောင်တောင်နှင့် ကားပေါ်မှ ဆင်းလိုက်သည်။ သူ ဘယ်ရောက်နေမှန်းပင် မသိတော့။ တော်တော်ဆိုးတဲ့ နှစ်သက်ရာပဲ။ သူ့ကို ပညာပြသွားတာလား။ ဒါမှမဟုတ် သူ ဘတ်စ်ကားလိုက်စီးတာပဲ မသိလို့လား။ သူ သက်သေပြခဲ့တာတွေ အလကားဖြစ်သွားပြီထင်တယ်။ စိတ်မောလိုက်တာ နှစ်သက်ရာ။ ဘတ်စ်ကားဂိတ်မှာ ရပ်ပြီး သူ ပြန်ဖို့ စဉ်းစားရသည်။ သူ ကားရပ်ထားခဲ့တဲ့နေရာကို အဝှားကားနှင့်ပဲ ပြန်လာခဲ့ရ၏။ ကားက ဒီအတိုင်းရှိနေသေးလို့

၏။ ညီမလေးက အလိုက်သိစွာဖြင့် သူမအနားမှ ထွက်သွားတော့သည်။

◆ ◆ ◆

တော်သေးရဲ့။ ချစ်မြတ်သူ စိတ်တွေ လေးလံရှုပ်ထွေးနေသလိုပင်၊ သူဘာတွေလုပ်နေလဲ။ အမှားတွေလား။ အမှန်တွေလား။ နှစ်သက်ရာဆိုတဲ့ ကောင်မလေးအတွက် သူဘယ်တော့မှ မလုပ်ခဲ့ဖူးတဲ့ အလုပ်တွေ လုပ်ခဲ့မိသည်။ ပိုက်ဆံချမ်းသာပါလျက်နှင့် ဘတ်စ်ကားတိုးစီးနေလို့ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုချမှုတွေ ခံခဲ့ရ၏။ ကုမ္ပဏီမှာရော ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာပါ လူရိုသေလေးစားခြင်း ခံခဲ့ရတဲ့ သူအတွက် ပေးဆပ်မှုတွေက များပြားလွန်းနေသည်တန်ရဲ့လား။ နှစ်သက်ရာဆိုတဲ့ ကောင်မလေးကို သူအမှန်တကယ်ဲ့ သူအသိုင်းအဝိုင်းထဲ ခေါ်သွားရဲတဲ့ သတ္တိရှိရဲ့လား။

"မင်းတော်တော်ဆိုးတဲ့ ကောင်မလေးပဲ နှစ်သက်ရာကိုယ့်ကို ပညာပေးသွားတာလားကွာ"

ကားကို မောင်းရတာပင် အသက်မဲ့သလို သူခေါင်းထဲမှာ နောက်ကျိနေသည်။ ဒီကောင်မလေးကို စွန့်လွှတ်သင့်တယ်၊ သူနှင့် ဘယ်လိုမှ အံဝင်ခွင်ကျ ဖြစ်မလာနိုင်ပါဘူးလေ။ ညီ့ကိုရော ဘယ်လိုရင်ဆိုင်မလဲ။ ညီနဲ့ မြတ်နိုးရာကိုရော သဘောတူလိုက်ရတော့မှာလား။ ဒါပေမဲ့ နှစ်သက်ရာက မြတ်နိုးရာလို မဟုတ်၊ သူ့ဆီက ဘာအခွင့်အရေးမှ မတောင်းဆိုခဲ့ပေ။ လက်မခံခဲ့၊

ကာန်ဆောင်နေတာများလား။ ညီ့ဆီက မြတ်နိုးရာ အထောက်အပံ့တွေ ယူခဲ့သည်။ မြတ်နိုးရာနှင့် နှစ်သက်ရာကရော ညီအစ်မတွေလား။ သူ စိတ်မလုံ၍ ညီ့ကိုလည်း မမေးရဲပေ။ အိမ်ရောက်တော့ ညီက နိုင်ငံခြားထွက်တော့မည့်အကြောင်း ပြောလေသည်။

"ကိုကို"

"ဟင်"

"ညီ မနက်ဖြန်ပဲ နိုင်ငံခြားကို ထွက်တော့မယ် ကိုကို၊ ဒေါင်ဒီနဲ့လည်း ညီ လက်မထပ်ချင်ဘူး။ ဒါပေမဲ့ ကိုကို့ဆန္ဒက ဒီနေမယ်ဆိုရင်လည်း ညီလက်ထပ်ပါမယ်"

ညီ့မျက်နှာလေးကို သူ ငေးကြောင်စွာ ကြည့်နေမိလေသည်။ သူ ကိုယ်ချင်းမစာစွာ အတွဲကြီးကြီးနှင့် ညီ့ကိုယ်ရေးကိုယ်တာ လွတ်လပ်ပိုင်ခွင့်ကို ဝင်စွက်ဖက်ခဲ့မိသည်။ သူ နှစ်သက်ရာကို ချစ်မြတ်နိုးနေမိသလို ညီလည်း မြတ်နိုးရာကို ချစ်ခင် နှစ်သက်နေမိမှာပဲ။

"ကိုကို"

"ဟင်"

"အခုတလော ကိုကိုမျက်နှာ မသာမယာနဲ့၊ တစ်ခုခုကို

နှစ်သက်ရာကို သူ စွန့်လွှတ်တော့မလို့လား။ အတွေးနှင့်ပင် သူ နှလုံးသားတွေထဲကိုမှာ နာကျင်စူးရှသွားရတော့သည်။ ဒီကောင်မလေးကို အမြဲတမ်း ထာဝရတွေ့မြင်ချင်တဲ့ ဆန္ဒတွေက သူ့စိတ်တွေကို ဆီးနှုပ်ရ ခက်ခဲနေ၏။ ညီကို ရင်ဖွင့်ချင်သည်။ စိတ်က မလုံပေ။ သူ ချစ်မြတ်နိုးတဲ့ ကောင်မလေးက ဆင်းရဲနိမ့်ကျလွန်းနေသည်။ ဂုဏ်သိက္ခာမျိုးဆက် အကောင်းဆုံးတွေကို ဖီဇာကြောင့်စွာ ရွေးချယ်ခေါ်လာခဲ့တဲ့ သူ့အတွက် စိတ်မလုံစရာ ဖြစ်နေရသည်။

"ကိုကို့မှာ စိတ်အနှောင့်အယှက် အကြပ်အတည်းတွေ ရှိနေရင် ညီ့ကို ပြောပါ၊ ကိုကိုဟာ ညီ့အတွက် အစားထိုးမရတဲ့ အစ်ကိုပါပဲ၊ ဖခင်တစ်ယောက်လိုလည်း ညီလေးစားအားကိုးတာပါ"

"ညီရယ်"

သူ တစ်ယောက်တည်း တွေဝေစွာ ကျန်ခဲ့သည်။ ညီကတော့ မြတ်နိုးရာက ရိုးသားအေးချမ်းတဲ့ မိန်းကလေးတဲ့။ သူ မြတ်နိုးရာဆီသွားပြီး ပြဿနာရှာမှာ စိုးရိမ်၍ ညီလိုက်လျောနေတာပဲ ဖြစ်သည်။ ကိုကို အရင်လို မဟုတ်တော့ပါဘူး ညီရာ။ ကိုယ်ချင်းစာတတ်နေပါပြီကွ။ မင်းလိုပဲ နှစ်သက်ရာဆိုတဲ့

အလေးအနက် တွေးနေသလိုပဲ၊ ညီ့ကြောင့်လား၊ စင်ဒီတို့ဘက်က အတင်းအကြပ် လက်ထပ်ဖို့ တောင်းဆိုနေလို့ ကိုကို အခက်တွေ့နေတာလား"

"ညီ"

"ပြောပါ ကိုကို"

"ညီ စင်ဒီနဲ့ လက်ထပ်စရာ မလိုတော့ပါဘူး၊ ကိုကို့ အပြတ်သားဆုံးပဲ ငြင်းပစ်လိုက်တော့မယ်"

"ကိုကို့အတွက်"

"ရပါတယ်ကွာ၊ ညီ နိုင်ငံခြားကို ရှောင်ထွက်သွားစရာ မလိုတော့ပါဘူး၊ ကိုကို့အနားမှာပဲ နေပါ"

"ခဏတော့သွားမယ် ကိုကို၊ စင်ဒီနဲ့ လက်မထပ်သလို ကိုကို သဘောမတူသရွေ့ မြတ်နိုးရာကိုလည်း ညီ လက်မထပ်ပါဘူး၊ ဒါပေမဲ့ မြတ်နိုးရာကို မချစ်ရဘူးလို့ မပြောပါနဲ့။ အေးချမ်းရိုးသားတဲ့ မြတ်နိုးရာဆီကိုလည်း အနှောင့်အယှက် မပေးစေချင်ပါဘူး၊ ညီ ထိန်းချုပ်ပါ့မယ်ဆိုရင် ကိုကိုကျေနပ်တယ် မဟုတ်လား"

သူ ညီ့ကို မြတ်နိုးရာနဲ့ သဘောတူပါပြီလို့ ဘာဖြစ်လို့များ ပြောမထွက်ရသေးတာလဲ။သူ့နှုတ်ခမ်းတွေက စေ့ကပ်နေသည်၊

ကောင်မလေးကို အရမ်းပဲ ချစ်မိနေပြီ။ ဒီကောင်မလေးကို ရယူပိုင်ဆိုင်ဖို့ ပြင်းပြတဲ့ဆန္ဒတွေ ကိုကို့မှာ ရှိနေတယ်ကွာ။ ဒီ ကောင်မလေးကို အရမ်းသတိရနေမိတယ်။ ဘယ်လိုလုပ်ရမလဲ။

သူစိတ်တွေ နောက်ကျိလွန်းနေသဖြင့် အရက်သောက်သည်။ ညဉ့်နက်သည့်အထိ ခြံထဲမှာ ထိုင်နေမိ၏။ လေက အေးစက်နေသည်။ ညဉ့်အတော်နက်မှ အခန်းထဲ ပြန်ဝင်လာခဲ့၏။ မနက်မိုးလင်းတော့ ညီ နိုင်ငံခြားသွားတော့မှာမို့ မနက်စာ အတူဆုံပြီး စားသောက်ကြလေသည်။

"အဒေါ်ကြီး"

"ရှင်"

"ကျွန်တော် မုန့်ဟင်းခါး စားချင်တယ်၊ ရမလား"

"ရှင်"

"ကိုကို ဘာစားချင်တာလဲ၊ မနက်တိုင်း ဆင်းဒဝစ်တို့ ဟမ်ဘာဂါတို့ပဲ စားနေကြပဲဟာ"

"ညီရော မုန့်ဟင်းခါး စားဖူးလား"

"စားဖူးတယ်"

"ကောင်းလား ညီ"

"ကောင်းတဲ့ဆိုင်လည်း အရမ်းစားကောင်းတယ် ကိုကို၊ ညီက မြတ်နိုးရာနဲ့ စားဖူးတာ၊ သူ အရမ်းကြိုက်တယ်၊ ဆောရီးနော် ကိုကို"

နှစ်သက်ရာ ဦးလေးနေတဲ့ ရပ်ကွက်ထိပ်မှာ လူတွေ ဝိုင်းအုံစားနေတဲ့ မုန့်ဟင်းခါးအနံ့လေးက သူ့ရင်ထဲကို တိုးဝင်နေသည်။ သူသာ အဲဒီမုန့်ဟင်းခါးဆိုင်လေးမှာ ထိုင်စားနေရင် နှစ်သက်ရာ သဘောကျမလားပဲ။ သူမက သူ့ကို သူမဘဝနှင့် အနီးစပ်ဆုံးမှာ ရှိနေစေချင်တာပဲ။

"ကိုကို"

"ဟင်"

"မုန့်ဟင်းခါးကို ဘယ်ကနေ ကိုကိုသိလာလဲ၊ မြန်မာ့နိုးရာ အစားအစာတွေကို ဘယ်တုန်းက ကိုကိုစားဖူးလို့လဲ"

"ဟိုကွာ၊ မထင်မှတ်ပဲ မုန့်ဟင်းခါးဆိုင်အနား ရောက်သွားပြီး အနံ့လေးက မွှေးနေလို့ စားချင်စိတ်ပေါ်လာသလားလို့ပါ"

နှစ်သက်ရာ သိသွားရင်တော့ ခင်ဗျားကြီး သတ္တိမရှိပါဘူးဗျို့ ပြောမှာပဲ။ သူမက ရဲရဲတင်းတင်း ကိုကိုချစ်တဲ့ ကောင်မလေးက မုန့်ဟင်းခါးကြိုက်လို့ပါဟု ပြောစေချင်မှာပါပဲ။ ကိုယ် သတ္တိ

ကြောင်ချင်နေသေးတယ် နှစ်သက်ရာ။ ညီမို့ကို ရင်မဆိုင်ရဲတာပါ။ မျက်နှာတွေ ပူနေတယ်။ သတ္တိတွေ မွေးရင်းကနေ သတ္တိက ကြောင်နေသေးတယ်ထင်တယ်။

"ကိုကို ခဏလေး၊ ညီ့ကားနဲ့ သွားဝယ်ပေးမယ်"

"နေပါစေတော့ကွာ"

"ဆရာကြီး စားချင်ရင် ကျွန်မ ချက်ကျွေးပါ့မယ်"

သူ ထိုင်စားချင်တာ ရပ်ကွက်ထိပ်က ဆိုင်လေးမှာပါ။ နှစ်သက်ရာနဲ့အတူတူလေ။ ပေါင်မုန့်မီးကင်နဲ့ ဟမ်ဘာဂါက တစ်မျိုးကြီး ဖြစ်နေပြီ။ အနောက်တိုင်း အစားအစာတွေ ချက်ပြုတ်တာ ကျွမ်းကျင်တဲ့ အဒေါ်ကြီးကို ရွေးပြီး အလုပ်ခန့်ထားတာပါ။ မုန့်ဟင်းခါးဆိုတာ သူဘယ်တုန်းကမှ စားဖို့ စိတ်ကူးထဲမှာတောင် မထည့်ထားဖူးတဲ့ အစားအစာပဲ။ အခု တော်တော်လေး စားချင်စိတ် ဖြစ်ပေါ်နေပါသည်။

"ညီ"

"ကိုကို"

"မင်း ညနေမှ လေယာဉ်ကွင်းဆင်းမှာ မဟုတ်လား"

"ဟုတ်ကဲ့ ကိုကို"

"အေး ကိုကိုလိုက်ပို့မယ်၊ အကြာကြီးတော့ မနေနဲ့ကွာ၊ ရှောင်စရာမလိုပါဘူး"

"ဟုတ်ကဲ့"

"ကိုကို ကုမ္ပဏီသွားဦးမယ်၊ ညနေ ပြန်လာမယ်"

"ဟုတ်ကဲ့"

ကိုကို့ အခြေအနေတွေ ပြောင်းလဲလာပြီဟု သူ ထင်မိနေသည်။ မြတ်နိုးရာနှင့် အတင်းအကျပ် ကန့်ကွက်ဆန့်ကျင်ပြောဆိုနေတာတွေ မရှိတော့။ ကိန်းခန်းကြီးလွန်းတဲ့ ကိုကို၊ အခုတော့ မုန့်ဟင်းခါးစားချင်လာသည်။ တိုးတက်မှုပဲ။ သူ နိုင်ငံခြားသွားတာက မြတ်နိုးရာနှင့် အတူတူနေထိုင်ဖို့ စီစဉ်ချင်တာလည်းပါနေသည်။ ချစ်သူကို မရက်စက်နိုင်။ ကျန်းမာရေးပါ ထိခိုက်နေ၍ သူစိတ်တွေ ပူပင်နေရ၏ မြတ်နိုးရာက စိတ်ပျော့တယ်။ အနစ်နာခံတယ်။ ကြိတ်မှိတ်ခံစားတတ်တာ သူ စိတ်အပူဆုံးပဲ။ ကိုကို ထွက်သွားတော့ သူ မြတ်နိုးရာကို နှုတ်ဆက်ပြီး စိတ်နှလုံးအေးချမ်းစေရန် ပြောဆိုအားပေးဖို့ ထွက်လာခဲ့လေသည်။

"မောင်သင့်မြတ်သူလား၊ အခန်းဝိုင်ရှင် ကောင်မလေးဆွေက အခန်းသော့နဲ့ စာရွက်စာတမ်းတွေ ပေးခဲ့တယ်။ မောင်ရင်

မြတ်နိုးရာ

မြတ်နိုးရာ အဲဒီလို အခြေအနေမျိုးကို မောင် လုံးဝလက်မခံဘူး။ မောင့်အပေါ် ဘာဖြစ်လို့ ရက်စက်ချင်ရတာလဲကွာ။ နှစ်သက်ရာဆီ ဖုန်းဆက်ကြည့်၏။ မမ အေးချမ်းစွာနေပါစေတော့တဲ့။ မနှောင့်ယှက်ပါနဲ့တဲ့။ သူမတို့ ညီအစ်မကို ထောက်ပံ့ကူညီခဲ့တာတွေအတွက် အသိအမှတ်ပြုသလို ကျေးဇူးတွေ အများကြီးတင်ပါတယ်တဲ့။

"အစ်ကို နိုင်ငံခြားကို ခဏသွားမယ် နှစ်သက်ရာ၊ မင်းအစ်မကို ဂရုစိုက်ပေးပါ။ ကိုယ်ပြန်လာရင် လက်ထပ်ကြမယ်လို့ ပြောပေးထားပါ။ ကိုယ် ဘယ်တော့မှ မြတ်နိုးရာကို မစွန့်လွှတ်ဘူး"

နှစ်သက်ရာဘက်မှ ဖုန်းကို စတင်ချပစ်လိုက်လေသည်။ မာနကြီးပြီး ကိုယ့်ကိုယ်ကိုပဲ အားကိုးတတ်တဲ့ နှစ်သက်ရာက သူကို လက်ခံမှာ မဟုတ်တာ သိနေ၏။ သူ စိတ်ဖျက်စွာ ပြန်လာခဲ့ရသည်။

◆ ◆ ◆

လာရင် ပေးပေးပါတဲ့"

"ဗျာ"

ဘေးအခန်းမှ အဘိုးကြီးက ပေးလေသည်။ မြတ်နိုးရာတို့ ဘယ်ရောက်သွားပြီလဲ။ သူက ပတ်ဝန်းကျင်အထင်အမြင်သေးအောင် မနေခဲ့၍ ပတ်ဝန်းကျင်မှ လူတွေက လေးစားကြသည်။ ကိုကို့ကြောင့် မြတ်နိုးရာ အရှက်ရသွားတာပဲ ရှိနေ၏။ မြတ်နိုးရာတို့ ညီအစ်မ သူဝယ်ပေးထားတဲ့ တိုက်ခန်းအား ပြန်အပ်ခြင်းပင်။ ဘယ်ကို ပြောင်းသွားမှန်းတော့ မသိ။

မောင်

ကျွန်မကို မေ့လိုက်ပါ၊ တခြားမိန်းကလေးတစ်ယောက်နဲ့ စိတ်ရှင်းစွာ လက်ထပ်ပါ၊ ကျွန်မ ကျေကျေနပ်နပ် လက်ခံပါတယ်နော်၊ ကျွန်မ ဘဝသစ်ကို ပြန်စချင်တယ်၊ ညီမလေး နှစ်သက်ရာအတွက် ရှေ့ဆောင်လမ်းပြ ဖြစ်ချင်ပါတယ်၊ မောင်က ကျွန်မအပေါ် တာထန်ကျလွန်းပြီး သစ္စာရှိလွန်းတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ကျွန်မ လက်ခံပါတယ်လေ၊ မောင့်ဆီက နားလည်မှုတစ်ခုပဲ လိုအပ်တာပါ၊ ကျွန်မ မောင့်ကိုမေ့ပစ်ပြီး တစ်ကနေ ပြန်စပါရစေတော့နော်။

အခန်း (၂၀)

"နှစ်သက်ရာ"

"ဟင် ဦးချစ်မြတ်သူ၊ ကျွန်မကို စိတ်မကုန်သေးဘူလား"

"မနေ့က မင်း ဘယ်အချိန်ဆင်းသွားတာလဲ၊ ကိုယ် ဘတ်စ်ကား လိုက်စီးတာရော မင်းသိလား"

"ဟင့်အင်း"

"ကိုယ် မင်းတက်သွားတဲ့ ဘတ်စ်ကားပေါ် လိုက်တက်တယ်၊ အရှမ်းကျပ်လို့ မင်းကို ရှာမတွေ့ဘူး၊ မင်းဘယ်မှာ ဆင်းသွားတာလဲ"

"ဦးချစ်မြတ်သူ တကယ်ပဲ လိုက်စီးလို့လားဟင်"

"တကယ်ပါကွ၊ ကိုယ် လူချောင်သွားတဲ့အထိ လိုက်စီး

သူမ အံသွားလေးတွေကို စေ့ကပ်ပြီး ဦးချစ်မြတ်သူနှင့် တွဲပြီး ကုန်တိုက်ထဲ ဝင်လာသည်။ ဝန်ထမ်းအားလုံး သိထားတာက မေနန္ဒာနှင့် ကိုချစ်မြတ်သူတို့ တစ်နေ့ လက်ထပ်ကြမှာတဲ့။ အားလုံး ပြူးကြောင်စွာ ဝိုင်းကြည့်နေကြလေသည်။

"မမနန္ဒနဲ့ ဦးချစ်မြတ်သူ ရင်ဆိုင်ရမှာနော်"

သူမလက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်၍ သူမ ချက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားကာ အထိတ်တလန့် ဖြစ်သွားရလေသည်။ သူမ ရုန်းတော့ မလွတ်ပေ။ ပို၍ တင်းကျပ်စွာပင် ဆုပ်ကိုင်ထားလေတော့၏။ စားသောက်ခန်းမရောက်မှ အသက်ရှူချောင်သွားရသည်။

"ဘာစားမလဲ"

"အအေး"

"မုန့်ဟင်းခါးစားမယ်"

"ဟင်"

ဦးချစ်မြတ်သူ မြန်မာ့ရိုးရာ အစားအစာတွေ ဘယ်တော့မှ စားဘူးတဲ့။ ကိန်းခန်းကြီးစွာ အနောက်တိုင်း အစားအစာတွေမှ ကြိုက်နှစ်သက်သည်တဲ့။

တာ၊ မင်းကို မတွေ့မှ ပြန်ဆင်းတာလေ"

"သတ္တိရှိသားပဲ၊ တကယ့်ကို မယုံနိုင်စရာပဲနော်"

"ရော့"

သူ လှမ်းပေးတာက ဘတ်စ်ကားလက်မှတ်လေး၊ မွေးကြိုင်နေ၏။ သူမ ရယ်ပစ်လိုက်ချင်သွားရသည်။ မမဆန္ဒနှင့် နှစ်သက်ရာတို့ ရပ်ကွက်တစ်ခုဆီ ပြောင်းနေလိုက်လေသည်။ အိမ်လေးက သန့်သန့်နှင့် လခလည်း သိပ်မပေးရပေ။ နှစ်သက်ရာ စုထားတဲ့ငွေက စပေါ်တင်လိုက်ရ၏။ ကံကောင်းသည်။ ရှင်ကြီး ကျေနပ်ပါတော့။ မမမြတ်နိုးရာကို ပိုင်းလုံးမဆိုတဲ့ နာမည်ဆိုးကြီး သတ်မှတ်ထားတာ ဖယ်ရှားပေးပါ။ တိုက်ခန်းနှင့် ကိုသင့်မြတ်သူ ထောက်ပံ့သမျှ ပြန်၍ပေးအပ်လိုက်ပြီ ဖြစ်လေသည်။

"ကိုယ်နဲ့ တစ်ခုခု လိုက်စားပါလား နှစ်သက်ရာ"

"ကျွန်မ အလုပ်ဝင်ရတော့မယ်လေ"

"ခဏလေးပါ၊ မင်းတို့ ကုန်တိုက်မှာပဲ စားကြမယ်လေ"

"ဦးချစ်မြတ်သူ သတ္တိရှိလို့လား"

"မင်းအတွက်ဆိုရင် ဒါလေးက အသေးအမွှားပါ နှစ်သက်ရာ"

လတ်ဆတ်နေတဲ့ အစားအစားတွေပဲ စားတာ။ ဘာပဲဖြစ်ဖြစ် နှစ်သက်ရာကို ကျွေးမွေးစေချင်နေမိလေသည်။ ဝင်းဝင်း ဖူးဖူးစင်စင် ချက်နှာလေးက သူ့ရင်ကို အေးမြသွားစေ၏။ မျက်နှာလှလှလေးကို ငေးစိုက်ကြည့်မိနေသည်။ မင်းကို ကိုယ် ဘယ်လိုနည်းနဲ့မှ လက်လွတ်အဆုံးရှုံးမခံနိုင်တော့ဘူး နှစ်သက်ရာရယ်။ ကိုယ် ရင်ခွင်ထဲမှာပဲ ထာဝရ ထွေးပွေ့ထားချင်တယ်။

ညီ မရှိ၍ သူ လွတ်လပ်နေသည်။ မြတ်နိုးရာက ကိုက်ခန်းနှင့် တခြားပစ္စည်းတွေ ပြန်အပ်သွား၏။ ညီ အရမ်းပဲ ခံစားနေရလေသည်။ ကိုကို မှားတာပါ။ ကိုကို အတွက်ကြီးတာပါ။ ညီ့ကို သူ တောင်းပန်မိသည်။ မြတ်နိုးရာနှင့် လက်ထပ်ဖို့ ကိုကို သဘောတူပါပြီဟုတော့ မပြောဖြစ်သေးပေ။ သူ ညီ့လိုပဲ ဘဝတူ ကောင်မလေးတစ်ယောက်ကို ချစ်နေမိပြီဟု ပြော၍မထွက်တာလား မသေချာသေး၍လည်း မပြောပြချင်သေးပေ။ နှစ်သက်ရာက သူ့အချစ်တွေကိုမှ အတိအလင်း လက်မခံသေးတာပဲဟာ။

"ဦးချစ်မြတ်သူ အရမ်းစပ်နေပြီထင်တယ်၊ ချွေးတွေ သုတ်လိုက်ပါဦးနော်"

သူမ လက်ကိုင်ပဝါလေး ပေးလိုက်တော့ သူ ပျော်သွား

"ဖြစ်ပါမလား"

"လေ့ကျင့်ယူရမှာပဲလေ၊ ကိုယ်က နှစ်သက်ရာဘဝရဲ့ နိုးစပ်ချင်တာလေ"

မုန့်ဟင်းခါး မှာစားတော့ သူ အရမ်းစပ်ပြီး ချွေးတွေ သီးထနေလေသည်။ နှစ်သက်ရာ ရယ်ချင်နေမိသည်။ အအေးခွက်ကို သူမ လက်ထဲမှပဲ ကိုင်ထားပြီး လက်ကမချပေ။ သူ အခက်တွေ့နေပုံပင်။ နှစ်သက်ရာ အေးအေးဆေးဆေးပင် အအေးသောက်နေသည်။

"ဦးချစ်မြတ်သူ"

"ဟင်"

"စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် ရာ၊ ကိုယ် တစ်ခါမှမစားဖူးဘူး နည်းနည်းတော့စပ်တယ်"

သူ တော်တော်လေး ကြိုးစားပြီး စားနေရသည်။ ပထမတော့ လည်ချောင်းဝမှာ တစ်နေ၍ မျိုချ၍ပင်မရ။ တဖြည်းဖြည်း စားလို့ ကောင်းလာရ၏။ မုန့်ဟင်းခါးကို မုန့်ဖတ်တွေ မသန့်ရှင်းနိုင်ဟု ထင်ပြီး မစားခဲ့ပေ။ သူက ငယ်စဉ်လေးထဲက ပူနွေး

ပုံပင်။ ဦးချစ်မြတ်သူက နှစ်သက်ရာကို အတော်လေး ကြွေနေပုံ ရလေသည်။

"အအေးနည်းနည်း သောက်လိုက်နော်"

"ရာ"

"ရှင်"

"ညနေ ရုံးဆင်းရင် မင်းဦးလေးနေတဲ့ ရပ်ကွက်ထိပ်က မုန့်ဟင်းခါးဆိုင်လေးမှာ သွားထိုင်စားကြရအောင်"

"ရှင်"

"ကိုယ်က မင်းဘဝနဲ့ နီးစပ်ချင်တယ်၊ မင်းအတွက် ကိုယ် အများကြီး ပေးဆပ်ချင်တယ်၊ မင်းအပြုံးလေးတွေက ကိုယ့် နှစ်လုံးသားလေးတွေကို ချုပြန်ပြီး အေးမြသွားစေတယ်လေ"

"အရမ်းပိုသွားပြီထင်တယ် ဦးချစ်မြတ်သူ"

"ကျေးဇူးပြုပြီး ကိုကိုလို့ ခေါ်ပါလားကွာ"

"အမလေး"

သူမ နှုတ်ခမ်းလေးတွေ တွန့်မဲ့ရုံ့တွသွားလေသည်။ ရှင်ကြီးကိုများ ဘယ်တော့မှ ကိုကို မခေါ်ဘူး၊ ကျွန်မကို ပိုင်ဆိုင်ရ မယ်လို့ ထင်နေလား။ ဝေးသေးတယ်နော်။ သူ နှစ်သက်ရာကို

ချစ်တယ်ဆိုပြီး လိုက်လျောမှုတွေ ရှိနေပေမယ့် မမနဲ့ သူညီကို ကျတော့ သဘောမတူသေးဘူး မဟုတ်လား။ ကိုယ်ချင်းမှ မစာ တတ်သေးပဲ။ ရှင်ကြီး ဟန်ဆောင်နေတာပါ။ မရခင် ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်နေတာ မဟုတ်လား။ ကျွန်မရဲ့မမ အနာဂတ်ကို ရှင်ကြီး ချက်ဆီး ပစ်လိုက်တာပဲ။ မမအချစ်မြတ်နိုးဆုံး ယောကျ်ား တစ်ယောက်နဲ့ ဝေးသွားအောင် ရှင်ကြီးခွဲပစ်လိုက်တာပဲ။ ရှင်ကြီးသာ နှစ်သက်ရာကို တကယ်ချစ်တယ်ဆိုရင် ကိုယ်ချင်းစာနာပြီး သူညီနဲ့ မေကို သဘောတူပါပြီးလို့ ပြောရမှာပဲပေါ့။ အခုတော့ စင်ဒီဆိုတဲ့ မိန်းကလေးနဲ့ ရက်ရက်စက်စက် လှည့်ထပ်ပေးတော့မယ်။ မမသာ သိသွားရင် သေမှာပဲ။ ကျွန်မအလိုအပ်ဆုံးက ရှင့်ညီအပေါ် ရှင့်ရဲ့ ကိုယ်ချင်းစာမှုတွေပဲလေ။ နှစ်သက်ရာ အတွေးတွေနှင့် စူးရှနာကျင် နေရသည်။

"ကိုကို"

"ဟင် စင်ဒီ"

အရေးထဲ စင်ဒီနှင့် လာဆုံပြီး တွေ့နေရသည်။ နှစ်သက်ရာ ရှေ့မှ စင်ဒီကို အလိုက်အထိုက်ပြောမှပဲ၊ စင်ဒီက မလွယ်ဘူး။ ပြောစရာရှိလျှင် မညှာမတာ ပြောတတ်တဲ့ မိန်းကလေးတစ်ယောက်

ပဲ။

"သူက ဘယ်သူလဲ"

"ကိုယ်နဲ့ လက်ထပ်မယ့် မိန်းကလေးပါ စင်ဒီ"

"ဟယ် ဟုတ်လား၊ အရမ်းလှတယ်နော်၊ ကိန်းခန်းကြီးတဲ့ လူပျိုကြီး ရွေးချယ်တဲ့ သတိုးသမီးလောင်းက အရမ်းပဲ စိတ်ဝင်စားစရာ ကောင်းနေပြီ"

"ကျွန်မက ဒီဆိုင်က ဝန်ထမ်းပါ၊ ဘာမှ ကြီးကျယ်ခမ်းနားမှုတွေ မရှိပါဘူး"

ကိုသင့်မြတ်သူနှင့် လက်ထပ်မည့် စင်ဒီဆိုတာ သိလိုက်သည်။ မျက်နှာထားကတင်းပြီး အရမ်းတော့ ချမ်းသာပုံပင်။ နှစ်သက်ရာက ဝန်ထမ်းဆို၍ အထင်သေးတဲ့ မျက်ဝန်းတွေနဲ့ ကြည့်သည်။

"ညီ နိုင်ငံခြားထွက်သွားပြီဆိုတော့ အတော်ပဲဖြစ်သွားတယ် ကိုကို၊ စင်ဒီလည်း ဒီနေ့ညနေ သွားမှာ၊ ညီနဲ့ ဟိုမှာ ဆုံကြမယ်လေ၊ လက်ထပ်ဖို့ကိစ္စ ပိုပြီး ဆွေးနွေးလို့ ကောင်းသွားတာပေါ့"

"အင်း ကောင်းတယ် စင်ဒီ၊ ဆွေးနွေးလေ"

စင်ဒီ မြန်မြန်ထွက်သွားစေရန် သူ အလိုက်အထိုက် ပြောနေရသည် ဇောချွေးက ပျံချင်နေ၏။ နှစ်သက်ရာကို နှိမ့်နှိမ့်ချချပြောလိုက်မှာ စိတ်အပူဆုံးပင်။ ညီ့ကို သူအပြတ်ပြောပြီးသားပဲ။ စင်ဒီ့ကို ညီ့ဆန္ဒနဲ့ ငြင်းပယ်ခွင့်ရှိတယ်လို့။ စင်ဒီ သွားစရာရှိ၍ ဖြန်ထွက်သွားလေသည်။

"နှစ်သက်ရာ"

"ဟင်"

"ကိုယ့်ညီနဲ့ လက်ထပ်မယ့်ကောင်မလေးပါ။ ညီက နိုင်ငံခြားကို ထွက်သွားပြီလေ"

ရှင်ကြီး အရမ်းသဘောတူတဲ့ ခယ်မလောင်းလေးလားဟင်။ ရှုမမကတော့ အပယ်ခံပဲပေါ့။ လူသားတစ်ယောက်ရဲ့ နှလုံးသားခံစားချက်နဲ့ ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်ခွင့်တွေရော ရှင်ကြီး သိရဲ့လား။ သူ ဘယ်လောက်ပဲ နှစ်သက်ရာ အကြိုက်လိုက်နေပေမယ့် မယုံကြည်မိပေ။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဆုပ်ထားမိသည်။ မမအပေါ် ဘာဖြစ်လို့များ ရက်စက်ချင်ရတာလဲ ဦးချစ်မြတ်သူရယ်။ ကျွန်မအစ်မက ရိုးသားဖြူစင်ပါတယ်။ ရှင်ကြီးရဲ့ညီကိုလည်း အရမ်းပဲ မြတ်နိုးခဲ့တာပါ။ လူသားအချင်းချင်း

"အပျိုကြီးမနန္ဒာသိသွားရင် ရှင်မလွယ်ဘူးနော်၊ ဆတ်ဆတ် ခါသွားမှာ၊ အင်းလေ ကိုချစ်မြတ်သူက ရုပ်လည်းချော၊ ချမ်းလည်း ချမ်းသာ၊ မင်းကတော့ ကံကောင်းတာပဲ နှစ်သက်ရာ"

"ဟဲ့ ရာ၊ ဒီလူကြီးက အရမ်းကိန်းခန်းကြီးတာဟာ၊ နင် ဆင်းရဲတာ မသိသေးလို့နော်၊ တော်ရုံမိန်းကလေးကို အထင်ကြီး တာ မဟုတ်ဘူး၊ နင် သိပ်မယုံနဲ့နော်"

နှစ်သက်ရာကတော့ သူမ တာဝန်ထမ်းဆောင်ရမည့် စားပွဲဆီ တည်ငြိမ်စွာ လျှောက်သွားပြီး အလုပ်တွေကို စိတ်ဝင်တစား လုပ်နေလေသည်။

◆ ◆ ◆

ဘာဖြစ်လို့ မတူမတန်ဘူး ဖြစ်ရတာလဲ။ ဦးချစ်မြတ်သူကိုယ်တိုင်က မမနှင့် ဝေးကွာသွားအောင် စီစဉ်တာပဲ မဟုတ်လား။

"နှစ်သက်ရာ"

"ရှင်"

"မျက်နှာလေး ညှိုးသွားသလိုပဲ၊ မင်း ဘာအလိုမကျလို့လဲ ကွာ၊ ကိုယ် ဘာလုပ်ပေးရမလဲ၊ မင်းအတွက်ဆို ကိုယ် လုပ်မပေး နိုင်တာ မရှိပါဘူးကွာ နော်"

နှစ်သက်ရာ ထိုင်ရာမှ ထပစ်လိုက်လေသည်။ ဆက်ထိုင် နေလျှင် သူမ ဒေါသတွေ ပေါက်ကွဲတော့မည်ဖြစ်၏။ ဦးချစ်မြတ်သူ ပျာယာခတ်စွာ သူမကို ကြည့်သည်။

"ကျွန်မအလုပ်ဝင်တော့မယ်"

"ဟုတ်သားပဲ၊ ဝင်တော့လေ၊ ရုံးဆင်းရင် ကိုယ့်စောင့်နေ မယ်နော်၊ မင်းနဲ့အတူတူ မုန့်ဟင်းခါးစားမယ်၊ ဘတ်စ်ကား အတူတူ စီးမယ် အိုကေ"

သူမ နှုတ်ခမ်းလေး တွန့်ကွေးသွားရုံ ပြုံးပြီးထွက်လာ ခဲ့သည်။ သူငယ်ချင်းတွေက စပ်စုနေကြ၏။ သူမ ဘာတစ်ခုမှ မဖြေခဲ့ပေ။

အခန်း (၂၁)

"အချစ် ရှင် ရှင် နှစ်သက်ရာကို ချစ်နေတာ ဟုတ်လား"

"ဟုတ်တယ်နန္ဒာ၊ ဘာဖြစ်လို့လဲ"

"ရှင်လို ကြီးကျယ်ခမ်းနားပြီး ကိန်းခန်းကြီးတဲ့ လူက လေ"

နန္ဒာ အံ့သြတုန်လှုပ်စွာဖြင့် သူ့ကို ကြည့်နေလေသည်။ သူ သတ္တိရှိရှိပဲ ရင်ဆိုင်တော့မယ်။ နှစ်သက်ရာကို သူချစ်မြတ်နိုးနေမိလေသည်။ အားလုံးကို ရင်ဆိုင်ရမည်။ အချစ်ဆိုတာကို သူ ခံစားနားလည်တတ်ပြီ ဖြစ်နေ၏။ နန္ဒာကို ခုတ်ပြတ်ပြတ်ဖြေလိုက်တော့သည်။

"ရှင့်ပတ်ဝန်းကျင်မှာ ဒီလိုကောင်မလေးတစ်ယောကို

"ကိုယ်က နှစ်သက်ရာကြောင့် ရွေးနေပြီထင်တယ်"

"ရှင်နဲ့ နှစ်သက်ရာ မတန်ဘူးနော် အချစ်"

"နန္ဒာ ဘာတွေလာပြောနေတာလဲ၊ မတန်ဘူးဆိုတာ မရှိဘူး၊ အားလုံးအတူတူပဲဟာ"

"နန္ဒာတော့ အရမ်းအံ့သြနေပြီ၊ ရှက်စရာကြီး အချစ်ရယ်၊ ရှင်က ဒီလို မိန်းကလေးတစ်ယောက်ကိုမှ လက်ထပ်ချင်တယ်လို့"

"နန္ဒာ မင်းသွားတော့၊ ကိုယ်ကတော့ ဘယ်သူတွေ ဘာပဲပြောပြော နှစ်သက်ရာကို ကြိုးကျယ်ခမ်းနားစွာ လက်ထပ်မယ်၊ ကိုယ် နှစ်သက်ရာကို အချစ်ကြီးချစ်တယ်၊ မြတ်နိုးတယ်၊ ကိုယ်လက်ထပ်မယ်၊ ကိုယ်ဆုံးဖြတ်ထားပြီးပြီ"

နန္ဒာပြန်သွားအောင် အတော်လေး ပြောယူရလေသည်။ နှစ်သက်ရာကို အလုပ်ထုတ်ရင်လည်း ထုတ်ပါစေ။ သူနဲ့ လက်ထပ်မယ်။ ကိုကို့ရဲ့ အစွမ်းတွေ၊ မေတ္တာတွေကို သက်သေပြရမယ်။ မင်း ဘဝတစ်လျှောက်လုံး စည်းစိမ်တွေအပြည့်နဲ့ နေစေရမယ်။ မင်းချမ်းသာစေရမယ်။ မင်းဘဝမှာ ဆင်းရဲခွဲခံတာတွေ၊ သောက ဒုက္ခတွေ မရှိစေရတော့ဘူး။ ညီပြောတာ မှန်သားပဲ၊ လိုအပ်တာ အချစ်။ နှစ်သက်ရာက သူနှလုံးသားတွေကို လှုပ်ခတ်စေတဲ့

သတ္တိရှိရှိ ရင်ဆိုင်လက်တွဲရဲလို့အား အချစ်"

"ကိုယ် နှစ်သက်ရာကို အရမ်းပဲ ချစ်မြတ်နိုးနေမိပြီ၊ လက်ထပ်မယ်၊ ကြီးကျယ်ခမ်းနားစွာ လက်ထပ်မှာလေ နန္ဒာ"

"ဟင်"

"တကယ်တော့ ကိုယ့်ဘဝမှာ စည်းစိမ်ဥစ္စာတွေ၊ ဂုဏ်ဒြပ်တွေ ပြည့်စုံနေပြီပဲ၊ ကိုယ်ချစ်မြတ်နိုးတဲ့ လှပချောမောလွန်းတဲ့ မိန်းကလေးတစ်ယောက်ပဲ လိုအပ်နေတာလေ"

"နှစ်သက်ရာက ရုပ်ပဲ ချောတာနော်၊ အရမ်းဆင်းရဲတယ်။ ရုပ်ကွက်လေးထဲမှာနေတာ၊ မိဘမဲ့"

"ကိုယ် နှစ်သက်ရာကို အရမ်းပဲ ချစ်မြတ်နိုးနေမိပြီ၊ ကိုယ်အမြတ်နိုးဆုံး မိန်းကလေးပဲ၊ ကိုယ် လက်ထပ်မယ်။ အခုတောင် နှစ်သက်ရာက ကိုယ့်ကို လက်မခံသေးပါဘူး၊ ကိုယ် ကြိုးစားနေဆဲပါ"

"ဘုရားရေ"

"လောကကြီးထဲမှ ဒါမျိုးတွေ ဖြစ်တတ်ပါတယ် နန္ဒာ၊ အများကြီးပါ၊ ကိုယ် လူဘဝနဲ့ နီးနီးစပ်စပ် နေတော့မယ်"

"ရှင် ရွေးနေပြီးလား"

မိန်းကလေး။ ညနေရုံးဆင်းတော့ သူ ဗျော်ရွှင်တက်ကြွစွာဖြင့် နှစ်သက်ရာဆီ ရောက်သွားလေသည်။

"နှစ်သက်ရာ"

"ဟင်"

"ကိုကို့ကားပေါ်တက်ပါ"

"ရှင်"

"ကိုကို့တိုက်ကို လိုက်ခဲ့ပါ နှစ်သက်ရာ"

"ရှင်"

"မင်းနဲ့ လက်ထပ်ဖို့ ကိုကိုစီစဉ်တော့မယ်၊ ကိုကိုတို့ နေမယ့်တိုက်ကို မင်းစိတ်တိုင်းကျ ပြုပြင်မယ်လေ"

"ဦးချစ်မြတ်သူရဲ့ညီကရော ကျွန်မနဲ့ လက်ထပ်ဖို့ သဘောတူပါမလားဟင်"

"ဘယ်သူတွေ ဘာပဲပြောပြော ဘယ်လောက်ပဲ တားဆီးပါစေ၊ ကိုကိုကတော့ ချစ်နေမှာပဲ လက်ထပ်မှာပဲ၊ ညီက နားလည်ပါတယ်"

"ဦး"

"ကိုကိုလို့ ခေါ်ပါကွာ"

"အို"

"ကိုကို့ကို နှစ်သက်ရာ ချစ်တယ်မဟုတ်လားကွာ၊ ကိုကိုတို့ လက်ထပ်ကြမယ်၊ ကြီးကျယ်ခမ်းနားတဲ့ လက်ထပ်ပွဲကြီး ဖြစ်စေရမယ်၊ နန္ဒာကိုလည်း ကိုယ်ပြောလိုက်ပြီလေ"

နှစ်သက်ရာ ဘာဆက်လုပ်ရတော့မလဲ၊ ဦးချစ်မြတ်သူကို သူမ ပုံစံပေးချင်တာပဲ ဖြစ်သည်။ သူမနေရာတွင် မမဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ ဦးချစ်မြတ်သူက မမနှင့် သဘောမတူသေးပေ။ ကိုသင့်မြတ်သူ လက်ထပ်တော့မယ်ထင်တယ်။ မမ အရမ်းကို ခံစားရတော့မှာပါပဲ၊ ဦးချစ်မြတ်သူ ရှင်ကြီးကို ကောင်းကောင်းအရှက်ခွဲပစ်ရမယ်။ အချစ်အတွက် ရှင်ကြီး ခံစားစေရမယ်။ ကျွန်မအစ်မရဲ့ နှလုံးသားတွေကို ရှင်ကြီး ရက်ရက်စက်စက် ခွဲပစ်ခဲ့တာလေ။

"လိုက်ခဲ့နော် ရာ၊ အားလုံး ရှာစိတ်တိုင်းကျ ဖြစ်စေရမယ်၊ အကောင်းဆုံး ဟိုတယ်ကြီးမှာ အခမ်းနားဆုံး လက်ထပ်မယ်"

"ကိုကို"

"ဟင် ရာ"

သူ့ကို နှစ်သက်ရာက ကိုကိုဟု ခေါ်လိုက်သဖြင့် သူ

ပြနေတာတွေဟာ ဟန်ဆောင်နေတာများလား။ ရှင်ကြီးမှာ ဘာဖြစ်လို့များ ကိုယ်ချင်းစာတရားတွေ ရှိမနေရတာလဲ။ သူမအတွက် နာကျင်တဲ့ ဝေဒနာတွေပဲ ခံစားနေရသည်။

"ရာ"

"ရှင်"

"ကိုကိုတို့ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာကျင်းပရမယ်၊ ဘယ်ဟိုတယ်မှာ ကျင်းပချင်လဲ"

သူမ ခန္ဓာကိုယ်လေးကို သိုင်းဖက်ပြီး ဦးချစ်မြတ်သူက ပြောနေလေသည်။ နှစ်သက်ရာ ရုန်းပယ်ပစ်ချင်လာရ၏။ အချစ်ဆိုတာဘာလဲ၊ နှစ်သက်ရာရဲ့ နှစ်လုံးသားတွေထဲမှာ ရှင်ကြီး မရှိနိုင်ပါဘူး။ ကျွန်မ ရှင်ကြီးကို မချစ်ပါဘူး။ မမအတွက်ပဲ ရှင်ကြီး အရှက်တကွဲ ဖြစ်စေရမယ်။

"ရာကတော့ ကိုကိုညီကို အသိမပေးပဲ လက်ထပ်ပွဲကြီး ကျင်းပချင်တယ်။ သူက သဘောမတူရင် ရာ အရှက်ကွဲမှာလေ၊ ကိုကိုနဲ့ ရာ မခွဲနိုင်လို့ပါ။ အကြောင်းတစ်ခုခုကြောင့် ပျက်သွားမှာ ရာ အရမ်းကြောက်တာပဲ ကိုကိုရယ်"

သူ့ရင်ခွင်ထဲသို့ သူမခန္ဓာကိုယ်လေးက တိုးဝင်ဖက်တွယ်

ဝမ်းသာအားရနှင့် ရာ့လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားမိလေသည်။ ဘယ်အရာမဆို နှစ်သက်ရာ ဆန္ဒတွေအရပဲ ဖြစ်စေချင်ခဲ့၏။ မင်းကို ဘယ်လောက်ချစ်မြတ်နိုးတယ်ဆိုတာ သက်သေပြပါ မယ်ကွာ။ နှစ်သက်ရာ သူ့အိမ် လိုက်လာခဲ့၏။ သူ ဘာကိုမျှ ဂရုမစိုက်တော့။ အရာအားလုံး နှစ်သက်ရာဆန္ဒပဲ။

"ဒီတိုက်ကြီးကို ဘယ်လိုပြင်ဆင်ချင်လဲ ရာ၊ နောက်ဆို ရင် ဒီအိမ်ကြီးရှင် အရှင်သခင်မဖြစ်တော့မှာနော်၊ ရာ ဘယ်လို ပြင်ဆင်ချင်လဲ၊ အားလုံး ရာ့ဆန္ဒပဲ"

သူမကတော့ ညှိုးငယ်အင်အားမဲ့စွာ အိပ်ရာပေါ် လဲလျောင်းနေသော မမမြတ်နိုးရာကိုပဲ သတိရမိနေသည်။ ရင်ထဲမှ နာကျင်နေရ၏။ ဦးချစ်မြတ်သူတို့က ရာတို့ ထင်ထားတာထက် တောင် ချမ်းသာနေတာပဲ။ နန်းတော်ကြီးတစ်မျှ ကြီးကျယ်ခမ်းနား နေတဲ့ တိုက်ကြီးပဲ။ ခြံကြီးကလည်း အကျယ်ကြီးပဲ။ နှစ်သက်ရာ ကတော့ ဘာကိုမျှ မမက်မောပါဘူး။ ရှင်ကြီးကိုယ်တိုင်က ကျွန်မလို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်နေပြီးတော့ ရှင့်ညီကိုကျတော့ မမမြတ်နိုးရာနဲ့ ဘာဖြစ်လို့များ သဘောမတူရ တာလဲ။ ကျွန်မကို ချစ်တယ်ဆိုတာရော လက်ထပ်ဖို့ ပြင်ဆင်

"ကိုကိုရယ်"

ဦးချစ်မြတ်သူရဲ့ ရင်ခွင်ထဲမှာ သူမကိုယ်လုံးလေး နစ်မြုပ်နေသည်။ လောလောဆယ်တော့ ရာဆန္ဒတွေအတိုင်းပဲ တစ်သဝမတိမ်း လိုက်နာပြုမူနေ၏။ ရပ်ကွက်ထိပ်က မုန့်ဟင်းခါးဆိုင်မှာလည်း သူလိုက်စားသည်။ ရာဦးလေးသံချောင်းကိုလည်း အရေးတယူ ဆက်ဆံခဲ့သည်။ မိညိုကပင် ဦးချစ်မြတ်သူအတွက် စိတ်မကောင်းဖြစ်နေသည်။ နှင့်ကို ဒီလောက်အထိ လိုက်လျောနေတာ၊ မဟုတ်တာတွေ မလုပ်ပါနဲ့ ရာရယ်တဲ့။ သူမျက်ဝန်းတွေထဲမှာ ရာ့ကို ချစ်မြတ်နိုးစွာ ယုယကြင်နာရိပ်တွေ ထာဝရ လွှမ်းခြုံနေလေသည်။ ရာ့မျက်နှာလေး တစ်ချက်တည်သွားရင်တောင် သူ့ဘယာခတ်သွားတော့၏။ ရာ ဘာဖြစ်ချင်လဲ၊ ဘာတွေလုပ်ချင်လဲ၊ ရာ ဘာတွေလိုအပ်နေလဲဆိုတာ ရာ့ မျက်ဝန်းလေးတွေကို အရိပ်လို လိုက်ကြည့်နေတက်သူ။

"ရာ"

"ဟင်"

"ရာ့ကို ကိုကို အရမ်းချစ်မြတ်နိုးတယ်ကွာ၊ ရာ့ကို လက်လွှတ်ဆုံးရှုံးသွားမှာကို ကိုယ်အကြောက်ဆုံးပဲ၊ ရာ့ကို တန်ဖိုး

ထားလိုက်လေသည်။ ကိုသင့်မြတ်သူ သိလို့မဖြစ်ပါဘူး။ ပွဲက ပျက်သွားနိုင်လေသည်။ လက်ထပ်ပွဲကို ကျင်းပဖြစ်အောင် ကြိုးစားရမယ်။ အခုတောင် ရှင်ကြီး ပတ်ဝန်းကျင်မှာ အတော်လေး ဂုဏ်သိက္ခာတွေ မဲ့နေရပြီလေ။ အားလုံးက ဝိုင်းပြီး ကန့်ကွက်နေကြပြီ။ အဆိုးဆုံးက မမနန္ဒာပဲ၊ နှစ်သက်ရာကို တားသည်။ တားလို့ မရတော့ အလုပ်ကနေ ထုတ်ပစ်လိုက်သည်။ ဦးချစ်မြတ်သူက ရာ့အတွက် လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးနေ၏။ ဘာမှမပူရ၊ နှစ်သက်ရာအား သဲသဲလှုပ် ချစ်ခင်ကြင်နာ ယုယပြနေသည်။

"ကိုကို့ညီကို အသိမပေးဘဲ မင်္ဂလာပွဲကြီးကျင်းပရအောင် နော်၊ ကိုကိုက သူ့ဆီ ခွင့်တောင်းနေစရာ မလိုဘူး မဟုတ်လားဟင် ကိုကို"

"မလိုပါဘူး ရာရယ်၊ ညီကလည်း အဆင့်အတန်း မခွဲခြားတတ်ပါဘူး၊ နားလည်မှု အပြည့်အဝ ရှိပါတယ်"

"ဟင့်အင်း၊ ရာတော့ စိတ်ပူတယ် ကိုကို၊ လုံးဝပဲ ကိုကို့ညီ မသိပါစေနဲ့၊ ဖြစ်မလားဟင်"

"ဖြစ်ပါတယ် ရာ၊ အားလုံး ရာ့ဆန္ဒပဲဟာ၊ ရာပဲ စီစဉ်လေ၊ ရာ ဖြစ်စေချင်တာပြော၊ ကိုကိုဖြည့်စွမ်းပေးမှာပါ"

ထားပြီး ကိုကို ချစ်တာပါ''

သူမ ခန္ဓာကိုယ်လေးအား သူလက်တွေနှင့် တင်းကျပ်စွာ ရစ်ပတ်သိုင်းဖက်ထားလေသည်။ မရဲတရဲ အနမ်းလေးနှင့် ရာနှုန်းပြည့်ခမ်းလေးကို နမ်းရှိုက်၏။ ရာ အထိတ်တလန့်နှင့် ရုန်းဖယ်ဖို့ ကြိုးစားမိတော့မလို့၊ စိတ်တွေကို ပြန်၍ ထိန်းချုပ်ထားလိုက်ရလေသည်။ သူ ရာ့ကို ဘယ်အတိုင်းအတာထိ တန်ဖိုးထားမလဲ ရာ့ရဲ့ အပျိုစင်ဘဝလေးကို ဖျက်ဆီးပစ်ဖို့ မက်လုံးတွေ ပေးနေတာလား။ သူမ စိစာတွေ သတိထားနေသည်။

''ရာ့ကို ကိုကိုအမှတ်တရ လက်ဆောင်အဖြစ် ကိုကို့မာမီ ထားခဲ့တဲ့ လက်ဝတ်ရတနာတွေ ပေးမယ်လေ''

''ဟင့်အင်း ရာ လက်မခံပါရစေနဲ့နော်၊ အဲဒါတွေ မလိုပါဘူး ကိုကိုရယ်''

''မာမီက ကိုကိုနဲ့ ညီကို တစ်ယောက်တစ်ဝက်စီ ပေးခဲ့တာ၊ ချွေးတွေကို ပေးဖို့လေ''

''နေပါဦး ကိုကိုရာ၊ တရားဝင်မှ ဒယ်မထပ်ရသေးတာပဲလေ၊ ဖြည်းဖြည်းမှပေးလည်း ရပါတယ်''

''အဲဒီလို ရိုးသားဖြူစင်လို့ ရာ့ကို ချစ်နေရတာပါ။ ရာ

စည်းစိမ်ဥစ္စာတွေကို မမက်မောဘူး၊ ကိုကို့ဆီက ဘယ်အရာမှ မချူဘူး၊ မင်းရဲ့ စိတ်ဓာတ်ကို အရမ်းလေးစားတယ်ကွာ''

သူလက်တွေက ပို၍ပင် တင်းကျပ်စွာ ရစ်ပတ်သိုင်းဖက်လာလေသည်။ အကြည့်တွေက စူးနစ်ရီဝေနေ၏။ အသည်းနှလုံးတွေ ဆတ်ဆတ်တုန်ရီလှိုက်ခါနေအောင် ချစ်မြတ်နိုးရသည်ပဲ့တတွတ်တွတ် တိုးတိတ်ညင်သာစွာ ပြောနေလေသည်။

◆ ◆ ◆

အခန်း (၂၂)

နှစ်သက်ရာ မှားသွားပြီလား။ ရင်ထဲမှာ မပျော်ရွှင်ဘဲ
ဘာဖြစ်လို့မျှား နာကျင်နေရတာလဲ။ ဦးချစ်မြတ်သူက သူမအား
ချစ်မြတ်နိုးတာကို တဖြည်းဖြည်း လက်ခံယုံကြည်လာမိသလိုပင်။
မုန်းတယ်။ ဦးချစ်မြတ်သူကို နှစ်သက်ရာ မုန်းပစ်ချင်တာပါ။
မမကြောင့်လေ။ ရှင်ကြီးညီနဲ့ မမကို ဘာဖြစ်လို့မျှား သဘောမတူရ
ဘာလဲ။ ခုထိ ရှင်ကြီးမှာ ကိုယ်ချင်းစာစိတ် မရှိသေးဘူးလား။
ရှင်ကြီးရဲ့ ညီသာ တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်
သွားတာသာ မမသိရင် သေမှာပဲ။ ဦးချစ်မြတ်သူက လက်ထပ်
အတွက် စီစဉ်နေပါပြီ။ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးအတွက်
ပြင်ဆင်နေသည်။ မမပင် မသိ။ နှစ်သက်ရာ လုပ်နေတာတွေဟာ

မိုက်မဲမှုတစ်ခုပဲလား။ မမကို ကြည့်ရတာ အားမရပါ။ ဖျော့တော့ပိန်လှိန်နေသည်။ မမ ခံစားနေရတဲ့ ဝေဒနာတွေအားလုံးကို ဖန်တီးခဲ့တာ ရှင်ကြီးပဲ။ ရှင်ကြီးရဲ့ အရှက်သိက္ခာတွေ တစ်ပြားသားမှ မရှိတော့အောင် နှစ်သက်ရာ လုပ်ပြမယ်။ အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ပြီး ကြိမ်းဝါးနေမိလေသည်။

"ရာ"

"ရှင်"

"မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ မမ"

"ရာ"

"ရှင်"

"ညီမလေး မျက်နှာလေး နွမ်းနယ်နေသလိုပဲ၊ မမကြောင့်လားကွယ်၊ ဘာတွေ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရလဲ"

"ဘာမှ မဟုတ်ပါဘူး မမ၊ အခုတစ်လော အလုပ်ကိစ္စတွေ များနေလို့ပါ"

"မမကြောင့် မခံစားစေချင်ဘူးကွယ်၊ ရာ့အနာဂတ်ကို မမ တာဝန်မဲ့စွာ ခြေမှုဖျက်ဆီးရက်ပါဘူး၊ အချိန်လေးပဲပေးပါ

ခဏလေးပါပဲ"

"မမ ပျော်ရင် ရာလည်း ပျော်တယ်၊ မမဆန္ဒက ရာ့ဆန္ဒပါ၊ ရာ့ကိုလည်း မမ ကြည့်မနေနဲ့နော်"

"အေးပါကွယ်"

"ရာလည်း အိပ်တော့မယ်၊ အခုတစ်လော အလုပ်တွေက အရမ်းများနေတယ်လေ"

"အင်း အင်း အိပ်တော့၊ ညီမလေးအခန်းက အသံတွေ ကြားနေရသေးလို့ မမ လာကြည့်တာပါ၊ အိပ် အိပ်"

မမ ပြန်ထွက်သွားလေသည်။ တိုက်ခန်း မဟုတ်ပေမယ့် ရာတို့ အိမ်လေးက မဆိုးပါဘူး။ ရပ်ကွက်ထဲက သီးသန့်လုံးချင်း အိမ်လေးပါပဲ။ နှစ်သက်ရာ အလုပ်ပြုတ်သွား၍ ဦးချစ်မြတ်သူက လိုလေသေးမရှိ ထောက်ပံ့ထားသည်။ နှစ်သက်ရာ လက်မခံလည်း မရ။ မမကိုတော့ စိတ်သောကတွေ ရောက်နေမှာစိုး၍ ဘာတစ်ခုမှ ပြောမပြခဲ့ပေ။ နှစ်သက်ရာ လုပ်ချင်တာတွေ လုပ်ပြီးမှ ဘာဖြစ်လို့များ ရင်ထဲမှာ ဟွေ့ရွှင်ကျေနပ်မှုတွေ ဆိတ်သုန်းပြီး နာကျင်စူးရှနေရတာလဲ။ သူ လက်ဆောင်ပေးထားတဲ့ လက်ကိုင်ဖုန်းလေးကို ငေးစိုက်ကြည့်မိနေလေသည်။

"ရာလား"

"အင်း"

"အိပ်ပြီလား"

"ဟင့်အင်း"

"ကိုကို့ကို သတိရနေလို့လားကွာ"

"အင်း"

"ရာ"

"ရှင်"

"ကိုကိုလည်း ရာ့အကြောင်းတွေပဲ တွေးပြီး အိပ်လို့ မရဘူးကွာ၊ မင်္ဂလာပွဲကြီး အမြန်ဆုံး ပြီးဆုံးစေချင်ပြီ၊ ကိုကို့ရင်ခွင်ထဲမှာ ရာ့ကို နွေးထွေးစွာ တင်းတင်းလေး ထွေးပွေ့ထားချင်တယ်၊ ရာ့နှုတ်ခမ်း ဖူးဖူးလေးကို တရှိုက်မက်မက် နမ်းချင်တယ်"

"အို"

"ရာ ရှက်သွားလား၊ ကိုကို့နှလုံးသားတွေထဲမှာ အရမ်းချစ်မြတ်နိုးနေမိလို့ပါကွာ၊ ကိုကို့ရင်ထဲမှာ တဆတ်ဆတ် ခုန်ပြီး ပျော်နေတယ်၊ ရာ့ကို တရားဝင် မပိုင်ဆိုင်ရသေးလို့ စိတ်တော့ မအေးသေးဘူး၊ ရာ စိတ်ပြောင်းသွားမှာ ကိုကို အရမ်းစိတ်ပူ

"နောက်ဆို ကိုကို့စည်းစိမ်ဥစ္စာတွေ အားလုံး ရာပဲ စီမံခန့်ခွဲရမှာလေ၊ အခု ကိုကို အလွယ်တကူ ဆက်သွယ်လို့ရအောင် ဒီဖုန်းလေးတော့ လက်ခံထားပေးပါနော်"

နှစ်သက်ရာကတော့ သူ့ကို အယုံသွင်းသည့်အနေနှင့် လိုက်လိုက်လျောလျော ဆက်ဆံနေလိုက်သည်။ နှစ်သက်ရာအပေါ် အရိပ်တကြည့်ကြည့်နှင့် ပျာယာခတ်နေသော သူ့အသွင်တွေကို နှစ်သက်ရာ အမှတ်တရ စွဲထင်ကျန်ရစ်နေတာကိုပင် သူမ မုန်းပစ်ချင်သည်။ ရှင်ကြီးနဲ့ ပတ်သက်ပြီး ကျွန်မ ဘာတစ်ခုမှ မခံစားချင်ပါဘူး။ အမှတ်တရတွေလည်း မရှိချင်ဘူး။ ကျွန်မ ရှင်ကြီးကို အရှက်ခွဲပစ်ဖို့ တစ်ခုပဲ လုပ်ဆောင်ပစ်ချင်တာပါ။ ရုတ်တရက် သူမ လက်ကိုင်ဖုန်းလေး တုန်ခါလာသည်။ မမသိမှာစိုး၍ အသံတွေ မထည့်ခဲ့။ တုန်ခါမှုပဲ ထည့်ထားတာပါ။ သူမဖုန်းကို ဖွင့်ကြည့်လိုက်တော့ သူပဲ။ ဦးချစ်မြတ်သူ (သို့မဟုတ်) ကိုကို။ ရင်ထဲမှာ လှိုက်ခနဲ တုန်ခါသွားသည်။ ပျော်သွားတာလား၊ ကျေနပ်ပီတိတွေ ရင်ထဲကို နွေးနွေးထွေးထွေးလေး တိုးဝင်ရိုက်ခတ်လာသည်။

"ဟဲလို"

နေပြီ၊ မနက်ကျမှ တွေ့မယ်နော်၊ မင်္ဂလာဝတ်စုံဝတ်ဖို့ ဒီဇိုင်နာနဲ့ ချိန်းထားလို့''

''ဟုတ်ကဲ့''

''ရာလေး အိပ်တော့နော်၊ အိပ်မက်လှလှလေးတွေ မက်ပါ စေကွာ''

နှစ်သက်ရာ စိတ်မောလူမောနှင့် နွမ်းနယ်စွာ ဖုန်းကို ပိတ်ပစ်လိုက်လေသည်။ သူမနှင့်သူ လက်ထပ်ဖို့ကိစ္စက တစ်ဆင့် ပြီးတစ်ဆင့် အကောင်အထည် ပေါ်လွင်လာနေသည်။ နှစ်သက်ရာ နောက်ဆုတ်လို့ မဖြစ်တော့ပေ။ တကယ်ဆို မမချစ်သူ ကိုသင့်မြတ်သူက မမဆီကို လာသင့်နေပါပြီ။ ဦးချစ်မြတ်သူက ဘာဖြစ်လို့များ ညီကို မင်းချစ်သူနဲ့ သဘောတူပါပြီဟု မပြောသေးရတာလဲ။ ရှင်ကြီးမှာ ကိုယ်ချင်းစာတရားတွေ မရှိဆေးတာလား။ နှစ်သက်ရာ ဖြစ်စေချင်တာက မမနဲ့ ကိုသင့်မြတ်သူတို့အား ဦးချစ်မြတ်သူက သဘောတူလိုက်စေချင်တာပါ။

နှစ်သက်ရာ အံသွားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိလေသည်။ နှစ်သက်ရာ မှေးခနဲ အိပ်မျော်သွားချိန်တွင် ကိုကိုနှင့် သူမ မင်္ဂလာပွဲကြီး ပြီးဆုံးသွား၍ လှပသော မင်္ဂလာဦး

တယ်၊ ရာက တစ်ခါတလေ ကိုကို့အပေါ် အေးစက်နေလားလို့''

''ရာက မိန်းကလေးပါ ကိုကိုရယ်၊ မင်္ဂလာပွဲ ပျက်သွားမှာ ရာက ပိုပြီး စိတ်ပူနေရတာပါ၊ ကိုကိုနဲ့ ရာဘဝက မိုးနဲ့မြေလို ကွာနေတာလေ၊ ကိုကို့အချစ်တွေကို ရာ မယုံသေးဘူးနော်၊ လိမ်ထပ်ပွဲပြီးမှ ရာလည်း စိတ်အေးရမှာ''

''ရာလေးရယ်၊ ကိုကို့ဘက်က ဘယ်တော့မှ သစ္စာမဲ့မှာ မဟုတ်ပါဘူးကွာ၊ ရာ့ကို ကိုကို့နှလုံးသားတွေနဲ့ ထပ်တူ ချစ်မြတ်နိုးနေမိတာပါ၊ ကိုကို ပိုင်ဆိုင်ချင်ပြီ၊ ထာဝရ ထွေးပွေ့ထားချင်ပါပြီ''

''ကိုကို''

''ဟင်''

''ကိုကို့ညီကိုတော့ လုံးဝ အသိမပေးပါနဲ့ဦးနော်၊ လက်ထပ်ပွဲပြီးမှ သိပါစေလေ''

''အင်း စိတ်ချပါရာ၊ ဒါပေမဲ့ ကိုကို့ညီကလည်း စိတ်သဘောထား ပြည့်ဝပါတယ်၊ ကန့်ကွက်မှာ မဟုတ်ပါဘူး''

''ဟင့်အင်း ရာကတော့ လုံးဝမသိစေချင်ပါဘူး၊ မပြော ပြနဲ့ဦးနော်''

''အိုကေ၊ အားလုံး ရာ့ဆန္ဒပဲ၊ ကိုကို အရမ်းသတိရ

ဘာတွေလဲ။ အဲဒီလို မင်္ဂလာဦးညမျိုးကို ရှင်နဲ့ ကျွန်မကြားမှာ ဘယ်တော့မှ ရှိလာနိုင်စရာ အကြောင်းမရှိပါဘူး။ ကျွန်မက ရှင်ကြီးရဲ့ ဇနီးမယားဖြစ်မှာ မဟုတ်ဘူးနော်။ စိတ်ကူးယဉ်မနေနဲ့။ ဒေါသတကြီး ပြောပစ်နေမိလေသည်။

ဒီနေ့ သူမအတွက် သတို့သမီး ဝတ်စုံအတွက် ဒီဇိုင်နာနဲ့ ချိန်းထားသည်တဲ့။ နှစ်သက်ရာ ထလိုက်သည်။ နှစ်သက်ရာ သတ္တိရှိရမယ်။ ရှင်ကြီးရဲ့ အတ္တတွေကိုတော့ ရိုက်ချိုးဖျက်ဆီးပစ်ရမှာပဲလေ။ နှစ်သက်ရာ စိတ်တွေကို တင်းပစ်လိုက်ပြီး အလှအပတွေ ပြင်လိုက်၏။ မင်္ဂလာပွဲကြီးကို စိတ်တက်ကြွစွာ ပျော်ရွှင်နေအောင် အပီအပြင် သရုပ်ဆောင်ရမည်ဖြစ်သည်။ သူဆီရောက်တော့ ဒီဇိုင်နာက ရောက်နေ၏။ နှစ်သက်ရာကို အလွန် လှပချောမောလွန်းသော သတို့သမီးလေးဟု ချီးမွမ်းပြောဆိုနေလေသည်။

"ကိုယ့်သတို့သမီးလေးကို အလှပဆုံး၊ တန်ဖိုးအကြီးဆုံးဖြစ်အောင် စီစဉ်ပေးပါ၊ ငွေကတော့ ပြောစရာမလိုဘူးနော် မ"

"အိုကေ၊ အရမ်းကို စိတ်ဝင်စားစရာကောင်းတဲ့ သတို့သမီးလေးပဲ၊ စိတ်ချပါနော် ကိုချစ်မြတ်သူ၊ မြင်ရသူတွေ ငေးမောင်တက်မိသွားစေရမယ်"

ညလေးကို ထူးဆန်းစွာ အိပ်မက်မက်နေ၏။ လှပခမ်းနား အိစက်နေသော မင်္ဂလာခုတင်ကြီးပေါ်မှာ ကိုကိုနှင့် သူမ ချစ်ကြည်နူးနေကြလေသည်။

"ရာ ကိုကို အရမ်းချစ်တယ်ကွာ၊ ကိုကို တကယ်ပဲ ရာ့ကို ဝိုင်ဆိုင်ရပြီ၊ အရမ်းပျော်တာပဲ၊ ရာရော ကိုယ့်ကိုချစ်တယ် မဟုတ်လား၊ ပြောလေ"

"ဟင့်အင်း ရှက်တယ်"

"ဘာဖြစ်လို့ ရှက်ရမှာလဲကွာ၊ ရာလေးက ကိုကို့ ချစ်ဇနီးလေးဖြစ်နေပြီပဲ၊ ပြောပါကွာ၊ ကိုကို ကြားချင်လို့ပါ၊ ရာ့နှုတ်ခမ်းလေးက ကိုကို့ကို ချစ်တယ်လို့ ပြောသံလေး ကြားချင်တယ်"

ကိုကိုက ဇွတ်အတင်းလေး မေးနေ၍ နှစ်သက်ရာ ရှက်ရွက်နှင့် ကိုကို့ကို ချစ်တယ်ဟု ပြောလိုက်သည်။ သူလက်တွေက သူမခန္ဓာကိုယ်လေးအား အငမ်းမရ ပွေ့ဖက်ထား၏။ နှစ်သက်ရာ ကိုယ်တိုင်က သူ့အား ချစ်မြတ်နိုးစွာ ပြန်လည်တုံ့ပြန်ဖက်တွယ်ထားမိခဲ့သည်။ သူမ လန့်နိုးသွားတော့ ဇာချွေးတွေ ပျံပြီး နှလုံးသားတွေ တဆတ်ဆတ် လှုပ်ခါတုန်ရီနေ၏။ ရင်ထဲမှာ ပူလောင်စွာ ရေတစ်ခွက်ကို ယူပြီးသောက်ပစ်လိုက်ရလေသည်။

"ကျေးဇူးပဲ"

မင်္ဂလာပွဲအတွက် သူ တက်ကြွစွာ လိုလေသေးမရှိအောင် စီစဉ်နေလေသည်။ မင်္ဂလာဦးဆွမ်းကျွေးပွဲအတွက် နှစ်သက်ရာတို့ ရပ်ကွက်. ဘုန်းကြီးကျောင်းမှာပဲ အလှူလုပ်ဖို့ စီစဉ်ထား၏။ နှစ်သက်ရာ ဆန္ဒပါပဲ။ နှစ်သက်ရာရဲ့ လက်လေးဆွဲပြီး ပျော်ရွှင်တက်ကြွနေသည်။ နှစ်သက်ရာကတော့ မပျော်ရွှင်ပေ။ နှုတ်ခမ်းလေးတွေက. တုန်ရီနေပေမယ့် စိတ်ထဲမှာတော့ နာကျင်လေးလံနေ၏။ သူ့ရဲ့ အကြင်နာတွေ၊ အယုအယတွေကို သူမ တဒင်္ဂတော့ သာယာချမ်းမြေ့သွားစေပေမယ့် သူမ နှလုံးသားတွေကတော့ နာကျင်နေရသည်။ ဦးချစ်မြတ်သူကို နှစ်သက်ရာ မုန်းချင်တယ်။ မမအတွက် နှစ်သက်ရာ တစ်စုံတစ်ခုတော့ စိတ်ဒုက္ခရောက်အောင် လုပ်ပစ်ချင်တယ်။ ရှင်ကြီး အရှက်ကွဲ စေရမယ်။ ဒါပေမဲ့ သူ့အချစ်တွေကိုတော့ သူမ ယုံကြည်လာမိသလိုပင်။ သူ့မျက်ဝန်းတွေထဲမှာ ဟန်ဆောင်ဖုံးကွယ်ထားတာတွေ မရှိပေ။ သူမအပေါ်လည်း လိုအပ်တာထက် ပိုပြီး အခွင့်အရေးတွေ မယူခဲ့ပေ။ သူမအပေါ် တန်ဖိုးထား မြတ်နိုးထားသည်။ နှစ်သက်ရာ ရင်မောလိုက်တာ မမရယ်၊ စောစီးစွာပဲ ရပ်တန့်နောက်ဆုတ်လိုက်ရမလား။ပြည့်စုံခမ်းနား

ကြီးကျယ်သော လက်ထပ်မင်္ဂလာပွဲကြီးက မကြာခင် ကျင်းပဖို့ အချိန်ကျရောက်တော့မည်ဖြစ်လေသည်။

◆ ◆ ◆

အခန်း (၂၃)

စိန်ကုန်သည်တွေရဲ့ စိန်ထည်ပစ္စည်းတွေက နှစ်သက်ရာရဲ့ မျက်စိရှေ့မှာ ဖျပ်ဖျပ်ခါနေသည်။ ကိုကိုက နှစ်သက်ရာ စိတ်တိုင်းကျ ဝယ်ပါဟု ပြောနေပေမယ့် နှစ်သက်ရာ အဲဒီလိုတော့ မဝယ်ယူလိုပေ။ ဘယ်လောက်ပဲ တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေ ဖြစ်နေပါစေ။ စည်းစိမ်ချမ်းသာတွေကို မက်မောတဲ့ မိန်းကလေး တစ်ယောက်အဖြစ်တော့ အရောက်မခံလိုပေ။ နှစ်သက်ရာက သူမ ကိုယ်ကျင့်တရားကို တန်ဖိုးထားသူပါ။

"အရမ်းကို လှပတဲ့ သတို့သမီးလေးပဲ၊ ယူလေ သမီး၊ အားလုံး တန်ဖိုးကြီးတဲ့ ပစ္စည်းတွေပဲ၊ လက်ရာတွေလည်း သန့်တယ်၊ သမီး စိတ်တိုင်းကျရွေးလေ၊ ငွေကြေးကလည်း အားလုံး ပြီးပြီးသား

စိုးရိမ်တကြီးနှင့် သူမလက်လေးကို ဆုပ်ကိုင်ကာ ပြောနေလေသည်။ ရာခေါင်းကိုပဲ ခါရမ်းပစ်လိုက်မိတော့၏။ ရင်ထဲမှာ နာကျင်စူးရှစွာ ငိုပစ်ချင်နေသည်။ ဒီစည်းစိမ်ဥစ္စာတွေက နှစ်သက်ရာနှင့် ဘာမှ မဆိုင်ပါဘူး။ ရှင့်ဇနီးမယားလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ နှစ်သက်ရာ စိတ်တွေ အသိမဲ့ချင်လာရသည်။ မင်္ဂလာပွဲက ဖိတ်စာတွေပင် ဖိတ်ထားပြီးပြီဖြစ်၏။ သူ သတ္တိရှိစွာ နှစ်သက်ရာကို ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီး ကျင်းပကာ လက်ထပ်ယူတော့မည်ဖြစ်သည်။

"ရာ နင်ဘာတွေ လုပ်နေတာလဲ၊ ဟုတ်ရော ဟုတ်ရဲ့လားဟယ်၊ နင့်စိတ်တွေ မူမှန်ရဲ့လား၊ ငါတော့ မယုံဘူး၊ လန့်တောင်လာပြီ၊ မနေ့က အဖေကို ဝိုက်ဆဲတွေလာပေးတယ်၊ လက်မခံလို့လည်း မရဘူး၊ လက်ထပ်ပြီးရင် သူနဲ့လာနေပါတဲ့"

မိညိုက အထိတ်တလန့်နှင့် နှစ်သက်ရာကို ပြောနေလေသည်။ နှစ်သက်ရာကတော့ ယူထားလိုက်ပေါ့ဟု ပြောလိုက်၏။ ဦးလေး သံချောင်းလည်း နှစ်သက်ရာရဲ့ ဦးလေးအဖြစ် ဟန်ဆောင်ရတဲ့ အခွင့်အရေးအဖြစ် အတော်လေး ပြောင်ယောင်နေလေသည်။

"ကိုချစ်မြတ်သူက နင့်ကို အရမ်းပဲချစ်ဘယ်နော် ရာ၊

ပဲလေ"

"ကျွန်မ ဘာမှ မလိုတော့ပါဘူးကိုကို၊ ပေးထားတဲ့ လက်ဝတ်ရတနာတွေကလည်း အများကြီးပဲဟာ"

"ထပ်ယူလေ ရာ၊ ဘာဖြစ်လို့လဲ၊ မကြိုက်လို့လား"

"အို ကြိုက်ပါတယ်၊ အရမ်းလှပါတယ်၊ ရာ့မှာ ကိုကို ပေးထားတဲ့ မိဘဘိုးဘွားပိုင်စိန်တွေ အများကြီးပဲလေ၊ တော်ပါပြီနော်"

စိန်ကုန်သည်တွေကလည်း နှစ်သက်ရာကို အံ့သြစွာ ကြည့်နေသည်။ သူမ ဘာတစ်ခုမှ မလိုချင်ပါဘူး။ ပေးထားတဲ့ လက်ဝတ်ရတနာတွေကိုပင် ကိုကို့ဆီမှာ အပ်နှံထားသည်။

"ရာ"

"ရှင်"

"ကိုကို့ စည်းစိမ်ဥစ္စာတွေက ရာ့အတွက်ပဲလေ၊ ဘာမှ အားနာစရာမလိုဘူး။ ရာ့စိတ်ထဲမှာ မသန့်လို့လား၊ ကိုကိုက ရာ့ခင်ပွန်းပဲဟာ၊ ခင်ပွန်း ရှာဖွေထားတာတွေက ဇနီးမယားအတွက်ပဲလေ"

စိန်ကုန်သည်တွေ ပြန်သွားတော့ ကိုကိုက သူမအား

"ဟင်"

"ကိုကိုပေးသမျှကို ရာ ဘာဖြစ်လို့ ဒီလောက်အထိ ငြင်းဆန်နေရတာလဲကွာ"

သူက ရာခန္ဓာကိုယ်လေးအား တင်းတင်းလေး ထွေးပွေ့ထားရင်း စိုးရိမ်တကြီး မေးနေလေသည်။ ရာက ဟက်ဟက်ပက်ပက်လေး ရယ်မောလိုက်တော့ သူ့သံသယမျက်လုံးတွေက ဝင်းလက်တောက်ပလာတော့၏။ သူမခန္ဓာကိုယ်လေးအား ခပ်တင်းတင်း ဆွဲပွေ့ကာ ရင်ခွင်မှာ အပ်ထားလေသည်။

"ရာ စိတ်မလုံသေးလို့ပါ၊ ဖြည်းဖြည်းမှ ပေးပါလားကိုကိုရာ၊ ရာ့ကို ပတ်ဝန်းကျင်က တစ်မျိုးထင်မှာ ရာ အရမ်းကြောက်တာပဲ၊ အဲဒီလို မလုပ်ပါနဲ့ဦးနော်"

"ရာ ငြင်းဆန်နေတာတွေဟာ ကိုကို့ကိုများ မချစ်လို့လား လို့ စိတ်ပူမိနေတယ်၊ ရာ ကိုကို့ကို ချစ်ပါတယ်နော်"

"ချစ်ပါတယ် ကိုကို"

"ကိုကို သံသယဖြစ်နေတယ်၊ တစ်ခါတလေ ရာ့အကြည့်တွေက စိမ်းနေသလိုပဲ၊ အေးစက်စက်ကြီးကွ"

"ရာက ကိုကို့ရဲ့ တရားဝင်ဇနီးမယား ဖြစ်လာတော့

နင်ဘာလုပ်မလို့လဲ၊ နင်ပေါက်ကရတွေ မလုပ်နဲ့နော်၊ အားနာစရာကြီးဟယ်"

သူမကတော့ အေးစက်စွာပဲ နေခဲ့သည်။ မိညို စိတ်ပူနေ၏။ နင်က အားနာနေပေမယ့် ငါကတော့ အားမနာဘူး မိညို။ ငါ့အစ်မ ဘယ်လောက် အရက်သီဂွာတွေ ကျခဲ့ရလဲ။ ငါ့မမ စိတ်နှလုံးသားတွေ ချွတ်ခြုံကျပြီး ဝမ်းနည်းကြေကွဲမှုတွေ ခံစားရလဲ။ သူကိုယ်တိုင် ငါ့လိုမိန်းကလေးကို အရူးအမူး ချစ်မြတ်နိုးတယ်ဆိုပြီး သူညီနဲ့ ငါ့မမအပေါ် ကိုယ်ချင်းစာနာစိတ် မရှိသေးဘူးလေ။ နှစ်သက်ရာ ရင်တွေ ပူလောင်နေသည်။

"ရာ"

"ဟင်"

"ကိုကို ကားအသစ်တစ်စီး ဝယ်ထားတယ်လေ၊ မနက်ဖြန် ရာ့မွေးနေ့ မဟုတ်လား၊ ကိုကိုအမှတ်တရ လက်ဆောင်ပေးချင်လို့ပါ"

"ဟာ ရာ မလိုချင်ပါဘူး၊ ကိုကို့ကားက ရာ့ကားပဲဟာ၊ အဲဒီလောက် အဖိုးတန်ကြီးတွေ မပေးပါနဲ့နော်"

"ရာ"

"စိတ်ချပါကိုကို၊ ရှာသူငယ်ချင်းက အရမ်းတော်ပါတယ်၊ သူက မင်္ဂလာလက်ဖွဲ့ချင်တာလေ နော်ကိုကို"

"ရှာသဘောပါပဲကွယ်၊ ရာ စိတ်ချမ်းသာ ပျော်ရွှင်ဖို့က အဓိကပဲ"

သူမဆန္ဒတွေကိုသာ ဦးစားပေး လိုက်လျောနေသဖြင့် ရာပင် တွေဝေမိန်းမောသွားမိလေသည်။ စိတ်တွေ ပျော့ညံ့သွားလို့ မဖြစ်ပါဘူး။ မမအတွက်ပဲလေ။ ကျွန်မရဲ့ မမကို ဘာဖြစ်လို့များ ရှင့်ညီနဲ့ သဘောမတူရသေးတာလဲ ဦးချစ်မြတ်သူရယ်။ ဘာဖြစ်လို့လဲဟင်။ မမကို ပိုင်းလုံးမလို့ သတ်မှတ်ထားနေလို့လား။ ရှင့်မှာ ကိုယ်ချင်းစာနာစိတ်တွေ ဘာဖြစ်လို့များ မရှိသေးရတာလဲဟင်။

"ရာ သူငယ်ချင်းအိမ်မှာဖဲ ပြင်မယ်နော်၊ ဟိုတယ်မှာ မပြင်ဘူး၊ သဘာဝကျကျလေးပဲ၊ သူငယ်ချင်းဆီမှာ ပြင်ပြီး ကိုကို့ဆီ လာခဲ့မယ်၊ ဒါမှ ကိုကို အံ့သြတုန်လှုပ်ပြီး မှင်တက်မိသွားရမှာ၊ ကိုကို့ရှေ့မှာ ရာ အလှမပြင်ချင်ပါဘူးနော်၊ ရာ ဘယ်လောက်အထိ လှပချောမောနေလဲဆိုတာ ကိုကို ရင်တထိတ်ထိတ်နဲ့ စောင့်နေပေါ့၊ အဲဒါမှ ရင်ခုန်စရာကောင်းတယ် နော်ကိုကို"

"ဟုတ်တယ် ရာ၊ အလှတွေ ပြင်ဆင်ပြီး ရောက်လာတဲ့

မှာလေ၊ ဘာတွေ မယုံကြည်နေရတာလဲ ကိုကို"

"ရာလေးရယ်"

သူမိခင် အမွေပေးထားခဲ့တဲ့ လက်ဝတ်ရတနာတွေကို သူမလက်ထဲ ဇွတ်အတင်းပင် အပ်နှံလေသည်။ သူကိုယ်တိုင် ဝတ်ဆင်ပေးနေ၏။ သူ့ရင်ခွင်ထဲကနေ မသိမသာ ရုန်းထွက်လိုက်မိသည်။

"ရာ သတို့သမီးလေးအဖြစ် ပြင်ဆင်ပြီးရင် ဝတ်ရမယ်နော်၊ သတို့သမီးကို ပြင်ဖို့အတွက် အတော်ဆုံး အလှပြင်ဆရာမနဲ့ ပြင်ရမယ်၊ ကိုကို့ရဲ့ နတ်သမီးလေးတစ်ပါးလို လှပချောမောနေအောင် ပြင်ဆင်ရမယ်နော်"

"ကိုကို အလှပြင်ဖို့အတွက် ရှာသူငယ်ချင်း အလှပြင်ဆရာမက လက်စွမ်းပြချင်နေတယ်လေ၊ မင်္ဂလာခန်းမ လာဖို့ရော၊ ကားကအစ အားလုံး တာဝန်ယူထားတယ်လေ၊ ကိုကို ဘာမှ မစီစဉ်ခဲ့နော်"

"အဆင်ပြေပါ့မလား ရာရယ်၊ ကိုကို စိတ်ပူတယ်၊ မိုးပေါ်ကနေ နတ်သမီးလေး ပြုတ်ကျလာသလို အားလုံး မှင်တက်မိသွားစေချင်တယ်"

"ငါ အလှပြင်ဆရာမ ခေါ်ထားတယ်၊ တို့ဆီမှာတော့ နာမည်ကြီးပဲလေ၊ နင်က အရမ်းလှပြီးသားဆိုတော့ ဘယ်လိုပဲ ပြင်ပြင် လှနေမှာပါ"

သူမ တွေဝေငေးငိုင်စွာ မိညိုအား ခပ်ကြောင်ကြောင် ကြည့်မိနေလေသည်။ ငါအလှမပြင်တော့ပါဘူး။ သူ့ရဲ့ သတို့သမီး လည်း ဘယ်တော့မှ မလုပ်ဘူး မိညို။ အစောကြီးထဲက ငါပြော ထားသားပဲ။ သူ့ကို အရှက်ခွဲမလို့။ ငါ့လို နိမ့်ကျတဲ့ မိန်းကလေး တစ်ယောက်က သူနဲ့ လက်ထပ်မယ့်ပွဲကို ရောက်မလာဘူးဆိုရင် သူ ဘယ်လိုဖြေရှင်းမလဲ။ ဖိတ်ထားတဲ့ သူ့ရဲ့ ဂုဏ်သရေရှိ လူကြီး လူကောင်း စီးပွားရေး လုပ်ဖော်ကိုင်ဖက်တွေကို ဘယ်လို ရင်ဆိုင် မလဲ။ နောက်ဆုံး ရာ့ကို အရမ်းပဲ စွဲလမ်းနှစ်သက်နေမယ်ဆိုရင် လည်း သူ အသည်းကွဲပြီး ဘဝပျက်သွားတာကို ရာ အရမ်း တွေ့မြင်ချင်တယ်လေ။ ဦးလေး သံချောင်းကလည်း စိတ်လိုက် မာန်ပါ မလုပ်ဖို့ ဆုံးမတားဆီးနေသည်။ နှစ်သက်ရာကတော့ ခေါင်းမာစွာဖြင့် ဆုံးဖြတ်ချက်ကိုပဲ ခိုင်မာစွာ ချပစ်လိုက်တော့သည်။

◆ ◆ ◆

သတို့သမီးလေးကို ရင်ခုန်စွာနဲ့ ကိုကိုစောင့်ကြည့်ရမယ်၊ ရာလေး သဘောကျသလို စီစဉ်ပါ"

မင်္ဂလာပွဲကြီးက တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ နှစ်သက်ရာစိတ်တွေ အတော်လေး တည်ငြိမ်အောင် ထိန်းချုပ် ထားနေ၏။ မမလည်း နည်းနည်းတော့ နာလန်ထူလာသည်။ နှစ်သက်ရာ လုပ်နေတာတွေကို မမ လုံးဝ မရိပ်မိပေ။ ကိုသင့်မြတ် သူတို့ ညီအစ်ကိုကို မမုန်းတီးဖို့ တတွတ်တွတ်မှာနေသည်။ မမက စိတ်သဘောထား ပြည့်ဝပြီး အရာအားလုံးကို ခွင့်လွှတ်နိုင်စွမ်း အပြည့်အဝရှိနေတတ်သူပါပဲ။ မမချစ်သူကို ကြိုးစားပြီး မေ့ပျောက် အောင်နေပေမယ့် မမမျက်ဝန်းတွေကတော့ သူ ရောက်လာမလားလို့ အမြဲတမ်း မျှော်လင့်စောင့်စားနေတာပဲ မဟုတ်လား။ မင်္ဂလာ အခမ်းအနား ကျင်းပမည့်နေ့ မနက်ပိုင်းတွင် သူမ သတို့သမီးဝတ်စုံ တွေ ယူဆောင်လာပြီး သူငယ်ချင်း မိညိုတို့အိမ် လာခဲ့သည်။ ကြိုတင်စီစဉ်ထားပြီးဖြစ်၍ မိညိုက အဲဒီလိုမလုပ်ဖို့ တားဆီးနေ လေသည်။

"ရာ"

"ဟင်"

အခန်း (၂၄)

သတို့သား ချစ်မြတ်သူနှင့် သတို့သမီး နှစ်သက်ရာတို့ ရဲ့မင်္ဂလာဧည့်ခံပွဲကြီးက ခြိမ့်ခြိမ့်သဲမျှ ဆီဒိုးနားဟိုတယ်ကြီးမှာ ကျင်းပဖို့ အချိန်က နီးကပ်လာလေသည်။ ဧည့်ပရိသတ်တွေ တဖွဲဖွဲ ရောက်ရှိလာနေ၏။ ချစ်မြတ်သူလို ကိန်းခန်းကြီးတဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ယောက် အမြတ်တနိုး တန်ဖိုးထားကာ လက်ထပ်ရသော သတို့သမီး နှစ်သက်ရာကို အားလုံးက စိတ်ဝင် တစားဖြစ်နေကြလေသည်။ လှပချောမောသော သတို့သမီးလေး ကို တွေ့မြင်ချင်နေကြ၏။ မင်္ဂလာအခမ်းအနားမှူးတွေ၊ သတို့သား အရံ သတို့သမီးအရံတွေ၊ ပန်းကြိုမည်သူတွေ၊ မင်္ဂလာပန်းကုံး စွပ်ပေးကြမယ့် မင်္ဂလာလက်စွပ် ဆင်မြန်းပေးကြမယ့် သူတွေ

ဘယ်မှာလဲ၊ ဖုန်းဆက်လေ၊ သတို့သမီးက ဒီမှာပဲ ပြင်ရမှာ၊ တစ်ခုခု တော့ မှားနေပြီထင်တယ်''

နှစ်သက်ရာဆီ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်။ သူ ဇောချေးကွေ ပုံလာရ၏။ ဘယ်လိုဆက်လုပ်ရတော့မလဲ။ အရှက်ကောင်းကောင်းကွဲပြီထင်တယ်။ သူစိတ်ပူနေမိတာက ရာ တစ်ခုခုဖြစ်နေမှာပဲ။ လက်ထပ်ပွဲကိုတော့ မလာဘဲနေမှာ မဟုတ် ပါဘူး။ ကိုကို အရှက်ကွဲပြီထင်တယ် ရာ။ သူ စိတ်အပူကြီး ပူ နေတာက ရာတစ်ခုခု အန္တရာယ်နဲ့ ကြုံတွေ့နေမှာကိုပါပဲ။ ဧည့် ပရိသတ်တွေက ပွဲထက်ဖို့ တောင်းဆိုနေကြလေသည်။ သတို့သမီး ရောက်မလာသေး၍ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြ၏။ အားလုံး အားနာစရာတွေ ဖြစ်ရလေသည်။ နှစ်သက်ရာနှင့် ဘယ်လိုမှ အဆက်အသွယ်မရ။ မင်္ဂလာပွဲက ပျက်လုမတတ် ပွက်လော ရိုက်နေ၏။ ချစ်မြတ်သူ စိတ်သောကတွေ အကြီးအကျယ် ရောက် နေရတဲ့အချိန်တွင် နှစ်သက်ရာဆီမှ ဖုန်းဝင်လာသည်။

''ဦးချစ်မြတ်သူ''

''ဟင် ရာ မင်းဘယ်မှာလဲ၊ မင်္ဂလာပွဲချိန် လွဲနေပြီ လေ၊ မင်း ဘာတွေဖြစ် နလဲ ရာ၊ ကိုယ်လာခဲ့မယ်၊ မင်းအခု

အားလုံး အဆင်သင့် ရောက်နေကြပြီဖြစ်လေသည်။ မင်္ဂလာအချိန် ကျရောက်နေပြီဖြစ်ကြောင်း အခမ်းအနားမှူးက လာရောက် အကြောင်းကြား၏။ သတို့သား ချစ်မြတ်သူက ပျာယာခတ်သွား ရလေတော့သည်။

''ရာရော ရာ၊ ဘာဖြစ်လို့ မလာသေးတာလဲ၊ သတို့သမီး ဘယ်မှာပြင်ဆင်နေတာလဲ၊ မည်သူ့အိမ်မှာလား၊ မဖြစ်နိုင်ပါဘူး၊ နှစ်သက်ရာက သူငယ်ချင်းအိမ်မှာ ပြင်မှာတဲ့၊ ဘယ်လိုလုပ်မလဲ''

ချစ်မြတ်သူ ဘာလုပ်ရမှန်း မသိဘဲ ပျာယာခတ်သွား ရသည်။ သတို့သမီး နှစ်သက်ရာ မင်္ဂလာပွဲ စတင်ချိန်အထိ ရောက်မလာပေ။ အခမ်းအနားမှူးက ဘယ်လိုလုပ်မလဲဟု မေးနေ၏။ သူ ဘာဆက်လုပ်ရမလဲ။ ရာ အန္တရာယ်တစ်ခုခုနဲ့များ ရင်ဆိုင်ကြုံတွေ့နေရလား။ စိန်တွေ ပါသွားသည်။ နှစ်သက်ရာက သူ့ကို မလိမ်တပတ်နှင့် စိန်တွေလစ်ပြေးမယ့် မိန်းကလေး မဟုတ် ပါဘူး။ နှစ်သက်ရာကို ရိုးသားဖြူစင်တဲ့ မိန်းကလေးဆိုတာ သူ ယုံကြည်နေသည်။

''ဘယ်လိုလုပ်မှာလဲ သတို့သား၊ မင်္ဂလာပွဲက ပွဲထွက် သင့်နေပြီလေ၊ ပရိသတ်တွေ လှုပ်ရှနေကြတယ်၊ သတို့သမီးက

"ရာ နှစ်သက်ရာ"

သူမ လက်ကိုင်ဖုန်းလေးကို ပိတ်ပစ်လိုက်လေသည်။ မျက်ဝန်းတွေက မာထန်နေပြီး အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။ ရှင်ကြီး အရှက်ကောင်းကောင်း ကွဲသွားပြီ မဟုတ်လား။ ကျွန်မတို့ကို အထင်သေးလွန်းတဲ့ ရှင့်လိုလူ တစ်ယောက်ရဲ့ သွားရာလမ်းပဲလေ။ ဒီကိစ္စဖြစ်လာအောင် ကျွန်မ ဘက်က စတင်တာ မဟုတ်ဘူးနော်။ ရှင့်ဘက်ကပဲ စတင်တာ။ ရှင့်ဆီကနေ ကျွန်မ ဘာအခွင့်အရေးမှ မယူခဲ့ဘူးလေ။

"ရာ"

"ဟင်"

"နင်"

"ထားလိုက်ပါ"

"ကိုချစ်မြတ်သူက နင့်ကို တကယ်ချစ်မြတ်နိုး တန်ဖိုးထားတာပါဟယ်"

"ငါသွားပြီ"

"နှစ်သက်ရာ"

သူငယ်ချင်း မိညိုရွှေမှာ ဆက်ပြီး မနေချင်တော့ပေ။

ဘယ်မှာလဲဟင်"

"ကျွန်မ ဘယ်မှာရှိနေလဲဆိုတာ မသိချင်ပါနဲ့တော့၊ ကျွန်မ ဒီမင်္ဂလာပွဲကို လာမှာ မဟုတ်တော့လို့ပါ"

"ဟင် ရာ ဘာတွေပြောနေတာလဲ၊ ကိုယ်က လူကြီးလူကောင်း တစ်ယောက်ပါ၊ မင်းလာမှဖြစ်မယ်၊ ကိုကို အရမ်းပဲ အရှက်ကွဲနေပြီ"

"အဲဒီလိုဖြစ်အောင် ကျွန်မက တမင်ဖန်တီးယူလိုက်တာလေ"

"ဘာ ဘာပြောတယ် ရာ၊ မင်းဘာတွေ ပြောနေတာလဲ"

"ကျွန်မက မြတ်နိုးဂုဏ်ရဲ့ ညီမပါ၊ ရှင့်ဆီမှာ ကိုယ်ချင်းစာစိတ်တွေ ရှိလာအောင်၊ ရိုးသားဖြူစင်တဲ့ ကျွန်မအစ်မ မြတ်နိုးရာကို အရှက်တကွဲဖြစ်အောင် ရှင်လုပ်ခဲ့တာတွေရောအတွက် ရှင့်အရှက်သိက္ခာတွေ ပြန်လည်ပေးဆပ်သင့်တယ် မဟုတ်လား၊ ကျွန်မကို မျှော်မနေပါနဲ့တော့၊ ရှင့်ဆီက ယူသွားတဲ့ပစ္စည်းတွေနဲ့ ငွေတွေ ကျွန်မ ဘဏ်တစ်ခုမှာ အပ်ထားတယ်၊ ရှင့်နာမည်နဲ့ အပ်ထားတာမို့ သွားထုတ်ယူလိုက်ပါ ဘိုင့်ဘိုင်"

လက်ထပ်ဖို့ သဘောတူပြီလို့ ဖုန်းဆက်တယ်လေ"

"ရှင်"

"မင်း အံ့သြသွားလား၊ ကိုကို နောင်တရနေတာ ကြာပြီကွ၊ ဘာဖြစ်လို့လဲတော့ မသိဘူး၊ ကိုယ်ချင်းစာတတ်လာပုံပဲ"

သူမ ဘာဆက်ပြောရမှန်း မသိအောင်ပင် ကြက်သေသေသွားလေသည်။ နှုတ်ခမ်းသားလေးတွေပင် တဆတ်ဆတ် တုန်ရီချင်လာရတော့၏။ ဘာတွေဖြစ်ကုန်ပြီလဲ။ ကိုသင့်မြတ်သူကို ကြောင်ငေးစွာ ကြည့်မိနေသည်။

"ဟို စင်ဒီနဲ့ အစ်ကိုသင့်မြတ်သူ လက်ထပ်မှာ မဟုတ်ဘူးလားဟင်"

"မဟုတ်ပါဘူးကွာ၊ အစောကြီးထဲက ကိုကိုကလည်း လက်ထပ်ပွဲကို ဖျက်ပေးခဲ့တာပါ။ ညီသဘောဆန္ဒအတိုင်းပဲ လုပ်ပါတဲ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကမှ မြတ်နိုးရာနဲ့ ကိုကို သဘောတူပါပြီတဲ့၊ လက်ထပ်ကြပါတဲ့"

"ဟင်"

"အစ်ကို အခုထိ ကိုကို့ဆီ မရောက်သေးဘူး၊ လေယာဉ်ကွင်းက ဆင်းဆင်းချင်း မြတ်နိုးရာဆီ လာခဲ့တာ၊ မြတ်နိုးရာကို

ရာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးပစ်ချင်လာရလေသည်။ ဘာဖြစ်လို့ ဝမ်းနည်း ကြေကွဲနေရတာလဲ။ နှစ်သက်ရာ နင်ဝမ်းသာပြီး အော်ဟစ် ရယ်မောပစ်ရမှာလေ။ ဦးချစ်မြတ်သူ ဘယ်လောက် အထိ အရှက်ကွဲသွားရပြီလဲ။ သူပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ တိုးဝင်ရပ်တည်နိုင်စွမ်းတောင် ရှိမှာ မဟုတ်ဘူး။ ကောင်းတယ်။ ကျွန်မအရမ်းမျော်တယ်။ သူမ ခန္ဓာကိုယ်လေးကို အနိုင်နိုင် သယ်ယူပြီး သူမနေထိုင်ရာ အိမ်လေးဆီ ပြန်လာခဲ့လေသည်။ အိမ်ရှေ့မှာ ကားတစ်စီး ရပ်နေ၍ သူမ အထိတ်တလန့် ဖြစ်သွားရ၏။ ဘယ်က ကားလဲ။ ဦးချစ်မြတ်သူ ကားတော့ မဖြစ်နိုင်ပေ။ ဒီနေရာကိုမှ မသိတာပဲ။ အခုလောက်ဆိုရင် ဦးချစ်မြတ်သူ အရူးတစ်ဝိုင်း ဖြစ်နေလောက်ပါပြီ။ သူမအိမ်ပေါ်ရောက်တော့ မမချစ်သူ ကိုသင့်မြတ်သူကို တွေ့လိုက်ရလေသည်။

"ဟင်"

မမ မျက်နှာပေါ်မှာ ပီတိအပြုံးတွေ ဖြာဝေနေသည်ဖြစ်၍ သူမ အံ့သြသွားရသည်။

"နှစ်သက်ရာ မင်းရောက်လာတာနဲ့ အတော်ပဲ၊ ကိုကို က လွန်ခဲ့တဲ့ တစ်ပတ်လောက်တည်းက ညီနဲ့ မြတ်နိုးရာကို

ဝမ်းသာ ပျော်ရွှင်သွားစေချင်လို့ပါ၊ ဒီအိမ်လိပ်စာတောင် အတော်လေး ရှာရတာ၊ အခု မြတ်နိုးရာကိုခေါ်ပြီး ကိုကိုနဲ့ သွားတွေ့မလို့လေ''

''ရှင်''

သွားပါပြီ။ သူမ ဘာမှ မစဉ်းစားမဆင်ခြင် လုပ်ခဲ့တာတွေအားလုံး အမှားအယွင်းတွေ ဖြစ်ခဲ့ရပြီပဲ။ ကိုသင့်မြတ်သူနဲ့ မမက အဆင်ပြေနေပြီ။ ဟိုမှာ ကိုချစ်မြတ်သူက ရုပ်ကြောင့် အကြီးအကျယ် အရှက်တွေ ကွဲနေရပြီပဲ။ ဘယ်လိုလုပ်ရမလဲ။ မင်္ဂလာပွဲကိစ္စတွေနဲ့ အလုပ်တွေရှုပ်ပြီး မပြောပြတာပဲဖြစ်မယ်။ သွားပါပြီ။ သူမ ခေါင်းထဲမှာ ချာချာလည်အောင် မူးနောက်သွားပြီး ခန္ဓာကိုယ်လေးကိုပင် မတ်တည် ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ လဲပြိုကျသွားလေသည်။

''နှစ်သက်ရာ မင်း သတိရသွားပြီလား''

''အင်း''

''ရာ''

သူမနှင့် အရင်းနှီးဆုံး အသံချိုအေးအေးလေးက သူမနှင့် အနီးကပ်ဆုံးမှ ကြားလိုက်ရလေသည်။ သူမ မျက်ခွံလေးတွေကို

အားယူ၍ ဖွင့်ကြည့်လိုက်မိ၏။ သူမ ကောင်းကောင်း သတိရပါပြီ။ သူမ မျက်နှာလေးပေါ်သို့ အုပ်မိုးထားတဲ့ မျက်နှာတစ်ခုကို တွေ့ရပြီး အထိတ်တလန့်နဲ့ထပြီး ထွက်ပြေးချင်စိတ်တွေပင် ပေါက်လာရတော့သည်။

''ဟင် ဦးချစ်မြတ်သူ''

''ကိုကိုပါ''

''ရှင် ကျွန်မ ကျွန်မ ဘယ်ရောက်နေတာလဲ''

''ဆေးခန်းလေ၊ မင်း အရမ်းအားနည်းပြီး သတိလစ်သွားလို့ ဆေးခန်းရောက်နေတာ''

''ဟို ဟို မမရော၊ ကျွန်မ ကျွန်မလေ..''

''ရာ''

''ရှင်''

''ကိုကို့ကို အရှက်ခွဲပစ်လိုက်လို့ မင်းအစ်မအတွက် အထိတ်တလန့် ဖြစ်နေတာလားကွာ၊ ကိုစ္စမရှိပါဘူး၊ ကိုကိုက မင်းဘာပဲလုပ်လုပ် ဘယ်လိုပဲ ပြုမူပါစေ ကိုကို စိတ်မဆိုးပါဘူးကွာ၊ မင်းကို ချစ်မြတ်နိုးနေဆဲပါပဲ''

''ရှင်''

ကိုကို့ကို သူမ အထိတ်တလန့်နှင့် မော့ကြည့်နေမိလေသည်။ နားလည်ခွင့်လွှတ်ပြီး ချစ်မြတ်နိုးစွာ အကြင်နာမျက်ဝန်းတွေနှင့် ကြည့်နေ၏။ ရာ နည်းနည်းလေး အသက်ရှူချောင်သွားသလိုပင်။ ရာ့လက်လေးကို သူက ဆုပ်ကိုင်ဖျစ်ညှစ်ထားလေသည်။

"ရာ"

"ရှင်"

"အစောကြီးကတည်းက မြတ်နိုးရာရဲ့ ညီမလေးလို့ ထင်မိသားပဲ၊ ကိုကိုလည်း အရမ်းချစ်မိသွားပြီး သတိလစ်သွားရတယ်ကွာ"

"ကျွန်မ ကျွန်မ တောင်းပန်ပါတယ်၊ ကိုကို ဟို ကိုကို့ဘက်က မမအပေါ် နားလည်ကိုယ်ချင်းစာမှု မရှိသေးဘူး ထင်လို့ပါ၊ ဟိုလေ"

"ရာ"

"ဟင်"

"ကိုကို့ကို ချစ်လား"

နှစ်သက်ရာရဲ့ နူတ်ခမ်းလေး ပြုံးယောင်သမ်းသွားလေ

သည်။ မျက်နှာဖြူဖြူနုနုလေးပေါ်မှာ ပန်းနရောင် ရှက်သွေးလေး ပြေးသွားရ၏။ ကိုကို့မျက်နှာကို မြတ်နိုးစွာ ကြင်နာစွာ ကြည့်နေမိသည်။

"ကိုကို့ကို ရာချစ်ပါတယ်၊ ဟိုအရင်ကတည်းက ရာ့နှလုံးသားတွေထဲမှာ ကိုကို့ကို ချစ်မြတ်နိုးမိနေတာပဲ"

"ရာရယ်"

သူမအား ချစ်မြတ်နိုးလွန်းသော ယောကျ်ားတစ်ယောက်ဲ့ ရင်ခွင်ထဲသို့ အားကိုးတကြီး တိုးဝင်ဖက်တွယ်ထားလိုက်မိလေသည်။

သင်မြတ်နိုး